www.burmeseclassic.com

တရုတ်သိုင်း

# နေလင်းအောင်

# သရဖူငြင်းသော သိုင်းကောရာဇ်

တွဲ ၅



www.burmeseclassic.com

## အခန်း(၁)

## နှစ်ပွင့်တစ်ခိုင်

"တုံ… တုံ… တုံ… တုံ… တုံ"

အဝေးမှ အုန်းမောင်းခေါက်သံ ငါးချက်ထွက်ပေလာလေ၏။

ချူကွန် အိပ်မပျော်သေးပါ။ သူသည် နောက်ဘက်သို့လှည့်ကြည့်ရာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော လုံကုကိုတွေ့ရလေ၏။

ချူကွန်သည် အိပ်မရသဖြင့် အခန်းတံခါးကို ဖြည်းညင်းစွာဖွင့်ပြီး အပြင်သို့ထွက်လေ၏။ ထို့နောက် ပြန်စေ့ထားလိုက်သည်။

သူသည် ဆိုင်အပြင်သို့ ထွက်လေတော့၏။ ဆိုင်၏အပြင်ဘက်တွင် မီးအိမ်တစ်လုံးစီ ချိတ်ဆွဲထားလေ၏။

မြစ်ကမ်းအတွင်း၌ လှေအသွားအလာ မရှိတော့ချေ။

လရောင်အောက်၌ အရာအားလုံးငြိမ်သက်နေလေပြီ။

အဝေးသို့မျှော် ကြည့်လိုက်သောအခါ ညို့မှောင်နေသောတောင်တန်းကို ပန်းချီကားတစ်ချပ်ပမာ တွေ့ရလေ၏။

ချူကွန်သည် လန်းဆန်းသောလေကို ရှူရှိုက်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာက ပြည်မကိုပဲလွမ်းနေတာပဲ၊ ပြည်မရဲ့ရှုမျှော်ခင်းက ဒီနေရာထက် ပိုလှလို့လား မသိဘူး"

ထိုစဉ် ခေါင်မိုးပေါ်၌ ပြေးလွှားသွားသော လူရိပ်များကို တွေ့လိုက်ရတော့သည်။

ချူကွန် အံ့ဩသွားသည်။ အဘယ်သူများသည် ခေါင်မိုးပေါ်၌ပြေးလွှားနေရသနည်း။ ညကြီးအချိန်မတော် ပြေးလွှားနေသူများကို ချူကွန်တွေ့ မြင်ချင်လာသည်။

ချူကွန်သည် ခေါင်မိုးပေါ်သို့ အဆင့်နှစ်ဆင့်မျှ ခုန်ပြီး တက်လိုက်၏။ ရှေ့မှပြေးနေသူများမှာ ကိုယ်ဖော့ပညာအဆင့်မြင့်ပါသည်။

ထို့နောက် တစ်နေရာအရောက်တွင် ရပ်သွားပါသည်။ နောက်မှ ချူကွန်လည်း အလျှင်အမြန်ပုန်းကွယ်လိုက်၏။

ရှေ့တွင် ရပ်နေသူနှစ်ယောက်မှာ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း တွေ့ရှိရ၏။ သို့သော် မျက်နှာများကိုမူ အသေအချာမတွေ့ရချေ။ ချူကွန်သည် ပုန်းကွယ်နေမှ ကြည့်နေ၏။

အမျိုးသားသည် တစ်စုံတစ်ခုကို မသင်္ကာဟန်ဖြင့် ရုတ်တရက် လှည့်ကြည့်၏။ ချူကွန် အလျှင်အမြန် ပုန်းကွယ်လိုက်ရသည်။

မည်သူ့ကိုမျှ မတွေ့ရသဖြင့် သူသည်လှည့်၍ အမျိုးသမီးနှင့် စကားပြောနေလေတော့၏။

ချူကွန်သည် ဤနှစ်ယောက်အကြောင်း ဆရာကြီးလုံကုအား ပြန်ပြောင်းပြောပြမည်ဟု တေးမှတ်ထားလေ၏။

အတန်ကြာ စကားပြောပြီးနောက် ထိုနှစ်ယောက်သည်



လမ်းခွဲကြလေသည်။

အမျိုးသမီးသည် ငှက်ကလေးပမာပေါ့ပါးစွာ ပြေးလွှားထွက်ခွာသွားလေ၏။ အမျိုးသမီး၏ခန္ဓာကိုယ်မှာ သေးသွယ်ကျစ်လျစ်သဖြင့် မိုလင်းနုဖြစ်မည်ဟု ခန့်မှန်းလေသည်။

အမျိုးသားသည် အမျိုးသမီးပြေးထွက်ရာကို ကြည့်နေ၏။ သူသည် လက်ထဲ၌ရှိသော အရာတစ်ခုကို ခုတ်ကစားနေ၏။

ချူကွန် အံ့ဩသွား၏။

"ဒီလူ ဘာလုပ်နေတာလဲ"

ထိုစဉ် ထိုလူသည် သက်ပြင်းချပြီး ချူကွန် ပုန်းကွယ်သည့်နေရာသို့ ထွက်လာလေတော့၏။ ထိုအခါမှ ထိုလူကို ချူကွန်တွေ့ရှိရတော့သည်။

သူ့လက်ထဲ၌ ငွေပြားတစ်ပြားရှိနေပြီး သူဆော့ကစားနေသည်မှာ ထိုငွေပြား ဖြစ်နေသည်ကို ချူကွန်တွေ့ရှိရလေ၏။

ထိုလူကား ချိစိန်၏တပည့် ကျင်းချန်းစန်း ဖြစ်နေသတည်း။

ချူကွန်သည် ပုန်းကွယ်ရန် မလိုအပ်တော့ချေ။ ထို့ကြောင့် ထရပ်လိုက်ရ၏။ ကျင်းချန်းစန်းသည် လန့်သွားသည်။

"ဘယ်သူလဲ"

"ဟား... ဟား... ဟား... ငါ့တောင် မမှတ်မိတော့ဘူးလား"

"ဘယ်သူလဲ... ဘယ်သူလဲ"

ချူကွန်သည် လရောင်၌ထွက်ရပ်လိုက်၏။

"ဟောဗျာ... ချူကွန်ပါလား"

ကျင်းချန်းစန်း၏အသံသည် ဝမ်းသာသောလေသံသို့ ပြောင်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုကနေ ဒီကိုရောက်လာတာလဲ၊ ရောက်နေတာ တော်တော်ကြာပြီလား"

ချူကွန်က....

"ငါ ရောက်နေတာ တော်တော်ကြာသွားပြီ။ မင်းနဲ့ အမျိုးသမီးတစ်ယောက် စကားပြောနေတာကို ငါ မြင်ရတယ်"

ကျင်းချန်းစန်းသည် ထိတ်ထိတ်ပျာပျာဖြစ်သည်ကို အံ့ဩသွားလေ၏။ သူက ခေါင်းယမ်းပြသည်။

"မင်းတို့ကိုမြင်ရပေမယ့် ဝေးနေလို့ ဘာမှမကြားရပါဘူး"

ကျင်းချန်းစန်းက စိတ်သက်သာရာ ရသွားဟန်ဖြင့် သက်ပြင်းချလိုက်၏။

ချူကွန်က....

"အဲဒီအမျိုးသမီးက ဘယ်သူလဲ"

ကျင်းချန်းစန်းသည် ခေတ္တမျှစဉ်းစားပြီးနောက်....

"ငါ့ ဆရာက တာဝန်တစ်ခုပေးလိုက်လို့ ဆောင်ရွက်ပြီးအပြန်မှာ ငါ့မိတ်ဆွေနဲ့တွေ့နေရလို့ စကားပြောနေတာပါ"

ကျင်းချန်းစန်း မပြောချင်မှန်းသိ၍ ချူကွန်က ဆက်မမေးတော့ပါ။

"ဒါနဲ့ မင်းဆရာ ရောက်နေပြီလား"

ကျင်းချန်းစန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ဆရာလဲ ပါလာတယ်၊ မင်း လိုက်ဦးမလား"

ချူကွန်က....

"မလိုက်တော့ပါဘူးကွာ၊ ဒီလိုဆိုရင် တို့ ဆင်းကြမယ်"

သူတို့သည် ပြောပြီးသည်နှင့် အောက်သို့ခုန်ဆင်းလိုက်ကြ



၏။ သူတို့သည် လျှောက်လာရာ ချူကွန်တည်းခိုရာ နတ်ရေကန်တည်းခိုခန်းဆီသို့ ရောက်ရှိလာကြ၏။

ချူကွန်က **အပေါ်ထပ်သို့ညွှန်ပြပြီး....**

"ငါနဲ့ ငါ့ဆရာက **အခန်းကိုးမှာ နေတယ်**"

"ဟာ... ဒါဖြင့် **ငါလဲဝင်ပြီး ဂါရဝပြုဦးမှာ**"

"ဂါရဝမပြုနဲ့... ဆရာ အိပ်နေတယ်။ နက်ဖြန်မှ လာခဲ့ပေါ့"

ကျင်းချန်းစန်းသည် နတ်ရေကန်တည်းခိုခန်း အောက်ထပ်သို့ လက်ညှိုးထိုးပြပြီး....

"ငါလဲ ဒီမှာနေတယ်ကွ... လာ"

ထို့ကြောင့် ချူကွန်လည်း အဆောက်အအုံ အောက်ထပ်သို့ ဝင်ရလေတော့သည်။ ကျင်းချန်းစန်းက တံခါးဖွင့်ပြီး ဝင်သွား၏။

"လာလေ ချူကွန်"

ချူကွန် ဝင်လိုက်ရသည်။ ချူကွန်က....

"ဒါနဲ့ မင်းတို့က ဘယ်တုန်းက ရောက်လာကြတာလဲ"

"ငါတို့ရောက်နေတာ နှစ်ရက်ရှိပြီ။ မင်းတို့ကော"

"ငါနဲ့ ငါ့ဆရာ ညနေတုန်းကမှ ဒီကိုရောက်လာတာ"

နံရံပေါ်၌ ဓားတစ်လက်ချိတ်ဆွဲထားသည်ကိုကြည့်ပြီး ချူကွန်က ဆက်မေးလိုက်၏။

"ဒီဓားက မင်းသုံးတဲ့ ဓားလား"

"ဟုတ်တယ်"

ကျင်းချန်းစန်းသည် မီးအိမ်မီးစာကိုမြှင့်လိုက်သည်။

ထိုအခါ မှ တစ်ခန်းလုံး လင်းလင်းရှင်းရှင်းဖြစ်သွားသည်။

ကျင်းချန်းစန်း၏ လက်ထဲမှ ငွေပြားမှာ ကြီး[illegible]လေးပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ငွေပြားဆွဲကြိုးလေး ဖြစ်သည်။

ထိုငွေပြားဆွဲကြိုးကို ချူကွန် ကောင်းစွာတွေ့မြင်သွား၏။

ထိုငွေပြားသည် အလွန်လှပပြီး အလွန်တန်ဖိုးရှိသည်ကို ခန့်မှန်းမိသည်။

"မင်း လက်ထဲက ငွေပြားဆွဲကြိုးကလေးက ဘယ်သူ့ဆွဲကြိုးလေးလဲဟင်"

ကျင်းချန်းစန်းသည် ထိုငွေပြားကို မသိမ်းဆည်းမိသည်ကို အပြစ်တင်မိလိုက်လေ၏။ ယခုမှတော့ မတတ်နိုင်တော့ပေ။

"မိတ်ဆွေတစ်ယောက်က အပ်သွားတာပါ၊ တော်ကြာ ပြန်ယူမှာပါ"

ကျင်းချန်းစန်းက လိုးလွှဲပြောသော်လည်း သူ့ချစ်သူက အမှတ်တရပေးသွားသည့်ပစ္စည်းဖြစ်မည်ဆိုသည်ကို ချူကွန် ခန့်မှန်းမိလေသည်။ ချူကွန်က ဆက်မမေးတော့ပါ။

"မင်းတို့ရောက်နေတာ နှစ်ရက်ရှိပြီလို့ပြောတယ်၊ ဘယ်ကိုရောက်ခဲ့သေးသလဲ"

ကျင်းချန်းစန်းက....

"အီငွေ့ရေကန်ကို ရောက်ခဲ့တယ်"

"ဟင်... အီငွေ့ရေကန် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုနေသလဲဟင်"

"ငါတို့က နယ်မြေအနေအထားကို သွားကြည့်တာပါ"

"ဆက်ပြောပါဦး"

"ရေကန်က အကျယ်ကြီးပဲ၊ အဲဒီရေကန်နားမှာ ဒေသခံ

BURMESE CLASSIC



တွေ နေထိုင်ကြတယ်"

"ရေကန်က တော်တော်ကျယ်တာပေါ့နော်"

"ကျယ်တာတော့ မပြောနဲ့၊ ငါတို့ပြည်မက ရေကန်တွေထက်တောင် သာတယ်၊ လှလဲလှတယ်"

"တုထိပါးအိမ်ကော တွေ့ခဲ့ရဲ့လား"

"တွေ့ခဲ့တာပေါ့"

"အိမ်ရဲ့အနေအထားက ဘယ်လိုရှိသလဲ"

ကျင်းချန်းစန်းက လက်ဖြင့်ဝိုက်ပြသည်။

"အိမ်က ကြီးကျယ်လိုက်တာ မပြောပါနဲ့တော့၊ ဒေသခံလူတွေက တုထိပါးကို တရားပေါက်တဲ့ ပုဂ္ဂိုလ်တစ်ဦးလို ကြည်ညိုနေတာကွ"

ချူကွန်မှာ လွန်စွာ စိတ်ပါဝင်စားသွားသည်။

"မင်းတို့ အိမ်ထဲဝင်ကြသေးသလားဟင်"

ကျင်းချန်းစန်းက ခေါင်းယမ်းလိုက်၏။

"မဝင်ခဲ့ဘူး၊ ငါတို့က အဝေးကနေ ကြည့်ခဲ့တာ"

"အာ... ဝင်မှပေါ့ကွာ၊ မင်းဆရာကတော့ ဝင်မယ်နဲ့တူပါတယ်"

"သူနဲ့ငါနဲ့ တူတူသွားတာပဲကွာ၊ သူကလဲ မဝင်ပါဘူး၊ အားလုံးနဲ့တိုင်ပင်ပြီးမှ ဝင်ကြမယ်လို့ ပြောတယ်"

ချူကွန် စိတ်ပျက်သွားသည်။

"ဒီလိုဆိုတော့ မင်းတို့ တုထိပါးနဲ့ မတွေ့ခဲ့ဘူးပေါ့"

"ငါတို့အိမ်ထဲမှ မရောက်တာပဲ၊ တုထိပါးကို ဘယ်လိုတွေ့နိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချူကွန်က ခေါင်းတယမ်းယမ်းနှင့် ညည်းညူလိုက်သည်။

"ဒီလိုဆိုရင် ယင်းလူးနဲ့ မိုလင်းနတို့ကိုလဲ မတွေ့ခဲ့ဘူးပေါ့"

ကျုံင်းချင်းစန်းက ခေါင်းကုတ်သွားသည်။

"မိုလင်းနကို မတွေ့ဘူး။ ယင်းလူးဆိုတာတော့ ငါ မသိဘူး။ အိမ်ထဲမှ မရောက်တာ။ ဘယ်လိုလုပ် တွေ့နိုင်မှာလဲကွာ"

သူသည် ဆက်ပြောလိုက်၏။

"မင်းက ကိုရင်ဝတ်နဲ့သာ ဆိုတယ်၊ အမျိုးသမီး အများကြီးနဲ့ သိနေပါလား။ အခုလို လူဝတ်နဲ့ဆိုရင်တော့ ပြောမနေနဲ့တော့"

ချူကွန်သည် စကားမပြောဘဲ တစ်စုံတစ်ခုကို စဉ်းစားနေသည်။ ခဏကြာတော့မှ ခေါင်းမော့ပြီးပြောသည်။

"သိုင်းပညာရှင်အားလုံး ရောက်နေကြပြီလို့ ပြောတယ်၊ ဟုတ်ရဲ့လား"

"ဟုတ်တယ်ကွ"

"ငါတော့ တစ်ယောက်မှ မတွေ့ပါလားကွာ"

ကျုံင်းချွန်းစန်းက....

"ထိတိနဲ့ သူ့တပည့်က သူတို့မိတ်ဆွေတွေဆီမှာ တည်းခိုကြတယ်၊ လျူဟုလျူနဲ့ငှါဆရာကတော့ အတူတူ အရက်သောက်နေကြတယ်၊ ငှါဆရာကတော့ မိတ်ဆွေ အပေါင်းအသင်းမရှိရင် မနေနိုင်တဲ့လူကွ"

"ဘာဘဝမ်ကျောင်းကော"

"ဘာဘဝမ်ကျောင်းကတော့ လျှောက်သွားနေတာပဲ"

"လူမားတစ်ယောက်ကော"

ကျုံင်းချွန်းစန်းက....

BURMESE CLASSIC



"လူမားကတော့ မြောက်ဘက်မှာ နေတယ်"

ချူကွန် သိချင်သည်မှာ စုစုအင်းအကြောင်း ဖြစ်သည်။ သူသည် ကျွေ့ဝိုက်၍ မေးနေရသည်။

"ဒါနဲ့ စုစုအင်းကော ပါသေးလား"

ချူကွန်သည် မေးပြီးမှ မလုံမလဲဖြစ်ကာ ခေါင်းငုံ့မိလေ၏။ ထူးဆန်းသည်မှာ ချူကွန် မလုံမလဲဖြစ်သလို ကျုံင်းချွန်းစန်းသည် မလုံမလဲဖြစ်သွားရခြင်းပေတည်း။

ကျုံင်းချွန်းစန်းသည် ချူကွန်၏အမူအရာကို မရိပ်မိချေ။

ကျုံင်းချွန်းစန်း အဖြေမပေးနိုင်သဖြင့် ချူကွန်သည် ကျုံင်းချွန်းစန်းအား လှမ်းကြည့်မိလေ၏။

ကျုံင်းချွန်းစန်းမှာ ထစ်ထစ်ငေါ့ငေါ့ဖြင့် ဖြေသည်။

"သူ... သူနဲ့... တစ်ခါ... တစ်ခါတော့ ဆုံခဲ့ဖူးပါတယ်"

ချူကွန်သည် ကျုံင်းချွန်းစန်း မလုံမလဲဖြစ်နေသဖြင့် ဆက်မမေးတော့ချေ။

အဖြစ်မှန်မှာ ဤသို့တည်း။ စုစုအင်းနှင့် ချူကွန်တို့သည် ခြောက်လလုံးလုံး မတွေ့ရသောကြောင့် စိုးရိမ်ပူပန်နေသည်။ ထိုအချိန်၌ စုစုအင်းမှာ ကျုံင်းချွန်းစန်းနှင့် သံယောဇဉ်ငြိတွယ်သွားလေပြီ။

ချစ်မေတ္တာ၏ဝေဒနာကို ခံစားခဲ့ရသော်လည်း စုစုအင်းသည် ချူကွန်အပေါ်အထင်လွဲ၍ ကျုံင်းချွန်းစန်းအပေါ် သံယောဇဉ်ငြိတွယ်ခဲ့လေသည်။

အမှန်မှာ ခေါင်မိုးပေါ်၌ စကားပြောခဲ့သူမှာ စုစုအင်းပင် ဖြစ်လေ၏။ စုစုအင်းရော မိုလင်းနပါ နှစ်ယောက်စလုံး သေသေသားသားသွယ်သွယ်များ ဖြစ်ကြသဖြင့် ချူကွန်မှာ စုစုအင်းအား မိုလင်းနဟု

www.burmeseclassic.com

www.burmeseclassic.com



အထင်မှားသွားခြင်း ဖြစ်ပေသည်။ မျက်နှာကိုမတွေ့လိုက်ရခြင်းက ချူကွန် အထင်မှားစရာ ဖြစ်သွားခဲ့သည်။

ဤသို့ဖြင့် ချူကွန်နှင့် ကျင်းချန်းစန်းတို့သည် စကားမပြောမိဘဲ တိတ်ဆိတ်နေကြတော့သည်။

ကျင်းချန်းစန်းက အပျင်းတစ်ချက်ဆန့်လိုက်ပြီး....

"ကနေ့ညတော့ ငါတို့နှစ်ယောက် အတူတူအိပ်ကြတာပေါ့"

ချူကွန်က ခေါင်းယမ်းသည်။

"ငါ မအိပ်တော့ဘူးကွာ၊ ဆရာ့ကို စောင့်ရဦးမယ်၊ ဆရာ့ကို ဒီအတိုင်းထားပစ်ပြီး ထွက်လာခဲ့တာတောင် လွန်လှပြီ"

သူသည် ပြောပြောဆိုဆို ထရပ်လေ၏။

"ဒါဖြင့် မိုးလင်းမှပဲ တို့ အခန်းကို လာခဲ့မယ်"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ"

သူသည် အပေါ်ထပ်သို့ တက်လာခဲ့တော့၏။

ကျင်းချန်းစန်းသည် တံခါးကို အသာအယာ ပိတ်လိုက်လေ၏။ လက်ထဲမှ ငွေဆွဲပြားလေးကို မျက်စိရှေ့တွင် လှုပ်ယမ်းရင်း ငေးကြည့်နေသည်။ အတန်ကြာမှ သူသည် ခေါင်းကိုမော့လိုက်၏။

သူ၏မျက်ဝန်းအစုံမှာ စူးရှတောက်ပလာသည်။

"ငါ သူ့ကိုရအောင် ယူမယ်"

ကျင်းချန်းစန်းသည် ပြတ်သားသောလေသံဖြင့် ပြောလိုက်လေ၏။





အခန်း (၂)

အိဋ္ဌေါရေကာန်သို့

ချူကွန် မိမိအခန်းသို့ရောက်သောအခါတွင် လုံကုကို မတွေ့ရတော့ပေ။ စားပွဲပေါ်၌ စာရွက်တစ်ရွက်ကိုသာ တွေ့ရသည်။

"ချူကွန်....

ငါ ကိစ္စတစ်ခုဆောင်ရွက်ဖို့သတိရတာနဲ့ ထွက်သွားတယ်၊ သန်ဘက်ခါမနက်မှ ပြန်လာမယ်၊ မင်း ပျင်းနေရင် ဒီတည်းခိုခန်းကို ဗဟိုပြုပြီး အနီးအနားမှာ သွားလည်ပါ၊ ဝေးဝေးမသွားပါနဲ့၊ အိဋ္ဌေါရေ ကန်ကို လုံးဝမသွားရဘူး။

လုံကု"

သူသည် စာကိုဖတ်ပြီးနောက် မီးစာကိုလျှော့ချလိုက်သည်။ ခုတင်ပေါ်သို့တက်၍ လဲလျောင်းလိုက်သည်။

သူသည် နဖူးပေါ်လက်တင်၍ သူ့မိခင်အကြောင်း စဉ်းစားလိုက်သည်။ သူသည် သူ့မိခင်က ဖခင်ကိုလုပ်ကြံခဲ့သည်ကို ပြန်လည် စဉ်းစားနေလေ၏။

"ငါ့အမေဟာ ဒီမှာနှစ်ပေါင်းများစွာ နေထိုင်ခဲ့တာ၊ သူ ဘာဖြစ်လို့ အဖေ့ကိုလုပ်ကြံလိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် နည်းလမ်းအမျိုးမျိုးကို စဉ်းစားသော်လည်း အမေ က အဖေ့ကိုလုပ်ကြံလိုက်ခြင်းအတွက် သက်သာရာ သက်သာကြောင်းနည်းလမ်းကို စဉ်းစား၍မရချေ။

အဝေးမှ ကြက်တွန်သံကြားသောအခါ သူအိပ်ပျော်သွားလေတော့သည်။ နောက်တစ်နေ့တွင် နေအတော်မြင့်မှ ချူကွန် အိပ်ရာမှထလေ၏။

ဆိုင်လုလင်က ရေဇလုံနှင့် ရေနွေးကြမ်းများလာရောက်ချပေးလေသည်။ ဆိုင်လုလင်သည် ခေါင်းတုံးနှင့်ချူကွန်ကိုကြည့်ပြီး ကိုရင်လေး ဖြစ်ခဲ့မည်ဖြစ်ကြောင်း သိသည်။ သူသည် ကိုရင်များကို လေးစားသူဖြစ်သည်။

"ညီ့သည်က ကိုရင်ဝတ်ခဲ့တာကိုး"

ဆိုင်လုလင်က ပြောလိုက်၏။ ချူကွန်က ဝန်ခံမိလိုက်၏။

"ဟုတ်ပါတယ်"

"ဘယ်ကျောင်းမှာ ဝတ်တာလဲ"

"ချင်းကုန်းဘုရားကျောင်းမှာပါ"

ဆိုင်လုလင်သည် ပို၍ လေးစားသွား၏။

ထိုအချိန်၌ ချူကွန်သည် ကိုယ်လက်သန့်စင်ပြီးဖြစ်၍ ဆိုင်လုလင်လာရောက်ချထားပေးသည့် ဆိတ်နို့ကိုယူ၍ သောက်လိုက်သည်။ ထိုစဉ် ကျင်းချန်းစန်းလည်း တံခါးဖွင့်၍ ဝင်ရောက်လာလေတော့၏။

"လာ... ထိုင်"

ချူကွန်က ပြောလိုက်၏။ ကျင်းချန်းစန်းက....

"ဆရာကော"



"ဆရာ အပြင်ထွက်သွားတယ်"

"ဒါဖြင့် တို့ ထွက်လည်ရအောင်"

"ကောင်းတယ်... ထွက်လည်ကြမယ်"

ကျန်သောဆိတ်နို့ကို ချူကွန်သည် သောက်လိုက်လေ၏။ ပြီးစီးသောအခါ ကျင်းချန်းစန်းနှင့်အတူ အပြင်သို့ထွက်လည်လေတော့၏။

ဤဆိပ်ကမ်းမြို့လေးမှာ အတော်စည်ကားသည်။ ချူကွန်သည် ခမောက်ဆောင်း၍ ကျင်းချန်းစန်းနှင့်အတူ လမ်းမအတိုင်းထွက်လာသည်။ လမ်းမကြီးတစ်ခုလုံး လူများတိုးဝှေ့သွားလာနေကြသည်။ ချူကွန်က....

"ငါတို့ ဘယ်သွားရင် ကောင်းမလဲ"

ကျင်းချန်းစန်းက....

"ငါတို့ အီငေါ့ရေကန်ကိုသွားကြရင် ကောင်းမယ်ထင်တယ်"

"ဟင့်အင်း... ငါ့ဆရာက မသွားရဘူးလို့ပြောထားတယ်"

ထိုစဉ်....

"ချူကွန် ဘယ်တုန်းက ရောက်သလဲ"

ဝေကုံး၏အသံပင် ဖြစ်တော့သည်။

ချူကွန်သည် အပေါင်းအသင်းဟောင်းများနှင့် တွေ့ရသဖြင့် ဝမ်းသာသွား၏။

"ဝေကုံးပါလား၊ ငါတို့ မနေ့ကပဲ ရောက်တယ်"

သူတို့သုံးယောက်သည် ပျော်ရွှင်စွာ ဆက်လက်လျှောက်သွားကြလေ၏။ ချူကွန်က....

"မင်းဆရာကော"

www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်ကွ၊ သူ့သူငယ်ချင်းတစ်ယောက်အိမ်မှာ တည်းတယ်"

"မင်းတစ်ယောက်တည်း ထွက်လာတာ မင်းတစ်ယောက်တည်း ထွက်လည်မလို့လား"

ဝေကိုးက ရယ်သည်။

"ဟုတ်တယ် ထွက်လည်မလို့၊ မင်းတို့နှစ်ယောက်နဲ့တွေ့တော့ ဟန်ကျသွားတာပေါ့"

"အခုလို ငါတို့သုံးယောက်ဆုံရတာဟာ ဝမ်းသာစရာကောင်းတယ်"

ထိုအခါ ကျင်းချွန်းစန်းက ဝင်ပြောလိုက်သည်။

"ကဲ… ငါတို့ ဘယ်ကိုသွားကြမလဲ"

ဝေကိုးက….

"ငါတို့ အီငေါ့ရေကန်ကိုသွားရင် မကောင်းဘူးလား"

ကျင်းချွန်းစန်းက ရယ်မောလိုက်၏။

"ငါ အခုတင် ပြောနေသေးတယ်၊ ချူကွန်က မသွားဘူးပြောနေလို့"

ဝေကိုးက ချူကွန်အား လှမ်းကြည့်ပြီး….

"ဘာဖြစ်လို့ မင်းက မသွားရတာတုန်း"

ချူကွန်က….

"ဆရာက မသွားဖို့မှာခဲ့လို့ပါ"

ဝေကိုး စိတ်ဓာတ်ကျသွား၏။

"မင်းဆရာကလဲ ဝိတ်ပင်လိုက်တာကွာ၊ ငါတို့ ဆရာကတော့ သွားချင်ရာသွားပဲ၊ စုစုအင်းတောင် သွားပြီ၊ မင်းတို့မသွားရင် ငါတော့ တစ်ယောက်တည်း သွားမယ်"

စုစုအင်းအကြောင်း ကြားလိုက်ရသောအခါ ချူကွန်နှင့်ကျင်းချွန်းစန်းတို့ မျက်နှာပျက်သွားတော့သည်။ ချူကွန်က….

"မင်း တကယ်ပြောတာလား"

"ငါက ဘာဖြစ်လို့ လိမ်ရမှာလဲကွ၊ လိမ်စရာအကြောင်းမှ မရှိတာ၊ စုစုအင်း သွားတာ လိမ်စရာမှမဟုတ်တာ"

ချူကွန်သည် အတော်ကြာကြာ စဉ်းစားပြီးမှ ခေါင်းမော့လိုက်သည်။

"ကောင်းပြီ… အီငေါ့ရေကန်ကို တစ်နေ့မဟုတ် တစ်နေ့သွားရမှာပဲ၊ အခု ငါတို့သွားကြမယ်"

ဝေကိုးက လက်ခုပ်တီးလိုက်၏။

"ဒီလို သတ္တိရှိမှပေါ့၊ ငါတို့ဟာ ယောကျ်ားပဲ၊ နေရာတိုင်း ဆရာကို အားကိုးနေလို့ ဘယ်ရမှာလဲ"

သူသည် ပြောပြောဆိုဆိုနှင့် ချူကွန်နှင့် ကျင်းချွန်းစန်းတို့၏ လက်ကိုဆွဲကာ ပြေးထွက်သွားလေတော့၏။ အတန်ကြာ ပြေးလွှားပြီးသောအခါ ကျင်းချွန်းစန်းက ခြေကိုစုံကန်ရပ်လိုက်သဖြင့် ဝေကိုးက မေးလေ၏။

"ဘာဖြစ်လို့ မင်းက ရပ်ရတာလဲ"

ကျင်းချွန်းစန်းက….

"ငါတို့ မသွားရင်ကောင်းမယ် ထင်တယ်"

ချူကွန်က….

"ဘာဖြစ်လို့လဲ"

"မင်းဆရာ လိုကုဟာ သူပြောတဲ့စကားကို နားမထောင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ပြစ်ဒဏ်ခတ်တယ်မဟုတ်လား၊ တော်ကြာ သူ စိတ်ဆိုးသွားဦးမယ်၊ မသွားတာ ကောင်းပါတယ်ကွာ"

ချူကွန်က ကျင်းချန်းစန်းအား ပြုံးပြလိုက်ပြီး....

"စိတ်မပူပါနဲ့ကွာ၊ မင်းလိုပဲ တုထိပါးကို အဝေးက အကဲခတ်ကြည့်မှာပါကွ၊ ဆရာသိသွားလဲ အပြစ်ယူမှာ မဟုတ်ပါဘူး"

ကျင်းချန်းစမ်းသည် တတ်နိုင်သမျှ တားဆီးပါသော်လည်း ချူကွန်က လက်မခံသဖြင့် ခေါင်းညိတ်လိုက်ရတော့သည်။ သူသည် ချူကွန်နှင့် စုစုအင်း မတွေ့ဆုံစေရန် ကြိတ်၍ဆုတောင်းမိလေ၏။

နောက်ဆုံး လူငယ်သုံးယောက်သည် အိင်ငေါ့ရေကန်သို့ ပျော်ရွှင်စွာ သွားရောက်ကြလေတော့၏။ ကျင်းချန်းစန်းသည် အိင်ငေါ့ရေကန်ကို တစ်ခါရောက်ခဲ့ဖူးသည်။

ထို့ကြောင့် သူက လမ်းပြခေါ်သွားလေ၏။ သူသည် ကောင်းကင်ကိုမော့ကြည့်ပြီး....

"မင်းတို့လျှောက်ပုံမျိုးနဲ့ဆိုရင် အိင်ငေါ့ရေကန်ကို မိုးချုပ်မှ ရောက်လိမ့်မယ်"

ချူကွန်က မျက်မှောင်ကုပ်ရင်းပြောဆိုသည်။

"ဒါလောက် လမ်းတစ်လျှောက်လုံး လူသွားလူလာများနေတာ ဘယ်လိုလုပ် ကိုယ်ဖော့ပညာသုံးလို့ဖြစ်မလဲ"

ကျင်းချန်းစန်းက ပြုံးပြီး လက်မထောင်လိုက်၏။

"ငါတို့ဖြတ်လမ်းက သွားမယ်၊ ဖြတ်လမ်းကို ငါ သိတယ်"

သူသည် လက်ျာဘက်သို့ ညွှန်ပြလိုက်၏။

"အဲဒီညာဘက်ကို ချိုးလိုက်၊ အဲဒါ ဖြတ်လမ်းပဲ"

ဝေကုံးက....



"ဖြတ်လမ်းရှိတာကို မင်းက ဘာကြောင့် မပြောတာလဲ"

ကျင်းချန်းစန်းက....

"မင်း အခုလို အပြစ်တင်မယ်မှန်း မသိရင် ငါဖွင့်မပြောပါဘူး"

ဝေကုံးက ရယ်လိုက်၏။

"ဟား... ဟား... ဟား၊ အပြစ်တင်တာ မဟုတ်ပါဘူးကွာ၊ ပြောပြတာပါ"

သူတို့သည် ညာဘက်လမ်းကလေးသို့ ချိုးကွေ့လိုက်၏။ လမ်းကလေးမှာ လူသူကင်းရှင်းပြီး အလွန်ဆိတ်ငြိမ်နေသည်။

သူတို့သည် ဆိတ်ငြိမ်သောလမ်းကလေးအတိုင်း ပြေးလွှားသွားရာ ငှက်များသည် လန့်ပျံပြေးကြလေ၏။ ဝေကုံးက....

"ငှက်တွေ ဒါလောက်များနေရင် ငှက်ဥတွေ ရှိရမယ်၊ ငါ သစ်ပင်ပေါ်တက်ပြီး ငှက်ဥနှိုက်မယ်"

ဝေကုံးသည် သစ်ပင်ပေါ်တက်ရန် ဟန်ပြင်လိုက်၏။ သူ့ကို ချူကွန် ဆွဲထားရသည်။

"တက်မနှိုက်ပါနဲ့တော့ကွာ၊ ငါတို့ အိင်ငေါ့ရေကန်ကိုသွားတာ နောက်ကျသွားလိမ့်မယ်"

"မင်းက ကိုရင်ဝတ်ခဲ့ဖူးတော့ သူ့အသက်သတ်ရမှာကို ကြောက်နေလို့ မဟုတ်လား"

"မဟုတ်ပါဘူးကွာ၊ အိင်ငေါ့ရေကန်ကို စောစောရောက်ချင်လို့ ပြောနေတာပါ၊ ငါတို့ အိင်ငေါ့ရေကန်ကို မြန်မြန်ရောက်ချင်လို့ ဖြတ်လမ်းကိုတောင် ရွေးခဲ့ပြီးပြီမဟုတ်လား"

"ဟား... ဟား... ဟား၊ ကဲ... မနှိုက်တော့ပါဘူးကွာ

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် သူတို့သုံးယောက်သည် အီငေါ်ရေကန်သို့အပြေးကလေး သွားနေကြတော့၏။ သူတို့သုံးယောက်သည် ရင်ဘောင်တန်းပြေးနေကြခြင်းမဟုတ်ပါ။ ရှေ့ဆင့်နောက်ဆင့် ပြေးနေကြခြင်းဖြစ်ပါသည်။ ရှေ့ဆုံးမှ ချူကွန်၊ အလယ်မှ ကျင်းချန်းစန်း၊ နောက်ဆုံးမှ ဝေကိုး ဖြစ်သည်။

"ချူကွန်... မင်း ဘာဘာကျန်ဝမ်း တစ်ယောက်ကော နေကောင်းရဲ့လား"

ကျင်းချန်းစန်းက မေးလိုက်ခြင်းဖြစ်သည်။

ဝေကိုးကလည်း....

"ငါတို့လဲ မရောက်တာ ကြာပြီ၊ သူ့ကျန်းမာရေးအခြေအနေကောင်းရဲ့လား"

ချူကွန်သည် သက်ပြင်းတစ်ချက်ချလိုက်၏။

"အရင်အတိုင်းပါပဲကွာ၊ ကြာရင် မလွယ်ပါဘူး"

ချူကွန်သည် ခြေလှမ်းရပ်သွားလေ၏။ ကျင်းချင်းစန်းနှင့် ဝေကိုးတို့လည်း ရပ်တန့်သွားလေသည်။ သူတို့သည် ရင်ဘောင်တန်း၍ ဆက်လျှောက်သွားကြ၏။ ဝေကိုးက....

"ယန်းပု အခြေအနေရော"

ချူကွန်က....

"သူတောင် လိုက်မလို့၊ ဘာဘာကျန်ဝမ်းက သူ့ကိုခေါ်စေချင်တာ၊ ဆရာက သူ့ကိုသုံးလကြာမှ လိုက်ခဲ့ဖို့ ပြောခဲ့ရတာ"

ကျင်းချန်းစန်းနှင့် ဝေကိုးတို့ခြေလှမ်းရပ်သွားလေ၏။ ချူကွန်က မေးလိုက်သည်။

"မင်းတို့ ဘာဖြစ်လို့ ခြေလှမ်းရပ်သွားရတာလဲ"



ဝေကိုးက....

"နောက် သုံးလကြာမှဟုတ်လား၊ သူက ဘာလိုက်လုပ်မှာလဲ"

ချူကွန်က ရှင်းပြလိုက်၏။

"သူက အနီရောင်ဒေါင်းမွေးကို ယူဖို့လေ"

ကျင်းချန်းစန်းက....

"သူက သုံးလကြာမှ အနီရောင်ဒေါင်းမွေးကို ယူမယ်၊ ငါတို့က ဘာဖြစ်လို့ အစောကြီး ရောက်နေရတာလဲ"

ချူကွန်က....

"အခြေအနေလေ့လာရအောင်နဲ့ တူပါတယ်"

"မဟုတ်သေးပါဘူးကွာ။ ငါတော့ ထူးဆန်းတယ်လို့ ထင်မိတယ်"

ကျင်းချန်းစန်းက ပြောလေသည်။ ဝေကိုးကလည်း....

"ဟုတ်တယ်... ဒီအချက်က စဉ်းစားစရာပဲ"

ချူကွန်က....

"ရက်စွဲတော့ မမှားနိုင်ပါဘူး။ ဆရာပြောပြတဲ့အချိန်အတိုင်းဆိုရင် သုံးလတောင် လိုသေးတာပဲ၊ အခုလို စောစောထွက်လာတာ တခြားအကြောင်းရှိလို့နဲ့ တူပါတယ်"

သူတို့သုံးယောက်သည် ထိုကိစ္စကိုစဉ်းစား၍ မရတော့ချေ။

ချူကွန်က....

"ငါတို့ဆရာတွေ စီစဉ်ကြတဲ့ဥစ္စာ၊ တပည့်တွေက ဘာမှဝင်စွက်ဖက်စရာအကြောင်း မရှိဘူး။ သူတို့လုပ်သမျှ လိုက်လုပ်ရုံပဲ၊ ငါ... ငါတို့ခရီးကိုပဲ ဆက်သွားကြစို့"

www.burmeseclassic.com

www.burmeseclassic.com



လှငယ်သုံးယောက်သည် အိုင်ငေါ့ရေကန်သို့ဆက်သွားကြလေ၏။ နှစ်နာရီခန့်ကြာသောအခါ အိုင်ငေါ့ရေကန်သို့ရောက်ရှိသွားကြလေ၏။

တောအုပ်တစ်ခုကိုဖြတ်ကျော်လိုက်သောအခါ အလွန်လှပသော ရေကန်တစ်ကန်၏မြင်ကွင်းသည် သူတို့မျက်စိတွင်း ဝင်လာလေ၏။ ထိုသို့မြင်လိုက်သောအခါ ရေကန်၏မြင်ကွင်းက လှငယ်သုံးယောက် ညို့ယူဖမ်းစားထားလေ၏။

ကြည်လင်ပြာလဲ့သောရေပြင်သည် ငြိမ်သက်နေ၏။ တိမ်တောင်တိမ်ရိပ်များသည် ရေထဲ၌ အရိပ်ထင်နေသည်။ သစ်ရွက်ကြွေများသည် ရေပြင်ပေါ် ဝေ့ဝဲကျနေသည်။ ရေကန်၏ တစ်ဖက်ကျွန်းကလေး၏ အရိပ်သည် ရေထဲ၌ထင်ဟပ်နေသည်။

လေတစ်ချက် တိုက်ခတ်လိုက်သောအခါ ရေကန်ဘေးမှ သစ်ပင်များသည် ယိမ်းထိုးသွားလေ၏။ ရေထဲမှ အရိပ်များသည်လည်း ယိမ်းထိုးသွားသည်။

ပန်းချီကားတစ်ချပ်ပမာ လှပသော သဘာဝရှုခင်းကို လှငယ်သုံးယောက်သည် ငေးမောမိကြလေတော့၏။

"ဒါလောက်လှတဲ့နေရာမှာ ဒုစရိုက်ကောင်တစ်စုနေထိုင်တော့ မကောင်းပါဘူး"

ချူကွန်က ပြောလိုက်သည်။ ထိုစဉ် ခေါင်းလောင်းသံများကို ကြားလိုက်ရလေတော့သည်။ ချူကွန်က ပီတိဖြစ်သွား၏။

"ဟောဗျာ... ဒီအနီးနားမှာ ဘုရားကျောင်းကလဲ ရှိသေးတာကိုး"

ကျင်းချုန်းစန်းနှင့် ဝေကုံးတို့သည် တစ်ယောက်မျက်နှာတစ်



ယောက်ကြည့်ပြီး ပြုံးလိုက်မိလေ၏။

"မင်းကလဲကွာ... လှဝတ်လဲပြီးမှ ဘုန်းကြီးကျောင်းကို တမ်းတနေရသေးတယ်"

ချူကွန်က....

"ငါ လှဝတ်လဲထားပေမယ့် အချိန်တန်ရင် ဘုရားကျောင်းကိုပြန်သွားမှာကွ"

ကျင်းချုန်းစန်းက....

"အခု ငါတို့ရောက်နေတဲ့နေရာဟာ တုထိပါး နေထိုင်တဲ့နေရာရဲ့ အနောက်ဘက်ဖြစ်တယ်၊ ဒါကြောင့် ငါတို့အရှေ့ဘက်ကိုသွားကြည့်ရအောင်"

ဝေကုံးက....

"ဟုတ်တယ်... ဒါကြောင့်လား မသိဘူး။ မင်းပြောတဲ့ ခြံဝင်းကျယ်ကြီးဆိုတာကို လုံးဝမတွေ့ရဘူး"

ကျင်းချုန်းစန်းက ပြုံးလိုက်သည်။

"ငါ့ဆရာက ပြောတော့ သူဟာ ရေကန်ရဲ့အနောက်ဘက်မှာ နေတယ်လို့ပြောတယ်၊ ဒါပေမယ့် သူ့ရဲ့အိမ်ကတော့ ရေကန်ရဲ့ ရှေ့ဘက်က ကြည့်မှတွေ့ရတယ်၊ ဒါကြောင့် ငါ အံ့ဩနေတယ်"

ကျင်းချုန်းစန်းသည် ကန်ဘောင်မှ ရေကန်အရှေ့ဘက်သို့ ပတ်၍ လျှောက်တော့သည်။ ဝေကုံးက....

"ဟေ့... ချူကွန်၊ အခု ငါတို့ရေကန်ကို တပတ်ပတ်တယ်ဆိုရင် 'ကိုလ' ဖြစ်မနေဘူးလား"

'ကိုလ'ဆိုသည့် စင်းကျန်လူမျိုးတို့၏ ဘာသာရေး ထုံးစံတစ်ခုပင်ဖြစ်သည်။ စင်းကျန်လူမျိုးများသည် ပြစ်မှုကျူးလွန်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



ထို အပြစ်မှ ပြစ်မှုလျော့ပါးစေရန် ရေကန်ကို တစ်ပတ်ပတ်၍ မိမိ၏ အပြစ်ကို ခွင့်လွှတ်ရန်ဆုတောင်းလေ့ရှိသည်။

ဤသည်ကို 'ကိုလ'ဟု ခေါ်ခြင်းဖြစ်သည်။

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... တွေ့နေတယ်"

ချူကွန်က ကျင်းချွန်းစန်း နားလည်အောင် စင်းကျန်လူမျိုးတို့၏ ဓလေ့ထုံးစံကို ရှင်းလင်းပြောပြရသည်။

တစ်နာရီနီးပါး လျှောက်ပြီးသောအခါ ရေကန်၏အရှေ့ဘက်သို့ ရောက်ရှိလာကြတော့၏။ သူတို့သည် ရပ်ပြီးကြည့်ရှုကြသည်။ အဆောက်အအုံများစွာကို တွေ့ရသည်။ ထိုအဆောက်အအုံများနှင့် မလှမ်းမကမ်း၌လည်း ဘုရားကျောင်းတစ်ဆောင်ကိုလည်း တွေ့ရသည်။

ချူကွန်သည် ထိုဘုရားကျောင်းကို ငေးမောကြည့်ရှုနေမိလေ၏။ ကျင်းချွန်းစန်းက လက်ညှိုးထိုးပြပြီး....

"ဟိုမှာ... တုထိပါးရဲ့အိမ်ပေါ့"

ချူကွန်နှင့် ဝေကုံးတို့သည် ကျင်းချွန်းစန်းညွှန်ပြသောနေရာသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။ ထိုကုန်းမြေ၏အတွင်းဘက်၌ အဆောက်အအုံတစ်ခုကို တွေ့မြင်ရတော့သည်။ ထိုအဆောက်အအုံ၏ တည်ဆောက်ပုံမှာ အလွန်တရာကြီး ကျယ်ခမ်းနားလှလေ၏။

ဝေကုံးက အတန်ကြာကြည့်ပြီး....

"ကြည့်စမ်း... ဒီလူကြီးက အတော်ဓိမ်ခံပါလား။ ဒီနေရာမျိုးမှာ ဒီလိုအဆောက်အအုံမျိုးနဲ့နေနိုင်တာ တော်တော်ကို မဆိုးတာပဲ၊ ဒီအဆောက်အအုံက နန်းတော်နဲ့ပြိုင်ရင် နန်းတော်က အရှုံးပေးရလိမ့်



မယ်ထင်တယ်"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... သူကတော့ စင်းကျန်နယ်ရဲ့ သန်းကြွယ်သူဌေးပဲ"

"အဲဒီအိမ်ကြီးကို လှေစီးပြီး သွားကြည့်ကြမယ်၊ ရေကန်ထဲမှာ လှေစီးကြသလိုပေါ့"

ဝေကုံးက ပြောလိုက်သည်။

ကျင်းချွန်းစန်းက....

"မသွားပါနဲ့၊ ချူကွန်ရဲ့ဆရာက သေသေချာချာမှာထားလျက်နဲ့ အဲဒီကိုသွားတာဟာ မကောင်းပါဘူး"

ချူကွန်ကတော့ တုထိပါး အိမ်သို့မသွားချင်ပါ။ ဘုရားကျောင်းဆီသို့သာ သွားချင်နေသည်။

ချူကွန်က....

"မသွားတာ ကောင်းပါတယ်"

ဝေကုံးက မဲ့ရွဲ့လိုက်ပြီး....

"မင်းတို့နဲ့လာရတာ အတော် စိတ်ကုန်ဖို့ကောင်းတယ်၊ ယောက်ျားနဲ့ကိုမတူဘူး"

ကျင်းချွန်းစန်းသည် ခံပြင်းလာလေ၏။

"ကောင်းပြီ... ဒါဖြင့်ရင် သွားမယ်၊ တစ်ခုခုဖြစ်ရင် ဘယ်သူက ပြန်ပြေးလာတယ်ဆိုတာ စောင့်ကြည့်ကြတာပေါ့"

သူသည် ပြောရင်း ကမ်းစပ်ဆီသို့ ဆင်းသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

### ကွဲကြေသွားသောအသည်းနှလုံး

ကမ်းစပ်တွင် လှေတစ်စင်းရှိရာ ကျင်းချွန်းစန်းသည် ထိုလှေပေါ်တက်ထိုင်လိုက်လေ၏။ လှေသမားသည် ချူကွန်နှင့်ဝေကိုးတို့ကို စောင့်နေသည်။ ချူကွန်နှင့် ဝေကိုးတို့တက်ရောက်ပြီးသောအခါ ကျင်းချွန်းစန်းက ပြောလိုက်၏။

"ကျုပ်တို့ တစ်ဘက်ကမ်းကိုသွားမလို့ လိုက်ပို့စမ်းပါ"

ချူကွန်သည် ကျင်းချွန်းစန်း ဒေါသထွက်နေသည်ကိုကြည့်ပြီး ရယ်မောမိလေ၏။ ကျင်းချွန်းစန်းသည် ကလေးတစ်ဦးကဲ့သို့ ဒေါသထွက်နေသည် မဟုတ်ပါလော။

ဝေကိုးက ကျင်းချွန်းစန်း၏ပခုံးကိုပုတ်ကာ....

"အစ်ကိုလေး စိတ်ဆိုးသွားပြီလား"

ကျင်းချွန်းစန်းသည် စကားတစ်ခွန်းမျှမပြောဘဲ မလှုပ်မယှက် ထိုင်နေသည်။

ချူကွန်သည် အမှတ်မထင် ကျင်းချွန်းစန်း၏ မျက်နှာကို ကြည့်လိုက်ရာ သူ့မျက်လုံးအစုံသည် ရှေ့သို့စူးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေ၏။



တစ်ဘက်ကုန်းပေါ်တွင် အနက်ရောင်အင်္ကျီကိုဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် တောအုပ်ထဲဝင်သွားသည်ကို တွေ့လိုက်ရသည်။ ထိုမိန်းကလေးမှာ စုစုအင်းဖြစ်ကြောင်း ချူကွန် တွေ့ရှိလိုက်ရလေ၏။

ချူကွန်၏ရင်ထဲ၌ ထူးခြားသော ခံစားမှုတစ်ခုကိုခံစားလိုက်ရလေသည်။ ကျင်းချွန်းစန်းအား ထပ်မံကြည့်လိုက်ရာ စုစုအင်း ဝင်သွားသည့် သစ်တောဆီသို့သာ ငေးကြည့်နေကြောင်း တွေ့ရလေ၏။

ချူကွန်သည် အလွန်ဉာဏ်ကောင်းသူဖြစ်သည့်အတိုင်း ကျင်းချွန်းစန်း ငေးကြည့်နေသည်ကိုတွေ့သည်နှင့် ချက်ချင်းနားလည်သဘောပေါက်သွားလေတော့သည်။

"ဩော်... ညတုန်းက သူနဲ့စကားပြောတဲ့မိန်းကလေးက စုစုအင်းကိုး"

သူသည် ကျင်းချွန်းစန်း၏လက်ထဲမှ ငွေဆွဲပြားကိုအမှတ်ရလာသည်။

"အင်း.. ဒီငွေဆွဲပြားကလေးကလဲ စုစုအင်းက ပေးခဲ့တာကိုး"

သူသည် ပထမဦးဆုံးအကြိမ်အဖြစ် မနာလို ဝန်တိုစိတ်ဖြစ်ပေါ်ခဲ့လေ၏။ သူသည် စုစုအင်းကိုချစ်ခဲ့သည်။ သူချစ်သော စုစုအင်းက တစ်ပါးသူကိုချစ်သောအခါ ရင်ပွင့်မတတ်ခံစားရတော့သည်။

ဝေကိုးက သူတို့နှစ်ဦးကိုကြည့်ပြီး....

"ဘယ်လိုဖြစ်တာလဲ၊ စကားလဲ မပြောကြပါလား"

ချူကွန်နှင့် ကျင်းချွန်စန်းတို့သည် တစ်ယောက်မျက်နှာတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကြည့်မိကြ၏။ ထို့နောက် ကျင်းချွန်းစန်းက ခေါင်းငုံ့သွားသည်။ ချူကွန်က ဝေကုံးအား ပြောလိုက်သည်။

"ရေကန်ရဲ့ ရှုမျှော်ခင်းက သိပ်လှတယ်မဟုတ်လား၊ ငါတို့ကြည့်ရင်း ငေးမောမိသွားတာပေါ့"

သူတို့လှေသည် တစ်ဘက်ကမ်းသို့ထိုးစိုက်လေ၏။ သူတို့သည် လှေစီးခပေးလိုက်ပြီး ကမ်းပေါ်သို့တက်လာကြသည်။

ခပ်လှမ်းလှမ်းတွင် ကုန်းမြင့်တစ်ခုကိုတွေ့ရပြီး လမ်းဖြူဆိုင်းဘုတ်တစ်ခု ထောင်ထားသည်ကို တွေ့ရသည်။

"တိုနီချိုပါဘုရားကျောင်းသို့ သွားရန်...."

ချူကွန်က....

"တုထိပါးအိမ်ကို ငါ မလှေလာချင်ပါဘူး ဘုရားကျောင်းကိုပဲ သွားချင်တယ်၊ မင်းတို့ လိုက်ကြမလား"

ဝေကုံးက....

"မင်းတစ်ယောက်တည်းပဲ သွားပါ၊ ငါတို့ ဒီက စောင့်နေမယ်"

ကျင်းချွန်းစန်းက....

"ငါနဲ့ ဝေကုံးက ဒီက စောင့်နေမယ်၊ မင်း မြန်မြန်ပြန်ခဲ့နော်"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ငါ အမြန်ဆုံး ပြန်လာပါ့မယ်"

ချူကွန်သည် တောင်ကုန်းဆီသို့ပြေးတက်သွားလေတော့၏။ ဤလမ်းမှာ ခက်ခဲသောလမ်းဖြစ်သဖြင့် ဘုရားဖူးများ သွားလာလေ့မရှိသော လမ်းဖြစ်ပုံရသည်။

လမ်းတစ်ဖက်တစ်ချက်၌လည်း သစ်ပင်များ ထူထပ်စွာ



ပေါက်နေကြသည်။ ချူကွန်သည် လူသူမရှိသဖြင့် ကိုယ်ဖော့ပညာကိုသုံး၍ ပြေးလွှားလိုက်လေ၏။

ရေနွေးအိုးတစ်လုံးကျက်ခန့်ကြာသောအခါ တိုနီချိုပါဘုရားကျောင်းသို့ ချူကွန် ရောက်ရှိသွားလေတော့၏။

ယင်းဘုရားကျောင်းသည် ချင်းကုန်းဘုရားကျောင်းထက်များစွာ ငယ်သော်လည်း တည်ဆောက်ပုံမှာ တစ်ပုံစံတည်းဖြစ်နေသည်။ ချူကွန်သည် ပြေးရှိန်ကိုရပ်လိုက်ပြီး လှေကားထစ်အတိုင်းအပေါ်သို့တက်လာလေ၏။

ထိုစဉ် ကိုရင်လေးတစ်ပါးက သူ့အား ကြိုဆိုသည်။

"ဒကာလေး တစ်ယောက်တည်းလား"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... တစ်ယောက်တည်းပါ"

ကိုရင်က....

"ကျောင်းဝင်းထဲကို ဝင်ခဲ့ပါ"

ချူကွန်သည် ကိုရင်နှင့်အတူ ကျောင်းဝင်းထဲ ဝင်လိုက်သည်။ ကိုရင်က လက်ယာဘက် လမ်းတစ်လမ်းကိုညွှန်ပြပြီး....

"ဒကာလေး... နောက်တစ်ခါလာရင် ဒီဘက်က လာပါ၊ လမ်းလဲ ကောင်းတယ်၊ ပိုလဲ နီးပါတယ်၊ ဘုရားဖူးကွေ အများဆုံး ဒီလမ်းက လာကြတာပဲ"

ကိုရင်လေး ညွှန်ပြသည့်လမ်းသည် အမှန်တကယ်ပင် ကောင်းသည်။ ဘုရားဖူးများ ဥဒဟိုတက်နေကြသည်။

ချူကွန်က ပြုံးပြီး....

"ကိုရင် တခြားဧည့်သည်တွေကိုသွားပြီး ကြိုဆိုဦး၊ တ

www.burmeseclassic.com

www.burmeseclassic.com



ပည့်တော်အတွက် တာဝန်မကြီးပါစေနဲ့၊ တပည့်တော် ကိုယ့်ဟာကိုယ် လျှောက်ကြည့်ပါ့မယ်"

ကိုရင်သည် ခေါင်းညိတ်ပြီး ဖွက်ခွာသွားသည်။

ချူကွန်သည် ကျောင်းဝင်းထဲ လှည့်ပတ်ကြည့်ရှုနေသည်။ ထိုဘုရားကျောင်းသည် ချင်းကုန်းဘုရားကျောင်းကိုတုချ၍ တည်ဆောက်ထားခြင်းဖြစ်ပုံရသည်။ ထိုစဉ် ဘုရားဖူးများ အဆက်မပြတ်ရောက်ရှိလာတော့ သည်။

ချူကွန်သည် ဆင်းတုတော်တစ်ခုရှေ့သို့ မနည်းတိုးဝင်ရှိခိုးရသည်။

"တပည့်တော်သည် အကြောင်းအမျိုးမျိုးကြောင့် လူ့ဝတ်လဲခဲ့ရသော်လည်း ကိစ္စအဝဝပြီးဆုံးသွားတာနဲ့ ချင်းကုန်းဘုရားကျောင်းသို့ ပြန်ရောက်ရပါလို၏ဘုရား"

ချူကွန်သည် အိတ်ထဲ၌ပါလာသော ရွှေတုံးကလေးများထဲမှ တစ်တုံးကိုယူ၍ လှူဒါန်းလိုက်လေ၏။

"ဒီလူက ဘယ်က ခားပြတိုက်လာမှန်း မသိဘူး"

ကိုရင်နှစ်ပါးသည် တွတ်ထိုး၍ ပြောဆိုနေကြလေ၏။

ကိုရင်တစ်ပါးက....

"ဟုတ်လိမ့်မယ်ကွ... ခားပြတိုက်လာတဲ့ ရွှေတုံးဖြစ်လိမ့်မေ့သ်"

အခြားကိုရင်တစ်ပါးက....

"ဒီလိုဆိုရင် သူလှူတဲ့ရွှေဟာ ကုသိုလ်ရနိုင်ပါ့မလား"

ထိုအချိန်တွင် ဘုန်းတော်ကြီးနှစ်ပါးက ကိုရင်လေးနှစ်ပါးအား လက်ယပ်ခေါ်လိုက်သဖြင့် ကိုရင်လေးများသည် ဘုန်းတော်



ကြီးဆီသို့ ထွက်သွားရလေ၏။ ထိုစဉ် ဘုရားဖူးများ ပို၍ပို၍ များပြားလာသည်။

ချူကွန် အံ့သြရလေ၏။ ဤဘုရားကျောင်းသည် ချင်းကုန်းဘုရားကျောင်းကို တုချ၍ဆောက်ထားသဖြင့် ဝါနုလှပေသည်။ သို့စင်လျက် ဘုရားဖူးများသည် ချင်းကုန်းဘုရားကျောင်းထက် မနည်းကြောင်းတွေ့ရှိနေရပေသည်။ သူတွေးတောနေစဉ် ကျောင်းဝင်းအတွင်းသို့ မိန်းကလေးတစ်ဦးဝင်လာကြောင်း တွေ့ရှိရလေ၏။

ချူကွန်မှာ ရင်တထိတ်ထိတ် ခုန်သွားသည်။ ထိုမိန်းကလေးသည် သူ့အသည်းနှလုံးထဲသို့ ပထမဆုံးတိုးဝင်လာသည့် စုစုအင်းဖြစ်နေသောကြောင့်တည်း။

စုစုအင်းသည် ချူကွန်လေ့ပေါ်တွင် လှမ်းတွေ့လိုက်သည့်အတိုင်း အနက်ရောင်အင်္ကျီကိုဝတ်ဆင်ထား၏။ ချူကွန်သည် လွန်စွာစိတ်လှုပ်ရှားလာသည်။ သို့သော် လည်ချောင်းတွင် တစ်ခုခုတစ်ဆို့နေသည့်အလား ထုတ်ဖော်ပြောဆို၍မရဘဲ ဖြစ်နေသည်။

သူ၏ခြေလှမ်းများမှာလည်း မလှမ်းနိုင်ဘဲ ဖြစ်နေသည်။ တစ်စုံတစ်ခုက ဆွဲထားသည့်အလား ဖြစ်နေသည်။

စုစုအင်း၏မျက်နှာတွင် လွှမ်းအုပ်ထားသောစာပဝါမှာ ပို၍ထူလာသည်ဟု ထင်ရလေ၏။ ပို၍ပို၍ လှို့ဝှက်လာသည်ဟု ချူကွန် ထင်မိလေသည်။

သူမသည် **အလှူငွေထည့်သည့်**ငွေပုံးထဲသို့ ငွေတုံး(၂၀)ခန့်ထည့်လိုက်သဖြင့် **ဘေးမှရပ်ကြည့်နေသော** ကိုရင်လေးများ အံ့သြသွားသည်။ **သူမသည် အမွှေးတိုင်၊** ဖယောင်းတိုင်များနှင့်ဘုရားအား ရှိခိုးကန်တော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း... လျှပ်ဒါန်းတဲ့နေရာမှာတော့ ရက်စက်တယ်"

ချူကွန် တွေးနေလေ၏။

စုစုအင်းသည် ဒူးတုပ်ပြီး ဆုတောင်းနေသည်။ မျက်ရည်များသည် ဇာပဝါအတွင်းမှ စီးကျနေသည်။ ချူကွန်အံ့သြသွားသည်။

"သူ့မှာ ဝမ်းနည်းစရာအကြောင်းရှိနေတာကိုး"

စုစုအင်းသည် အတန်ကြာ ရှိခိုးကန်တော့ပြီးနောက် မတ်တတ်ထရပ်လိုက်၏။ ထို့နောက် မျက်ရည်များကိုသုတ်ပြီး ထွက်ခွာသွားသည်။ သူမသည် သူမကို ရပ်ကြည့်နေသော ချူကွန်ကို မမြင်ဘဲ ထွက်ခွာသွားခြင်းဖြစ်သည်။

ချူကွန်သည် ကမန်းကတန်း လိုက်သွားရလေ၏။

"စုစုအင်း... ခဏစောင့်ပါဦး"

မမျှော်လင့်ဘဲ နာမည်ကိုခေါ်လိုက်မှုကြောင့် စုစုအင်းသည် အံ့သြသွားလေ၏။ ထို့ကြောင့် လှည့်ကြည့်လိုက်မိသည်။ သူမ ပို၍ အံ့သြသွားသည်။

ကိုယ်ကာယကြံ့ခိုင်ပြီး ရုပ်ရည်ချောမောသော လူငယ်တစ်ယောက်ကို တွေ့မြင်လိုက်ရ၍ ဖြစ်သည်။ သို့သော် မကြာမီ မှတ်မိလိုက်လေ၏။ သူမ အသည်းနှလုံး၌ စိုးမိုးထားသော ချူကွန်ဖြစ်နေသည် မဟုတ်ပါလား။

ချူကွန်သည် သူမရှေ့သို့ ရောက်ရှိလာလေ၏။ သူ၏မျက်နှာတစ်ပြင်လုံး နီရဲနေသည်ကိုတွေ့ရသည်။ ထို့နောက် သူသည် မောဟိုက်စွာ အသက်ရှူနေရသည်။

သူတို့သည် ခြောက်လကျော်ခွဲခွာပြီးနောက် သူတို့နှစ်ယောက်သည် အနည်းငယ်စိမ်းလာကြ၏။ တစ်ဦးနှင့်တစ်ဦး အတန်ကြာ ရပ်ကြည့်နေကြသော်လည်း စကားမပြောမိကြချေ။



စုစုအင်း၏မျက်နှာ၌ ဇာပဝါဖုံးလွှမ်းထားခြင်းကြောင့် မျက်နှာပျက်မပျက်မသိရသော်လည်း ချူကွန်ကား မျက်နှာပျက်နေ၏။

အတန်ကြာမှ စုစုအင်းက ခက်ခက်ခဲခဲပြောလိုက်ရ၏။

"ချူကွန်... နေကောင်းသလားဟင်"

သူမ၏အသံသည် တိမ်ဝင်သွား၏။

ချူကွန်ကလည်း ခြောက်ကပ်စွာ ပြောလိုက်၏။

"နေကောင်းပါတယ်၊ မတွေ့တာတောင် တော်တော်ကြာသွားပြီနော်"

စုစုအင်းက ခေါင်းညိတ်လိုက်၏။

"မတွေ့တာ အတော်ကြာပြီ၊ ကျွန်မတို့ အလုပ်များနေကြတာကိုး"

ချူကွန်က....

"ကျုပ် လူဝတ်လဲလိုက်ပြီ"

စုစုအင်းက အံ့သြခြင်းမဖြစ်ပါ။

"ကျွန်မ သိပါတယ်၊ ရှစ်လဆယ့်ငါးရက်နေ့မှာ လူထွက်တာမဟုတ်လား"

စုစုအင်းသည် မိမိအကြောင်းကိုသိနေသဖြင့် ချူကွန်ဝမ်းသာသွားသည်။ ထို့နောက် သူတို့နှစ်ယောက်သည် အတန်ကြာ စကားမပြောဘဲ ရပ်နေမိကြလေ၏။ အတန်ကြာမှ စုစုအင်းက....

"ကျွန်မ ပြန်တော့မယ်၊ ဆရာမကြီး စောင့်နေတယ်"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ကျုပ် လိုက်ပို့မယ်လေ၊ လမ်းမှာ သူငယ်ချင်းတွေလဲ

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေတယ်"

ထို့နောက် နှစ်ယောက်စလုံး ပူးတွဲလမ်းလျှောက်သွားကြလေ၏။ အတန်ကြာလျှောက်ပြီးနောက် စုစုအင်းသည် လမ်းဘေးရှိ ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်ချလိုက်၏။

ချူကွန်က သူမရှေ့တွင် ရပ်လိုက်သည်။

"မလာဘူး... ကျွန်မ ဘယ်တော့မှမလာတော့ဘူး"

ချူကွန် အံ့ဩသွားသည်။

"ဘာဖြစ်လို့လဲ၊ အရင်ကတော့ ခဏခဏ ရောက်နေတာပဲ မဟုတ်လား"

စုစုအင်းက ခေါင်းယမ်းလိုက်၏။

"ကျွန်မစိတ်သဘောကတော့ တစ်မျိုးရှိတယ်၊ ကျွန်မလိုချင်တာကို ကျွန်မယူသွားမှာပဲ၊ ကျွန်မကိုလိုချင်တဲ့ လူဟာလဲ ချက်ချင်းလာယူမှ ကြိုက်တယ်၊ သူများတွေ ရွေးချယ်တာမျိုးကို ကျွန်မ မစောင့်နိုင်ဘူး"

ချူကွန်မှာ စုစုအင်း၏မာနကို တွေ့မြင်သွားခွင့်ရလေ၏။

ချူကွန်မှာ မည်သည့်စကားကိုပြောရမည်မှန်း မသိဘဲ ဖြစ်နေသည်။ စုစုအင်းမှာ ချူကွန် စကားမပြောနိုင်သည်ကိုကြည့်ပြီး မိုလင်းနနှင့် အထင်လွဲသွားလေ၏။

သူမ ပို၍ စိတ်မကောင်းဖြစ်သွားသည်။

"မိုလင်းနကော ကျောင်းကို လာသေးသလား"

ချူကွန်သည် စုစုအင်းမေးသည့်သဘောကို နားမလည်ချေ။ ရိုးရိုးသားသားမေးသည်ဟု ထင်သဖြင့် ဆက်လက်ပြောပြလေသည်။

"အရင်တစ်ခါ လူချင်းကွဲသွားပြီးတဲ့နောက် တစ်ခါမှမတွေ့



တော့ပါဘူး"

စုစုအင်းသည် ငိုင်နေ၏။ ထို့နောက် ဆက်မေးလိုက်သည်။

"အဲဒီနေ့က တော်တော်ပျော်ခဲ့ရဲ့လား"

"အဲဒီနေ့က ရေကူးကြတယ်လေ၊ အဲဒီနောက် သူ့အဖေနဲ့ အမေရောက်လာလို့ သူတို့ လှေပေါ်တက်ကြတယ်"

စုစုအင်းမှာ ပို၍ စိတ်မကောင်းဖြစ်သွားသည်။

"ဒါဆို ရှင် သူ့မိဘတွေနဲ့တွေ့ခဲ့တာပေါ့"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"သူ့အဖေနဲ့တော့ မတွေ့ဘူး။ သူ့အမေကိုတော့ တွေ့တယ်"

စုစုအင်းမှာ လှိုက်လှဲစွာ ခံစားလိုက်ရသည်။ သူမက....

"ကဲ... သွားမယ်၊ ရှင့်သူငယ်ချင်းတွေ ပါသေးတယ်ဆို"

"အရေးမကြီးပါဘူး။ သူတို့က ဝေကိုးနဲ့ကျင်းချုန်းစန်းတို့ပါ"

ချူကွန်၏စကားမဆုံးမီ....

"အစ်ကိုကြီး ကျင်းချုန်းစန်းလဲ ရောက်နေတာကိုး။ လာ... ကျွန်မလဲ လိုက်ခဲ့မယ်"

စုစုအင်း၏စကားကြောင့် ချူကွန်နှလုံးသားမှာ စူးရှသော မြားချွန်ဖြင့်ထိုးလိုက်သကဲ့သို့ နာကျင်သွားလေ၏။ ကျင်းချုန်းစန်းက စုစုအင်းကိုရရှိသွားပြီဟု သူ နားလည်လိုက်တော့သည်။

သူက မချိပြုံးပြုံးပြီး ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ... ကျုပ်တို့သွားကြမယ်"

သူတို့နှစ်ယောက်မှာ ခံစားချက်ချင်း တူညီနေသည်။

စုစုအင်းက ချူကွန်နှင့် မိုလင်းနကို အထင်လွဲပြီး ခံစားနေရ

www.burmeseclassic.com

www.burmeseclassic.com



၏။ ချူကွန်ကလည်း စုစုအင်းနှင့်ကျင်းချန်းစန်းကို တစ်ဘက်သတ်အထင်အမြင်ဖြင့် အထင်လွဲနေ၏။

သူတို့သည် အပြန်လမ်းတစ် လျှောက်လုံး စကားတစ်ခွန်းမျှ မပြောမိတော့ချေ။

ကျင်းချန်းစန်းနှင့် ဝေကိုးတို့သည် အုံသြသွားကြလေ၏။ အထူးသဖြင့် ကျင်းချန်းစန်း၏မျက်နှာမှာ နီရဲသွားသည်။

ဝေကိုးက ရယ်မောလိုက်ပြီး....

"စုစုအင်းနဲ့တွေ့နေတာကိုး။ ဒါကြောင့် သူ ဒီလောက်ကြာနေတာ"

စုစုအင်းက ကျင်းချန်းစန်းအား....

"အစ်ကိုကြီး... ကျွန်မကိုလိုက်ပို့နော်"

ကျင်းချန်းစန်းက ဝမ်းသာအားရ ခေါင်းညိတ်လေ၏။

စုစုအင်းသည် ကမ်းစပ်၌ရှိသော လှေငယ်ပေါ်ကိုခုန်တက်လိုက်ပြီး....

"ကဲ... မြန်မြန်သွားမယ်"

ကျင်းချန်းစန်းက ချူကွန်အား အားတုံ့အားနာဖြစ်သော မျက်နှာဖြင့် ကြည့်သည်။ ထို့နောက် လှေငယ်ပေါ်ခုန်တက်လိုက်၏။

"သွားမယ်နော် ချူကွန်"

ချူကွန်၏အသည်းနှလုံးများသည် အစိတ်စိတ် အမွှာမွှာဖြစ်သွားရလေတော့သည်။



အခန်း(၄)

ကြေကွဲသွားသောအသည်းနှလုံးများ

ဝေကိုးသည် ထွက်သွားသော လှေငယ်ကို တမှေ့တမော ငေးကြည့်နေပြီးမှ ပြောလိုက်မိသည်။

"ဘယ်လိုဖြစ်သွားတာလဲ ချူကွန်"

ချူကွန်က ခေါင်းယမ်းလိုက်ပြီး ကြေကွဲစွာ ပြောလိုက်၏။

"မသိပါဘူးကွာ"

ဝေကိုးသည် လူကဲခတ်ပညာ၌ မညံ့ပါ။ စုစုအင်းလုပ်သွားပုံ ကိုကြည့်၍ ချူကွန်ခံစားသွားရသည်ကို သူသိသည်။

"ပြောစမ်းပါဦး... သူတို့နှစ်ယောက်က ဘယ်လိုကနေ ဘယ် လိုဖြစ်သွားတာလဲ"

ချူကွန်က မချိပြုံးပြုံးပြီး....

"မသိပါဘူးကွာ... ငါတို့တုထိပါးအိမ်ကို သွားကြည့်ကြမယ်"

ဝေကိုးက မကျေမနပ်ပြောနေ၏။

"ကျင်းချန်းစန်းကို ငါ မကျေနပ်ဘူးကွာ"

"ဘာဖြစ်လို့ မကျေနပ်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက သိလျက်နဲ့ ငါ့ကိုပြန်မေးနေတာလား"

သူက ဆက်ပြောသည်။

"စုစုအင်းနဲ့ မင်း ဘာတွေဖြစ်နေတယ်ဆိုတာ ငါလဲသိတယ်၊ သူလဲ သိတယ်၊ အခု သူက ဘာဖြစ်လို့ကြားဝင်ရတာလဲ"

ချူကွန် ရင်ထိတ်သွား၏။

"မင်း ဘာတွေလျှောက်ပြောနေတာလဲကွာ"

ချူကွန်သည် အဝေးသို့ဆွေးမြေ့စွာ ငေးမောကြည့်ရင်း....

"တစ်နေ့ကျရင် ငါ ချင်းကုန်းဘုရားကျောင်းကို ပြန်မှာပါ"

ဝေကုံး အံ့သြသွားသည်။

"ကိုရင်လုပ်ရတာ ဘာများကောင်းလို့လဲကွာ၊ မင်းက ဘာကြောင့်များ ကိုရင်ဖြစ်**ချင်နေရ**တာလဲ မသိဘူး"

သူတို့သည် **တုထိပါးနေ**တိုင်သောအိမ်သို့ လျှောက်လာကြလေ၏။ ဝေကုံးက **နောက်မှလိုက်**၍ ကျင်းချုန်းစန်းအကြောင်း မကျေမနပ် တတွတ်တွတ် **ရွတ်**နေသည်။

**ချူကွန်သည် လုံးဝနားမ**ထောင်ဘဲ တုထိပါးအိမ်ဆီသို့ တန်းတန်းမတ်မတ်**လျှောက်လေ၏။** မကြာမီ တုထိပါး၏ကြီးမားသော ခြံဝင်းကျယ်ကြီးကို တွေ့ မြင်ရလေတော့သည်။

အဆောက်အအုံကြီးကို ကျောက်တုံးကျောက် ခဲများဖြင့် ဆောက်လုပ်ထား၏။ အဆောက်အအုံရှေ့တွင် ရေကန်ငယ်တစ်ခုရှိလေ၏။ ထိုရေကန်သည် အဆောက်အအုံကို အကာအကွယ်ပေးထားသော ကျုံးတစ်ခုနှင့်တူလှပေ၏။

ခြံဝင်းကျယ်ကြီးအတွင်း၌ သစ်ပင်များ ထူထပ်စွာပေါက်နေသဖြင့် အိမ်ကြီးကို သေချာစွာမမြင်ရချေ။



ချူကွန်နှင့် ဝေကုံးတို့သည် တုထိပါး၏အိမ်ကို ဤမျှကြီးကျယ်ခမ်းနားလိမ့်မည်ဟု မထင်မှတ်ခဲ့ချေ။

ဝေကုံးက ခေါင်းယမ်း၍ပြောလေ၏။

"ဒီလူယုတ်မာက တော်တော်လေး **စည်းစိမ်ခံတတ်ပါက**လား။ သူ့အိမ်က နန်းတော်ကျနေတာပဲ"

ချူကွန်က ငေးမောရင်း ပြောလေသည်။

"ခြံဝင်းရဲ့အနေအထားနဲ့ အဆောက်အအုံတည်ဆောက်ပုံ**ကတော့ အ**တော့်ကို ခန့်ညားလှပါတယ်၊ ဒါပေမယ့် အကုသိုလ်စိတ်**များလွန်းလို့** ဒီနေရာဟာ သွေးအိုင်ထွန်းမယ့်နေရာ ဖြစ်လာနိုင်တယ်"

အဆောက်အအုံကြီး၏နောက်တွင် အဆောက်အအုံကလေးများ ပတ်လည်ဝိုင်းနေသည်။ ထိုအဆောက်အအုံကလေးများကို နှံ့အောင်လှည့်ပတ်မ ကြည့်နိုင်ချေ။ ထို့ကြောင့် ချူကွန်နှင့် ဝေကုံးတို့သည် ပြန်လှည့်လာခဲ့ကြတော့၏။

**သူတို့** ကွမ်းတပ်ဆိပ်ကမ်းမြို့ငယ်ကလေးသို့ ပြန်ရောက်သောအခါ **ညအချိန်**အခါ ဖြစ်နေလေပြီ။ ချူကွန်က....

"**ငါ့ဆရာ**လဲ မရှိဘူး၊ မင်း ငါနဲ့အတူလာနေပါလား"

**ဝေကုံးက** ခေါင်းညိတ်လိုက်၏။

"**ကောင်းတာပေါ့..** လာနေမယ်လေ"

သူသည် ရုတ်တရက် တစ်စုံတစ်ခုကိုစဉ်းစားမိသွားဟန်ဖြင့် ခေါင်းဆတ်ခနဲ ခါလိုက်သည်။

"ဟာ... မဖြစ်ဘူး၊ ငါ့ ဆရာမကြီးခိုင်းတဲ့ အလုပ်တစ်ခုကို ငါ မေ့နေတယ်၊ အဲဒါကို လုပ်ရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက လက်ကိုဝှေ့ယမ်းပြရင်း….

"ငါ သွားမယ်၊ နက်ဖြန်ကျမှ ငါ လာခဲ့မယ်"

သူသည် ပြောပြောဆိုဆိုဖြင့် ခြေလှမ်းကျဲကြီးဖြင့် ထွက်ခွာသွားလေတော့၏။ ထို့နောက် ချူကွန်သည် သူ့အခန်းထဲသို့တစ်ယောက်တည်း ပြန်လည်ရောက်ရှိလာလေတော့၏။

သူသည် ရေမိုးချိုးကိုယ်လက်သန့်စင်ပြီးနောက် တစ်ယောက်တည်း ထိုင်စဉ်းစားနေလေ၏။

စုစုအင်းသည် သူ့ခေါင်းထဲဝင်လာသည်။

"ဒီအကြောင်းကို ငါ ဘာဖြစ်လို့ စဉ်းစားနေရတာလဲ၊ စဉ်းစားမနေရင် ငါ ပျော်ပျော်ရွှင်ရွှင်ဖြစ်မယ် မဟုတ်လား"

သူသည် စုစုအင်းအကြောင်းကို လုံးဝမေ့ပစ်လိုက်၏။

သို့သော် စုစုအင်းနှင့်ပတ်သက်သော အတွေးများက သူ့ဦးခေါင်းထဲသို့ အဆက်မပြတ် ဝင်ရောက်နေသည်။

"ဝေကိုးပြောတာ မှန်တယ်၊ သူတို့နှစ်ယောက် အတော်ရင်းနှီးနေကြပြီပဲ၊ စုစုအင်းက ငါ့ကို လုံးဝသတိရတော့မှာ မဟုတ်ဘူး"

သူသည် အခန်းတံခါးကိုဖွင့်၍ ကျင်းချုန်းစန်းရှိရာသို့ ထွက်ခွာသွားလေ၏။ ကျင်းချုန်းစန်း၏အခန်းမှာ သော့ခတ်ထားခြင်းမရှိပါ။ အခန်းထဲ၌ မီးရောင်ရှိနေသည်။

"သူ ပြန်လာပြီလား မသိဘူး"

သူသည် အခန်းတံခါးကို တွန်းဖွင့်လိုက်၏။ အခန်းထဲ၌ ကျင်းချုန်းစန်း ရှိမနေပါချေ။ သူပြန်ရောက်သည့် အရိပ်အယောင်ကိုလည်း မတွေ့ရပါ။ စားပွဲပေါ်၌ မီးအိမ်တစ်လုံးထွန်းညှိထားသည်။

ချူကွန်သည် အခန်းတံခါးကို ပြန်ဖေ့ထားလေ၏။ ချူကွန်



သည် ထိုင်စောင့်ရမလား၊ ပြန်ရမလား စဉ်းစားသည်။ နောက်ဆုံး သူသည် ကျင်းချုန်းစန်းပြန်အလာကိုစောင့်ရန် ဆုံးဖြတ်လိုက်တော့သည်။ သူသည် စားပွဲပေါ်တင်ထားသောစာအုပ်ကို အဓိပ္ပာယ်မရှိဘဲ လှန်လှောကြည့်နေလေတော့၏။

ထိုအခါ စာအုပ်ထဲတွင် ညှပ်ထားသည့် စာရွက်တစ်ရွက်သည် လွင့်ကျသွားလေ၏။ သူသည်ကောက်ယူပြီး ကြည့်ရှုလိုက်၏။ ကျင်းချုန်းစန်း၏ ဆရာက ပေးထားသောစာဖြစ်လေသည်။

"ငါ့တပည့်… ဆရာကိစ္စရှိလို့ ငါးရက်ကြာမှ ပြန်လာခဲ့မယ်၊ ဒီအချိန်အတောအတွင်းမှာ ချူကွန်နဲ့နေပါ၊ ငါ့ အထိမ်းအမှတ်ပစ္စည်း ပြန်ယူတဲ့အခါ သူနဲ့အဖော်ပြုပြီး သွားပါ၊ ငါ သူ့ကိုသိုင်းပညာသင်ပေးထားတဲ့အတွက် သူက မင်းကိုကူညီပါလိမ့်မယ်"

ချူကွန်သည် သဘောပေါက်နားလည်သွားသည်။

"ဆရာကြီး ချီစိန်က ငါ့ကိုသိုင်းပညာသင်ပေးထားတာ သူ့တပည့်ကို အကူအညီပေးဖို့ကိုး"

သူသည် စာကိုပြန်ထည့်ထားလိုက်၏။ သူသည် အခန်းတစ်ခန်းလုံးကို ဝေ့ကြည့်လိုက်သည်။ ခုတင်ခေါင်းရင်းတွင် ဓားတစ်လက်ချိတ်ထားသည်ကို တွေ့မြင်နေရသေးသည်။ သူသည် ဓားကို လှမ်းဖြုတ်၍ ဓားအိမ်တွင်းမှဆွဲထုတ်ကြည့်လိုက်သည်။

"ဓားက မဆိုးဘူး"

ဓားမှာ ဖြူဖွေးဝင်းလက်နေသည်။ အလွန်ထက်မြက်သော ဓားတစ်လက်ဖြစ်သည်ကို တွေ့ရှိရလေ၏။ လုံကု သိုင်းပညာသင်ပေးစဉ်က လက်နက်မဲ့သိုင်းပညာပြီးသော် ဓားပညာကိုစတင် သင်ကြားလေ၏။ ထိုစဉ်ကတည်းက ယခု အထိ သူပိုင်ဓားဟူ၍ တစ်လက်မျှ

www.burmeseclassic.com

www.burmeseclassic.com



မရှိသေးပါချေ။

သူသည် ဓားကိုကြည့်လေ၊ သဘောကျလေဖြစ်နေ၏။ သူသည် ဓားကိုဝှေ့ယမ်းလိုက်သောအခါ အဖြူရောင်အလင်းတန်း ဝင်းလက်သွားသည်။ သူသည် ဓားကိုဓားအိမ်တွင်းသို့ ပြန်ထည့်လိုက်၏။

"ကောင်းလိုက်တဲ့ဓား... ဒီဓားမျိုး ငါ့မှာမရှိတာက ခက်တယ်"

သူသည် ဓားကိုနံရံတွင် ပြန်ချိတ်ရန် ဟန်ပြင်လိုက်သည်။

ထိုအခါ ဓားလက်ကိုင်တွင် စာလုံးနှစ်လုံးထွင်းထားသည်ကို တွေ့မြင် လိုက်ရလေ၏။ သူ စိတ်လှုပ်ရှားသွားသည်။ သေသေချာချာ ကြည့်လိုက်သောအခါတွင် ထိုစာလုံးနှစ်လုံးမှာ ယန်းနှင့်စိမ်းဟူ၍ ဖြစ်၏။

ယန်း၊ စိမ်းဟူသည်မှာ မိမိအိတ်ထဲတွင် သိမ်းဆည်းထားသော ကြေးပြားနှစ်ပြားပေါ်မှ စာလုံးနှစ်လုံးနှင့်တူညီနေသည်ကို တွေ့ရလေ၏။ သူသည် ကြေးပြားကိုထုတ်လိုက်၏။ ချူကွန်သည် သေချာစွာသိရှိရန် ကြေးပြားကိုထုတ်ယူလိုက်လေ၏။

စာလုံးနှစ်လုံးကို တိုက်ဆိုင်စစ်ဆေးသည်။ စာရေးဟန်က တစ်ပုံစံတည်းဖြစ်နေသည်ကို တွေ့ရတော့သည်။ သူသည် ကျွမ်းထဆရာတော်ပြောခဲ့သည်များကို ပြန်လည်သတိရလာလေတော့၏။

"ဟောဒီကြေးပြားက မင်း ဘုရားကျောင်းဝင်းထဲ ရောက်လာတဲ့အခါတုန်းက ပါလာတဲ့ကြေးပြားပဲ"

ချူကွန်သည် မျက်မှောင်ကုပ်သွားလေ၏။

"ဒီဓားမှာလဲ ယန်း၊ စိမ်းဆိုတာ ရေးသားထားတယ်၊ ဒီလိုဆိုရင် ဒီဓားဟာ ငါ့မိသားစုရဲ့ဓားဖြစ်ရမယ်"



ချူကွန် ဤသို့ပင် ရေရွတ်မိသည်။ သူသည် မိမိတို့၏မိသားစုဓားက ကျင်းချန်းစန်းလက်ထဲ ရောက်နေသဖြင့် အံ့ဩနေမိသည်။

"ဒီလိုဆိုရင် ဒီဓားက ကျင်းချန်းစန်းရဲ့လက်ထဲ ဘယ်လိုလုပ်ရောက်သွားရတာလဲ"

ချူကွန်သည် စဉ်းစားမရတော့သဖြင့် ကြေးပြားကိုပြန်သိမ်းလိုက်ရတော့သည်။ သူသည် ဓားကိုကိုင်၍ တွေဝေငေးမောနေစဉ် အခန်းတံခါးသည် ပွင့်လာလေ၏။

ကျင်းချန်းစန်းသည် အခန်းတွင်းသို့ဝင်လာလေ၏။

ချူကွန်၏မျက်နှာမှာ နီရဲသွားသည်။ သူသည် အခွင့်မသာဘဲလျက် သူတစ်ပါးဓားကို ယူကိုင်နေမိသည်မဟုတ်ပါလော။

ပိုဆိုးသည့်မှာ လက်နက် ဖြစ်နေသည်။

သိုင်းပညာတတ်မြောက်ထားသူများသည် မိမိလက်နက်ကို တခြားလူယူကိုင်သည်ကို မနှစ်သက်တတ်ချေ။ ကျင်းချန်းစန်းကလည်း ချူကွန်ကို အခန်းထဲတွေ့လိုက်သဖြင့် အံ့ဩသွား၏။

"ချူကွန်ပါလား... ငါ မင်းအခန်းထဲကို ရောက်ခဲ့သေးတယ်"

ချူကွန်က ဓားကိုစားပွဲပေါ်တင်လိုက်ပြီး...

"မင်းရဲ့ဓားက တယ်ကောင်းပါလား၊ ဒီဓားကို ဘယ်ကရခဲ့တာလဲ"

ကျင်းချန်းစန်းက ဓားကို တစ်ချက်ကြည့်လိုက်ပြီး...

"ဓားက တော်တော်ကောင်းပါတယ်၊ ဒါပေမယ့် ငါပိုင်တာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူပိုင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာက ခဏငှားလိုက်တာပါ၊ ဒီဓားမှာ ပိုင်ရှင်ရှိတယ်၊ တစ်နေ့ ပြန်ပေးရမယ်လို့ ဆရာက ပြောပါတယ်"

ချူကွန် သိလိုက်လေပြီ။ ထိုဓားမှာ မိမိ၏မိသားစုပိုင်ဆိုင်သောဓားဖြစ်သည်ကို သိလိုက်လေပြီ။ ကျင်းချန်းစန်းက....

"မင်းစောင့်နေတာ တော်တော်ကြာပြီလား"

ချူကွန်က ပြုံးလိုက်၏။

"ကိစ္စမရှိပါဘူး... ဒါနဲ့ မင်းခုမှ ပြန်ရောက်လာတာလား"

ကျင်းချန်းစန်းက ရယ်လိုက်သည်။

"ငါရောက်နေတာ ကြာပါပြီကွာ၊ အောက်ထပ်မှာ ထမင်းစားနေလို့ပါ"

သူသည် အလွန်ဝမ်းသာပျော်ရွှင်နေလေ၏။ သူ့အသွင်သဏ္ဌာန်ကို ချူကွန်ကောင်းစွာ အကဲခတ်မိလေသည်။

"ချူကွန် ရာသီဥတုက တော်တော်အေးတယ်၊ ငါတို့အရက်သောက်ရရင် ကောင်းမယ်၊ မင်းကော သောက်မလား"

ချူကွန်မှာ စိတ်ညစ်နေသဖြင့် အရက်သောက်ချင်သူဖြစ်သည်။ ရေငတ်တုန်း ရေတွင်းထဲလိမ့်ကျသူပမာ ဖြစ်သွားသဖြင့် ခေါင်းညိတ်လိုက်မိလေ၏။

ကျင်းချန်းစန်းက ဆိုင်လုလင်အား အရက်ကရားနှင့် ဟင်းလျာများ ယူလာရန် မှာကြားလိုက်သည်။

ဆိုင်လုလင်က လာချပေးသောအခါ သူတို့သည် မျက်နှာချင်းဆိုင်ထိုင်၍ စားသောက်နေကြလေတော့၏။

"ချူကွန်... မင်းနဲ့သိကျွမ်းရတာ ငါဂုဏ်ယူပါတယ်၊ ငါတိုက်တဲ့အရက်ကို သောက်ပါ"



ချူကွန်သည် အရက်ခွက်ကိုယူ၍ မော့ချလိုက်၏။

ချူကွန်သည် အရက်ကိုမသောက်ဖူးပါ။ ထို့ကြောင့် အဆက်မပြတ်သောက်သောအခါ မူးလာတော့သည်။

"ချူကွန် ငါပြောစရာရှိတယ်"

ချူကွန်သည် လျှာလေးအာလေးဖြင့် ပြောလိုက်၏။

"ပြောပါ"

ကျင်းချန်းစန်းနေရာမှ ထရပ်လိုက်၏။ သူ့မျက်နှာတစ်ပြင်လုံး တည်ကြည်နေသည်။ သူသည် လက်နှစ်ဖက်ကို နောက်သို့ပစ်၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပါသည်။ ထို့နောက် ကျင်းချန်းစန်းသည် ချူကွန်ရှေ့၌ ရပ်လိုက်လေ၏။

"ချူကွန်... မင်းကို ငါမေးမယ်၊ မင်း စုစုအင်းကို ချစ်နေသလား"

ကျင်းချန်းစန်း၏မေးခွန်းသည် ပြတ်သားသည်။ ရက်စက်သည်။ ချူကွန် အမူးပြေသွားလေ၏။ ကျင်းချန်းစန်း၏မျက်လုံးအစုံသည် သူ့အဖြေကိုစောင့်နေလေသည်။ ချူကွန်သည် ခေါင်းငုံ့ပြီးချွေးသုတ်နေ၏။ အတန်ကြာမျှ တိတ်ဆိတ်နေသည်။ ကျင်းချန်းစန်းက အေးအေးဆေးဆေး ပြောသည်။

"ချူကွန်... မင်း လူဝတ်လဲပြီးပြီပဲ၊ ဒါကြောင့် ရဲရဲဝံ့ဝံ့ပြောပါ"

ချူကွန် မည်သို့ပြန်ဖြေရမည်မှန်း မသိပါ။ မသိဆိုခြင်းထက် ကျင်းချန်းစန်းအား ပြောမထွက်ခြင်းဖြစ်ပါသည်။ ချစ်နေကြောင်းလည်း ပြောမထွက်ပါ။ မဟုတ်ကြောင်းလဲ မငြင်းချင်ပါ။

သို့သော် ကျင်းချန်းစန်းက မဖြစ်မနေ အတင်းမေးနေပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် ချူကွန်က ထစ်**ထစ်ငေါ့ငေါ့ဖြင့်** ဖြေပါသည်။

"ငါက ဘုရားကျောင်းမှာ ကြီးပြင်းလာတဲ့လူ၊ ဒီတော့ လူတိုင်းကို မေတ္တာရှိပါတယ်၊ ဒါကြောင့် စုစုအင်းကိုလဲ ချစ်ပါတယ်"

ကျင်းချန်းစန်းက ချူကွန်အနီးတွင် ထိုင်ချလိုက်သည်။

"**ချူကွန်...** ငါလဲ သူ့ကိုချစ်နေတယ်"

**သူသည်** ယင်းသို့ပြောပြီးမှ မလုံမလဲဖြစ်သွားပြီး ချူကွန်ကို **အားတုံ့အားနာ**ဖြစ်သွားသည်။ ချူကွန်ကမူ ဆိတ်ဆိတ်နေသည်။

ကျင်းချန်းစန်းသည် အရက်တစ်ခွက်ကိုမော့သောက်လိုက်ပြီး....

"သူ့ကိုတွေ့တုန်းက ငါ **ဘယ်လိုမှမခံစားရ**ပါဘူး။ အဲဒီနေ့က လှေပေါ် လှေကြီးလိုက်လာ**တဲ့နေ့ကစပြီး** သူဟာ ငါ့ရင်ထဲ ခုန်ဝင်လာခဲ့တယ်"

သူက စကားဆက်**လိုက်၏**။

"ဒီ(၆)လအတွင်း**မှာ ငါတို့ ခဏခဏ** စကားပြောကြတယ်၊ ခဏခဏ တွေ့ကြတယ်၊ **ချစ်မေတ္တာ**လဲ မြန်မြန်တည်ဆောက်မိကြတယ်၊ ဒါပေမယ့် မင်းဟာ သူ့ရဲ့အသည်းနှလုံးထဲမှာ နေရာအရင်ရထားတယ်လို့ ငါထင်မိတယ်၊ ဒါကြောင့် သူ့ကို ငါရယူဖို့ မမျှော်မှန်းခဲ့ပါဘူး"

သူက ဆက်ပြောသည်။

"ဒါပေမယ့် သူက ငါ့ကိုပြောပြတယ်၊ မင်းက သူ့ကိုချစ်တာမဟုတ်ဘူး၊ မိုလင်းနဲ့ကိုပဲချစ်တယ်လို့ ငါ့ကိုပြောပါတယ်"

ချူကွန်သည် နားထောင်ရင်း ရင်နာလာသည်။

ကျင်းချန်းစန်းက စကားကိုဆက်လိုက်သည်။



"ဒါကြောင့် ငါနဲ့ သူဟာ ဒီကနေ့မှာ လက်ထပ်ထိမ်းမြားဖို့ ဆုံးဖြတ်လိုက်ကြပါတယ်"

ထက်သော ဓားတစ်လက်သည် ချူကွန်၏ရင်ကို ခွဲချပြီး အသည်းနှလုံးကို အပိုင်းပိုင်း၊ အထစ်ထစ် လှီးဖြတ်လိုက်လေ၏။

ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ပျက်ခြင်း ဝေဒနာများကို ချူကွန် ခုပြုံခံစားလိုက်ရလေ၏။

ကျင်းချန်းစန်းမှာ ချူကွန် မည်သို့ခံစားနေရသည်ကို မသိပါ။ သူနှင့် စုစုအင်း အနာဂတ်တည်ဆောက်မည့် အိမ်ထောင်ရေးကိုသာ မျှော်မှန်းဝမ်းသာနေပါသည်။

ချူကွန်သည် ကျင်းချန်းစန်း၏စကားကို ကြားတစ်ချက် မကြားတစ်ချက်ဖြစ်နေပါသည်။ သူသည် ထရပ်လိုက်သည်။ ယခုမှ သူသည် စုစုအင်းအပေါ် မည်မျှချစ်ခဲ့သည်ကို သိနားလည်ရတော့သည်။

စုစုအင်းသည် သူ့ကိုမိုလင်းနှင့် အထင်လွဲနေသဖြင့် သူ့အား လက်စားချေသည့်သဘောဖြင့် အခြားယောကျ်ားတစ်ပါး၏ရင်ခွင်ထဲတိုးဝင်သွားခြင်း ဖြစ်သည်ကို သူနားလည်လိုက်မိပါသည်။

ယင်းအဖြစ်ကို ပြောင်းလဲနိုင်စွမ်းမရှိတော့ပါ။

စုစုအင်းက ကျင်းချန်းစန်းနှင့် လက်ထက်ရန် ဆုံးဖြတ်ပြီးပြီ မဟုတ်ပါလား။ ချူကွန်သည် စိတ်ဓာတ်ကိုချုပ်တီးလိုက်၏။

ယင်းကိစ္စကို မေ့ပျောက်ထားရန် ဆုံးဖြတ်လိုက်ပြီး....

"မင်းတို့ ဘယ်တော့လက်ထပ်ကြမှာလဲ"

ကျင်းချန်းစန်းက....

"ဆရာ့ရဲ့ကိစ္စ ဆောင်ရွက်ပြီးတဲ့အခါကျတော့မှ..."

www.burmeseclassic.com

www.burmeseclassic.com



ချူကွန်က....

"မင်းတို့လက်ထပ်မယ့်နေ့ဟာ ငါ ဘုရားကျောင်းပြန်တဲ့နေ့ပါပဲ"

ကျင်းချန်းစန်း အံ့ဩသွားသည်။

သူက မေးရန် ပါးစပ်ဟလိုက်စဉ်တွင် ချူကွန်သည် အခန်းအပြင်သို့ ထွက်သွားလေတော့၏။

ချူကွန်သည် တံခါးကိုဆွဲပိတ်သွားသည်။

ကျင်းချန်းစန်းသည် ရင်ထဲ၌မျိုသိပ်ထားရသောစကားကို အန်ထုတ်လိုက်ရသဖြင့် အလွန်ပေါ့ပါးသွားလေ၏။

သူသည် စုစုအင်းနှင့် လက်ထပ်ရမည့်အရေးကို တွေး၍ ပျော်နေ၏။

"အင်း... ကံကောင်းလိုက်တာ၊ ဒီကိစ္စ ဒီလောက်လွယ်လွယ်နဲ့ ပြီးပြတ်သွားလိမ့်မယ်လို့ ငါမထင်ဘူး"

သူက သက်ပြင်းချ၍ ပြောလိုက်လေ၏။



## အခန်း(၅)

### ဆရာတပည့်ဆွေးနွေးခြင်း

ချူကွန်သည် တရားမွေများကိုရွတ်ဆိုးခြင်းဖြင့် အချိန်ကို ကုန်စေခဲ့သည်။ တရားမွေများသည် အသည်းနှလုံးမှအနာများကို ကုစားသည်မဟုတ်ပါလော။

လုံကုလည်း ပြန်မလာပါ။ ရှိုလုစီးလည်း ပြန်မလာပါ။

ချူကွန်သည် တရားမွေ မရွတ်ဆိုသောအခါ အချိန်ကို မည်သို့ကုန်ဆုံးစေရမည်ကို မသိဘဲ ဖြစ်နေတော့သည်။ မွန်းလွဲချိန်တွင် လုံကု ပြန်လည်ရောက်ရှိလာလေ၏။ သူ၏ လက်ထဲတွင်လည်း အထုပ်ကြီးငယ်တို့ ပါရှိလာလေသည်။ ချူကွန်က ကြိုဆိုလိုက်၏။

"ဆရာ ဘယ်ကိုသွားတာလဲ၊ ကျွန်တော် ဘယ်တော့အလုပ်လုပ်ရမှာလဲ"

ချူကွန်သည် လုံကု၏အထုပ်ကြီးငယ်များကို စားပွဲပေါ်ချထားလိုက်၏။ သူက လက်ညှိုးတစ်ချောင်း ထောင်ပြသည်။

"နောက်တစ်လပဲ လိုတော့တယ်၊ မင်း တိုနီရှိုပါ ဘုရားကျောင်းကိုသွားရမယ်၊ အဲဒီမှာနေပြီး လူမားသင်ပေးတဲ့ရေကူးပညာကို လက်တွေ့လေ့ကျင့်ပါ၊ အဲဒါ လေ့ကျင့်ချိန် တစ်လပဲရှိမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ရေကူးအတော်ကျွမ်းကျင်နေပါပြီ၊ ဘာဖြစ်လို့ တစ်လတောင်ထပ်ပြီး လေ့ကျင့်ရမှာလဲ"

"မင်း မသိပါဘူး။ အဲဒီရေကန်ရဲ့ရေက အတော်အေးတယ် ကွ၊ လက်တွေ့လေ့ကျင့်ထားမှ တကယ့်အရေးအကြောင်းမှာ တော်ရုံ ကျလိမ့်မယ်၊ ရေက သိပ်အေးတော့ ဖြုန်းခနဲ ဒိုင်းခနဲဆင်းရင် ပြဿ နာပေါ်နိုင်တယ်"

ချူကွန် ငေးကြောင်ကြောင် ဖြစ်သွားသည်။

"ဆရာ တုထိပါးက ဆရာရဲ့ပစ္စည်းကို ရေအောက်မှာထား လို့လား ဆရာ"

လုံကုက နှာခေါင်းရှုံ့ပြီး ပြောလေ၏။

"ဘယ်ပြောနိုင်ပါ့မလဲ၊ ဒီလူယုတ်မာက ကြံကြံဖန်ဖန်စဉ်း စားတတ်တာ၊ စကားမများနဲ့ အထုပ်ယူပြီး တိုနီချိုပါဘုရားကျောင်း ကို သွားပေတော့"

ချူကွန်သည် အထုပ်များကိုသိမ်းဆည်းထုပ်ပိုးလိုက်သည်။

"ဆရာ... ကျွန်တော်တို့သွားတာ အရေးမကြီးပါဘူး၊ ဆရာ ဘိုးဘိုးရောက်လာရင် ဘယ်သူမှမတွေ့ရင် ခွကျလိမ့်မယ်"

"မပူနဲ့ သူနဲ့ ငါတွေ့ပြီးပြီ"

ချူကွန်သည် အထုပ်အပိုးများကို သိုင်းလွယ်လိုက်၏။

"ကဲ... သွားပေတော့"

ချူကွန် ထွက်သွားမည်အပြုတွင်....

"နေဦး"

လုံကုက လှမ်းတားလိုက်၏။

"ရော့... မင်းအဖေရဲ့ဓားပဲ၊ မင်း သိမ်းထားပေတော့"



ချူကွန်သည် ဓားကိုကြည့်လိုက်ရာ ကျင်းချန်းစန်း၏ဓားကို တွေ့ရလေ၏။ သူ ဝမ်းသာသွားသည်။

"ဆရာ... အဲဒီဓားက ဘယ်လိုဖြစ်တာလဲ"

လုံကုက လက်ကာပြီး....

"နောက်မှပြောပြမယ်၊ မင်းသာ တိုနီချိုပါဘုရားကျောင်းကို ရောက်အောင် သွားပေတော့၊ အဲဒီမှာပဲနေပါ။ ညတိုင်း ညတိုင်းရေ ကန်ထဲကိုဆင်းရမယ်၊ နက်နိုင်သလောက် နက်အောင် ငုပ်ပါ။ ဓားလဲ ယူသွားပါ"

သူသည် ပြောပြီး ရှေ့မှလှမ်းထွက်သွားလေတော့၏။

"အချိန်တန်ရင် ငါ လာပြောမယ်၊ အခု... ငါ့မှာကိစ္စရှိသေး တယ်၊ ငါ အဲ့ဒီကိစ္စတွေကို ဆောင်ရွက်ရဦးမယ်"

လုံကုသည် ပြောပြောဆိုဆို ထွက်ခွာသွားလေတော့၏။

ချူကွန်သည် ခေါင်းတစ်ချက်ယမ်းပြီး အရောင်းစာရေးရှိရာ သို့ သွားလေ၏။ အခန်းခနှင့် စားရေးသောက်ရေးအတွက် အဖိုးအခ များကိုပါ ရှင်းလင်းပေးအပ်လိုက်လေ၏။ ထို့နောက် တိုနီချိုပါဘုရား ကျောင်းသို့ ထွက်ခွာသွားလေတော့၏။

အတော်အတန်သွားပြီးသောအခါ တိုနီချိုပါဘုရားကျောင်း သို့ရောက်ရှိသွားသည်။ ကျောင်းထိုင်ဆရာတော်အား လျှောက်ထား သောအခါ ကျောင်းထိုင်ဆရာတော်က ချူကွန်အား ဇရပ်တစ်ဆောင် တွင် နေထိုင်ခွင့်ပြုလိုက်လေ၏။

သူသည် ဘုရားကျောင်းထဲသို့ရောက်ရှိလာသောအခါ စိတ် လက်ကြည်လင်လာလေသည်။ ထို့နောက် ဘုရားရှိခိုးသည်။ တ[illegible]ား မွေများကို ရွတ်ဖတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စုစုအင်း၊ မိုလင်းနု၊ **ယင်းလူးနှင့် တုထိပါးတို့ကို** မေ့ပျောက်သွားလေတော့၏။ ယခု သူသည် **အေးချမ်းသောဘဝသို့** ပြန်လည်ရောက်ရှိ သွားလေတော့၏။

ညသို့ရောက်သောအခါ ဘုန်းတော်ကြီးများ အိပ်စက်ကုန်တော့သည်။ ရာသီဥတုကလည်း အေးသဖြင့် ကိုရင်လေးများပါ အဆောင်အပြင်သို့ မထွက်ကြတော့ချေ။

ထိုအခါ ချူကွန်သည် ဆရာလုံကုပေးလိုက်သော ကိုယ်ကျပ်အင်္ကျီကိုဝတ်ဆင်လိုက်၏။ ထို့နောက် ဓားကိုသိုင်းလွယ်လိုက်ပြီး ပြတင်းပေါက်ကိုဖွင့်ကာ အဆောက်အအုံအပြင်သို့ ထွက်လိုက်၏။

ကောင်းကင်တစ်ခုလုံး မှုန်မှိုင်းနေသည်။ လေများကလည်း တိုက်ခတ်သဖြင့် တောအုပ်တွင်းရှိ သစ်ပင်များလှုပ်ရှားသံသည် တရှဲရှဲ အော်မြည်နေတော့သည်။

ချူကွန်သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် ကိုယ်ဖော့ပညာဖြင့် ရေကန်ဆီသို့ ဦးတည်ပြေးလေတော့၏။

တိုနီရှိုပါဘုရားကျောင်းသည် ရေကန်နှင့်လည်းကောင်း၊ တုထိပါးနေအိမ်နှင့်လည်းကောင်း မဝေးလှချေ။ ထို့ကြောင့် လုံကုက ချူကွန်အား ဤဘုရားကျောင်းတွင် နေခိုင်းခြင်းဖြစ်ပေသည်။

မကြာမီ ချူကွန်သည် ရေကန်ဆီသို့ရောက်လာလေတော့၏။ သူသည် တုထိပါးအိမ်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

တုထိပါး၏ခြံဝင်းတစ်ခုလုံး မည်းမှောင်နေသည်ကို တွေ့လိုက်ရတော့သည်။ သို့သော် ထိုမည်းမှောင်မှောင်အတွင်းမှ အဝါရောင်လင်းခနဲ လင်းခနဲဖြစ်သွားသည်ကို တွေ့ရလေ၏။

ထိုခြံဝင်းကြီးမှာ ကျယ်ဝန်းလှသဖြင့် ချူကွန်သည် ထိုခြံ



ကျယ်ကြီးသို့မရောက်မီကပင် ရင်မောလှပေသည်။

"တုထိပါးက အတွင်းဘက်မှာနေတယ် ထင်တယ်၊ သူဟာ ဒီလောက်ကြီးကျယ်တဲ့ အဆောက်အအုံကြီးထဲမှာနေပြီး ဘာများကြံစည်နေသလဲ မသိဘူး၊ ဘာပဲပြောပြော ယင်းလူးနဲ့ မိုလင်းနုတို့မရှိကြပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

သူစဉ်းစားနေစဉ် အဝေးမှလူရိပ်တစ်ခုသည် လျှပ်တပြက် ဖြတ်ပြေးသွားသည်ကိုတွေ့လိုက်ရ၏။ ချူကွန် မျက်မှောင်ကုပ်သွား၏။

"ဒီလောက် မိုးချုပ်ပြီ၊ နှင်းနဲ့လေနဲ့ကြားထဲမှာ ဘယ်သူများပါလိမ့်"

ထိုလူသည် မည်းနက်သောကိုယ်ကျပ်အင်္ကျီကို သူ့လိုပင် ဝတ်ဆင်ထားသည်ကိုတွေ့ရသဖြင့် ထိုလူသည် ကျင်းချုန်းစန်းဖြစ်ရမည်ဟု တွက်ဆလိုက်မိသည်။

သူ့လိုပင် ရေကူးရန် လာရောက်လေ့ကျင့်မည်မှန်း ချူကွန် ရိပ်မိလိုက်လေသည်။ ကျင်းချုန်းစန်းသည် ပတ်ဝန်းကျင်ကိုလေ့လာပြီးနောက် ရေထဲသို့ခုန်ဆင်းသွားသည်။ ရေထဲသို့ ကျသွားသည့်အသံကိုသဲ့သဲ့ ကြားလိုက်ရသည်။ ချူကွန် စဉ်းစားလိုက်၏။

"ဒီရေကန်ဟာ အကျယ်ကြီး၊ သူ ဟိုဘက်မှာ လေ့ကျင့်ရင် ငါက ဒီဘက်မှာ လေ့ကျင့်မယ်"

ချူကွန်သည် ရေထဲသို့ စတင်ဆင်းလိုက်၏။ ထိုစဉ် ခပ်လှမ်းလှမ်း၌ ဘွားခနဲလူရိပ်နှစ်ခု ရေထဲပေါ်လာသဖြင့် သူရပ်တန့်သွားသည်။ ထိုလူရိပ်နှစ်ခုသည် အလွန်လျှင်မြန်လှသည်။

"ဒီလူက ရေကူးပညာ အတော်တော်ပါကလား"

www.burmeseclassic.com

www.burmeseclassic.com



ချူကွန် သေချာစွာ ကြည့်လိုက်သောအခါ လူမားဖြစ်နေသည်ကို တွေ့ရလေ၏။ သူ အံ့သြနေစဉ် နောက်မှသေးသွယ်သောလူရိပ်ကို တွေ့လိုက်ရလေ၏။ ထိုသူမှာ စုစုအင်းဖြစ်သည်။ စုစုအင်းမှာ မျက်နှာ၌ အုပ်ထားသော ခေါင်ပဝါအနက်ရောင် လုံးဝမရှိတော့ပါ။

သူတို့သည် ချူကွန်ရှိရာ ကမ်းစပ်သို့ကူးလာခြင်းဖြစ်သည်။

သို့သော် ချူကွန်နှင့် အတော်ဝေးပါသည်။ သူတို့သည် ကမ်းပေါ်တက်ပြီး မှောင်ထဲ၌ ပျောက်ကွယ်သွားလေ၏။

ချူကွန်သည် သက်ပြင်းချလိုက်၏။

"ဒီရေကန်က ရေက အေးတယ်လို့ ပြောကြတယ်၊ ဘယ်လောက်အေးတယ်ဆိုတာ စမ်းကြည့်ရဦးမယ်"

သူသည် ရေထဲသို့ဆင်းလိုက်၏။ သူသည် အတွင်းအားအခြေခံကောင်း၍ သိုင်းပညာအဆင့်မြင့်သူ ဖြစ်သည်။ ရေထဲသို့ကျစဉ် အသံအနည်းငယ်သာ ထွက်သည်။ သူ့ခန္ဓာကိုယ်သည် ရေထဲသို့ မြုပ်ဝင် ပျောက်ကွယ်သွားသည်။

မကြုံဘူးသော အေးစိမ့်မှုက သူ့အသည်းနှလုံးသို့ စိမ့်ဝင်သွားလေ၏။ ထို့ကြောင့် ချူကွန်သည် ရေအနက်သို့မငုပ်ဝံ့တော့ဘဲ ရေပေါ်သို့ပြန်တက်လာလေ၏။

"ရေက အေးလိုက်တာ၊ အောက်ကို ဆက်ငုပ်ရင် သေများသွားမလားမသိဘူး"

သူသည် အောက်သို့ဆက်မငုပ်ရဲဘဲဖြစ်နေသည်။

"ဒါကြောင့် ဒီကန်ကရေဟာ အေးတယ်လို့ပြောတာကိုး"

သူသည် ရေအောက်သို့ငုပ်ရမှာ ကြောက်နေသည်။

"ငါကြောက်နေလို့ မဖြစ်သေးပါဘူး။ နက်နိုင်သမျှ နက်



အောင်ငုပ်ဖို့ ဆရာက မှာလိုက်တာပဲ"

သူသည် ရေအောက်သို့ငုပ်လိုက်၏။ ပထမ ခြောက်ပေခန့် ငုပ်လိုက်သည်။ ထို့နောက် ဆက်၍ ငုပ်လိုက်သည်။ ပေ(၂၀)ခန့် ငုပ်မိသောအခါ ရေဖိအားက ကြီးမားလာသဖြင့် နား၌တစီစီမြည်လာတော့သည်။ နားထင်ရင်းများ ပူလာပြီး ဦးခေါင်းကို တူကြီးဖြင့် ထုသကဲ့သို့ ခံစားလာရတော့၏။ ချူကွန် ဆက်မငုပ်ဝံ့တော့ပေ။

"ဆရာက လေ့ကျင့်ဖို့ တစ်လအချိန်ပေးထားတယ်၊ ဒီနေ့အဖို့ ဒါလောက်ဆိုရင် တော်လောက်ပါပြီလေ"

သူသည် ဆက်မငုပ်တော့ဘဲ ရေပေါ်သို့တက်လာလေတော့သည်။ ရေပေါ်သို့ရောက်သောအခါမှ သူသည် နေသာထိုင်သာရှိသွားတော့သည်။ထို့နောက် ကုန်းပေါ်သို့တက်လိုက်၏။

ကိုယ်ကျပ်အင်္ကျီဝတ် ဆင်ထားသော်လည်း ရေကအလွန်အေးသဖြင့် ကိုယ်ထဲသို့ စိမ့်ဖောက်ဝင်ရောက်နေသည်။ ချူကွန်သည် ကိုယ်ပေါ်မှ ရေများကို ခါထုတ်ပြီးနောက် ပတ်ဝန်းကျင်ကို နားစွင့်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေသည်။

သူ သည် ကျင်းချုန်းစန်း ကုန်းပေါ်သို့တက်သွားပြီ၊ မတက်သွားပြီကို မသိရှိပါ။ သို့သော် သူ တစ်ခုသတိပြုမိသည်ကတော့ ရှိပါသည်။ ယခု ရေ၏အအေးဒဏ်ကို မိမိပင် မခံနိုင်သဖြင့် ကျင်းချုန်းစန်းက ထူး၍ခံနိုင်မည်မဟုတ်ဟု သိနေပါသည်။

ယခုအချိန်သည် သန်းခေါင်ယံ ကျော်ပြီဖြစ်၍ ချူကွန် ထရပ်လိုက်သည်။ သူသည် လာလမ်းအတိုင်း ပြန်လည်ပြေးဆင်းသွားလေတော့၏။ မကြာမီ တိုနီရှိုပါဘုရားကျောင်းသို့ ရောက်ရှိသွားလေ၏။

သူသည် မိမိနေထိုင်ရာ အဆောင်သို့ရောက်ရှိပြီး အဝတ်အ

www.burmeseclassic.com

www.burmeseclassic.com



အတွင်း အဝေးကြီးသို့ရောက်ရှိသွားလေ၏။

မကြာမီ တုထိပါး၏ခြံဝင်းရှိရာသို့ ရောက်ရှိသွားလေ၏။ ချူကွန်သည် **မိုးထဲလေထဲ၌** တုထိပါး၏ခြံဝင်းကို အကဲခတ်လိုက်ပြီး အရှေ့တည့်**တည့်မှဝင်ရန်** ဆုံးဖြတ်လိုက်သည်။

**ထို့နောက်** ချူကွန်သည် အေးစိမ့်သောရေထဲသို့ဆင်းလိုက်ပြီး တုထိပါး၏ခြံရှေ့သို့ကူးသွားလေတော့၏။ ဤရေသည် အေးပဲအေးနိုင်လှသည်။ တစ်လခန့် ချူကွန် လေ့ကျင့်ခဲ့သော်လည်း ယခုတိုင် အအေးဒဏ်ကိုခံရဆဲရှိသည်။

သူသည် လက်နှစ်ဖက်ကိုယက်၍ တုထိပါးအိမ်ဆီသို့ ကူးလေတော့၏။ တစ်ဘက်ကမ်းနှင့်နီးလာသောအခါ သူသည် သဘောကျစွာဖြင့် ရယ်လိုက်သည်။

"လောကမှာ ဘယ်အရာဝတ္ထုမှ လူသားကိုမတားဆီးနိုင်ပါကလား"

သူသည် စိတ်ဓာတ်တက်ကြွစွာဖြင့် ကူးခတ်သွားလေ၏။

တစ်ဘက်ကမ်းသို့ရောက်ရှိသောအခါ ကမ်းပေါ်သို့တက်လိုက်လေ၏။ အနက်ရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားခြင်း၊ ကောင်းကင်တစ်ခုလုံး မည်းမှောင်နေခြင်းတို့ကြောင့် ကမ်းပေါ်သို့တက်လာသည့်ချူကွန်ကို တော်ရုံတန်ရုံ မမြင်နိုင်ကြပေ။

သူသည် စိတ်ဓာတ်အလိုလို မတည်မငြိမ် ဖြစ်လာတော့၏။ အဘယ့်ကြောင့်ဆိုသော် မိမိယူထားသော တာဝန်ကြီးလေးလွန်းလှကြောင်းကို ယခုမှ နဖူးတွေ့ ဒူးတွေ့သိရှိမိသောကြောင့်တည်း။

လိုကူ၊ ကျန်ဝမ်းနှင့် ဝမ်ကျောင်းတို့သည် မိမိအား လွန်စွာအားထားနေကြသည် မဟုတ်ပါလော။ အကယ်၍ မိမိမအောင်မြင်



ခဲ့လျှင် ထိုအိုမင်းလှပြီဖြစ်သော အဘိုးအိုတစ်စုကို မည်ကဲ့သို့မျက်နှာပြရပါမည်နည်း။ သူတို့ကိစ္စများကို ထားလိုက်ပါဦး။

**တုထိပါးသည် မိမိ၏မဟာရန်သူဖြစ်သည်မဟုတ်ပါလော။** ဖခင်ကိုသတ်၍ **မိခင်ကြီးကို**လုယူသွားသော ရန်သူကို ချူကွန်မေ့ထားရက်နိုင်**ပါမည်လော။**

**သူသည် ကုန်းပေါ်**တက်လာပြီး ကြီးမားသော သစ်ပင်ကြီးတစ်ပင်နောက်၌ **ဝင်ရောက်**ပုန်းအောင်းလိုက်သည်။ ထိုနေရာမှနေ၍ တုထိပါး၏ခြံကြီးကို လေ့လာနေလေတော့သည်။

တုထိပါး ဤနေရာတွင် နေထိုင်ခဲ့သည်မှာ နှစ်ပေါင်း(၅၀) ကျော်ခဲ့ပြီဖြစ်သည်။ အဆောက်အအုံတည်ဆောက်ပုံမှာလည်း အံ့ဩဖွယ် ကောင်းလှသည်။

သူ၏ခြံစည်းရိုးမှာ သစ်ပင်များဖြစ်သည်။ ခြံဝင်းကျယ်ကြီးတစ်လုံးကို သစ်ပင်များစိုက်၍ စည်းရိုးခတ်ထားလေ၏။ ထိုသစ်ပင်များအကြား၌ ကြီးမားသော တံခါးတစ်ခုရှိသည်။ ထိုတံခါး၌ သံပြားဆိုင်းဘုတ်တင်ထားပြီး 'စင်းကျန်နယ်မှာ ပထမ'ဟူသော စာလုံးကို ရေးထိုးထားလေ၏။

တုထိပါးသည် စင်းကျန်နယ်၌ အထူးခြားဆုံးသော သိုင်းပညာရှင်နှင့်အချမ်းသာဆုံးသော သူဌေးတစ်ယောက်ဖြစ်နေပေ**သည်။**

ချူကွန်သည် မိုးသံလေသံကြားမှ တံခါးရှိရာသို့ **ပြေးကပ်**လိုက်လေ၏။ ပတ်ဝန်းကျင်တစ်ခုလုံး လူသူတစ်ယောက်မျှ **မတွေ့ရ**ချေ။

သူသည် တံခါးကြားမှ အတွင်းသို့ချောင်းကြည့်လိုက်ရာ တံခါးအတွင်းဘက်၌ ကျယ်ပြန့်သော ဥယျာဉ်ကြီးတစ်ခုကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းအမျိုးမျိုးကို စိုက်ပျိုးထားကြောင်း တွေ့ရှိရသည်။ လေကြီးမိုးကြီးကျနေသဖြင့် ထိုဥယျာဉ်ထဲ၌ လူသူတစ်ဦးတစ်ယောက်မျှကိုမျှ မတွေ့ရပါချေ။ ထို့ကြောင့် ချူကွန်သည် ဥယျာဉ်ထဲသို့ခုန်ဆင်းလိုက်လေ၏။

အဓိက အိမ်ကြီးတစ်ဆောင်နှင့် အခြားများပြားလှသော အိမ်ငယ်ကလေးများသည် ခြံဝင်းကျယ်ကြီးအတွင်း၌ အနှံ့အပြားရှိနေလေ၏။ ချူကွန်သည် ခြံကြီး၏အနေအထားကိုကြည့်လိုက်သည်။

"ဒီနေရာဟာ တုထိပါး‌ရဲ့အဓိက နေရာမဖြစ်နိုင်ဘူး၊ ဆရာ့ရဲ့ပစ္စည်းလဲ ရှိမှာမဟုတ်ဘူး၊ အဲဒီတော့ ငါ… ဟိုဘက်အိမ်ကလေးကို သွားကြည့်ရင်ကောင်းမယ်"

သူသည် လက်ယာဘက်ရှိ အိမ်ကလေးသို့ပြေးလွှားချဉ်းကပ်သွားလေတော့၏။ အိမ်ကလေးနှင့် ဝါးတစ်ရိုက်ခန့်အကွာ၌ ပလွေသံသဲ့သဲ့ ကြားလိုက်ရတော့သည်။ မိုးလေသံကြောင့် ပလွေသံသဲ့သဲ့ကိုသာ ကြားရခြင်းဖြစ်ပါသည်။

"ဘယ်သူပလွေမှုတ်နေတာလဲ မသိဘူး၊ တုထိပါးဟာသိုင်းသမားအစောင့် အတော်များများကို ချထားမှာပဲ"

သူသည် အိမ်ကလေးဆီသို့ရောက်ရှိလာ၏။ တံခါးနားကပ်၍ နားစွင့်လိုက်သည်။ လူတစ်ယောက်၏အက်ကွဲစွာပြောသောအသံကို ကြားလိုက်ရသည်။

"တော်လောက်ပြီ စီနီ၊ မင်းပလွေမှုတ်တာ ၂ နာရီလောက်ရှိသွားပြီ၊ မိုးသံလေသံထဲမှာ မင်းပလွေသံက ဖောက်ထွက်နေတယ်၊ သံစဉ်လဲ လုံးဝမပြောင်းဘူး၊ ငါ နားညည်းလို့သေတော့မယ်"

စီနီ၏အသံ ထွက်ပေါ်လာသည်။



"ဒီမှာ ပုချီ… မင်း သေရင်ကောင်းမယ်၊ နိုးနေရင် မင်းပြဿနာရှာတာပဲ၊ မင်း တစ်နေကုန် အိပ်နေရင်ကောင်းမယ်"

စီနီက ဆက်ပြောလိုက်လေ၏။

"ငါတို့သေသွားတာက ပိုကောင်းဦးမှာပါကွာ၊ မင်း စဉ်းစား၊ ဒီနေရာက (၁၅)နှစ်လုံးလုံး အပြင်ထွက်ခွင့်မရဘူးဆိုတော့ သေတာကမှ ကောင်းဦးမယ်ကွာ"

ပုချီက ပြောလိုက်၏။

"စီနီ… မင်း တကယ်သေချင်ပြီနဲ့တူတယ်၊ ဒီစကားကို သခင်မကြားစေနဲ့၊ သခင့်ကြည့်ရတာ စိတ်မရွှင်ဘူး၊ သူ မင်းပြောတဲ့စကားကိုကြားသွားရင် မင်းကိုသတ်လိမ့်မယ်"

ပုချီ၏အသံ တိုးသွားသည်။

"ငါတို့ သခင် တော်တော်လေးအလုပ်ရှုပ်နေတယ်၊ အခန်းတွေကိုလဲ ကိုယ်တိုင်စီစဉ်နေတယ်၊ တစ်နေ့က ရေကန်ထဲဆင်းသွားတာကိုလဲ တွေ့မိလိုက်တယ်"

ပုချီက တိုးတိုးပြောသော်လည်း ချူကွန်က ကောင်းစွာကြားနေရသည်။

"အင်း… တုထိပါး အဆင်သင့်ပြင်နေပြီကိုး၊ သူတို့ပြောတဲ့စကားအရ တုထိပါးဟာ ရေကန်ထဲမှာ တစ်ခုခုစီစဉ်ထားတဲ့ပုံပဲ"

ချူကွန် စဉ်းစားနေခိုက် စီနီက ပြောလာလေ၏။

"မင်းပြောတာ မှန်တယ်၊ တစ်ခုခုတော့ဖြစ်လိမ့်မယ်နဲ့ တူတယ်၊ ဒီရက်အတွင်းမှာ ယင်းလူးနဲ့မိုလင်းနကို မတွေ့ရဘူးကွ၊ အဲဒါဟာ ထူးခြားချက်ပဲ"

ယင်းလူးနှင့်မိုလင်းနတို့၏ အသံကိုကြားလိုက်ရသဖြင့် ချူ

www.burmeseclassic.com

www.burmeseclassic.com



ကွန် ရင်ထိတ်သွားသည်။

ပုရှိုက ပြောလိုက်၏။

"ဒါတွေ ထားလိုက်စမ်းပါကွာ၊ ဒါတွေဟာ တို့နဲ့မဆိုင်ပါဘူး။ ဒီတော့ မေ့ထားတာ**အကောင်းဆုံးပဲ**"

ထို့နောက် **အသံတိတ်သွားလေ**တော့၏။ တစ်ခဏအကြာတွင် **ပလွေသံ ပြန်ပေါ်လာလေသည်။**

**"မင်းကလဲကွာ၊ ငါ နားညည်း**ပါတယ်လို့ ပြောနေတာ မကြားဘူးလား။ **တော်စမ်းပါ**တော့ကွာ"

**သို့သော်** ပလွေသံက မရပ်ပါ။ ဆက်လက်ထွက်ပေါ်နေပါသည်။ ချူကွန် မျက်မှောင်ကုပ်သွား၏။

"ဒီအိမ်ကတော့ ဒီလောက်ပဲ သိရမယ်၊ တခြားအိမ်ကို လှေ့လာကြည့်ရဦးမယ်"

ချူကွန်သည် ထိုအိမ်ကလေးမှထွက်ခွာခဲ့၏။ ကျောက်ခင်းထားသောလမ်းအတိုင်း ပြေးလွှားလာခဲ့သည်။

"ဒီလောက်ကျယ်ဝန်းတဲ့ မြို့ကျယ်ကြီးထဲမှာ တုထိပါးဟာ ပစ္စည်းတွေကို အနံ့အပြားဝှက်နိုင်တာပဲ၊ ရှာရ တော်တော်ခက်**မယ့်**ကိစ္စပဲ"

သူသည် ပြေးလွှားရင်း လူရိပ်တစ်ရိပ်ကို လှစ်ခနဲ**တွေ့လိုက်**ရသဖြင့် သစ်ပင်တစ်ပင်အကွယ်၌ ပုန်းလိုက်ရသည်။

တစ်ယောက်နှင့်တစ်ယောက် အတော်ဝေးလံသ**ဖြင့် ချူ**ကွန်ကို ထိုလူရိပ် တွေ့သွားပုံ မရပါ။ မကြာမီ ထိုလူရိပ်သည် **ချူကွန်**ရှေ့သို့ ပြေးလွှားလာလေ၏။

ဝါး(၃)ရိုက်ခန့်အကွာမှ ကြည့်လိုက်သောအခါ မြို့ရှင်တုထိ



ပါးဖြစ်နေသည်ကို တွေ့လိုက်ရတော့**သည်။**

သူသည် စင်းကျုန်းအမျိုးသားတို့**၏ဝတ်စုံကိုဝတ်ဆင်ထား**သည်။ မိုးလေကြားတွင် ထီးဆောင်းထားခြင်းမရှိပါ။ ထို့ကြောင့် သူတစ်ကိုယ်လုံး မိုးရေများ စိုရွှဲနေပါသည်။

သူ၏လက်ထဲတွင် လက်ဝါးအရွယ်ခန့် ပျဉ်ပြားတစ်ချပ်ပါရှိပြီး သူသည် ခေါင်းငုံ့ပြီး စဉ်းစားနေလေ၏။ ချူကွန်သည် အသက်ရှူအောင့်ပြီး ဆက်လက်ကြည့်ရှုနေ၏။ တုထိပါးက ရေရွတ်နေသည်။

"ဒီပစ္စည်းကို မသုံးတာဘဲ ကောင်းတယ်"

ထိုစကားသံကို ချူကွန် ကြားလိုက်သည်။ ကျန်သောစကား**သံ**ကို ချူကွန် မကြားပါ။ မိုးထဲ လေထဲတွင် ပျောက်သွားပါသည်။

ချူကွန်သည် မမျှော်လင့်ဘဲနှင့် တုထိပါးနှင့် တွေ့ရသဖြင့် ဝမ်းသာသွားသည်။ ဤသို့မဟုတ်လျှင် တုထိ**ပါးကို လိုက်လံရှာ**ဖွေရမည် မဟုတ်ပါလား။

"ငါ သူ့ကို ဘယ်လိုက်ရှာရမှန်းမသိဘဲ **ဖြစ်နေတုန်း** သူရောက်လာတော့ အတော်ပဲ ဖြစ်သွားတယ်၊ သူ့**နောက်က တိတ်တိတ်**လိုက်ရမယ်"

ထိုအချိန်၌ တုထိပါးသည် သစ်သားပြားကို သူ့အင်္ကျီထဲသို့ **ထည့်**လိုက်၏။ ထို့နောက် ပြေးသွားသည်။ ချူကွန်က အနောက်ဘက်မှ အသာခိုး၍ လိုက်သွားလေတော့၏။

ချူကွန်သည် တုထိပါးနောက်သို့ လိုက်ရာတွင် သတိကြီးစွာထားရသည်။ အတွေ့အကြုံရင့်ကျက်သော သိုင်းပညာရှင်များသည် နောက်ယောင်ခံလိုက်သူများကို အလွန်သိတတ်ကြသည်။

"သူ့လက်ထဲက သစ်သားပြားဟာ အရေးကြီးတဲ့ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြစ်ပုံရတယ်၊ သေသေချာချာတွေ့ရရင် သိပ်ကောင်းမှာပဲ"

သူသည် ရှေ့မှပြေးသွားနေသော တုထိပါးကို မျက်ခြေမပြတ်လိုက်ရလေ၏။ ဤသို့လိုက်လာရင်း မျှော်စင်ကဲ့သို့တည်ဆောက်ထားသော အဆောက်အအုံတစ်ခုအနီးသို့ ရောက်လာလေတော့၏။

မျှော်စင်ဘေးတွင် အဆောက်**အအုံတစ်ခုရှိရာ ထိုအ**ဆောက်အအုံထဲမှ တုထိပါး၏ကိုယ်ရံတော်**သုံးယောက် ထွက်ပေါ်**လာလေ၏။ ချူကွန်မှာ အဝေးကတည်းက **သတိထားလေရာ လျှင်**မြန်စွာ ပုန်းကွယ်လိုက်နိုင်သည်။

ထို့နောက် တုထိပါးသည် အဆောက်အအုံထဲဝင်ရောက်ပျောက်ကွယ်သွားတော့၏။

ချူကွန်သည် ပုန်းကွယ်ရာမှ ထွက်မည် ပြုလုပ်စဉ် အမျိုးသမီးတစ်ဦးသည် ထိုအဆောက်အအုံထဲမှ ပြေးထွက်လာသဖြင့် ပြန်ပုန်းလိုက်ရသည်။

ပြေးထွက်လာသူအားကြည့်လိုက်ရာ သူ့မိခင် ယင်းလူးဖြစ်နေသည်ကိုတွေ့ရှိရလေ၏။ ယင်းလူးသည် တစ်ဟုန်ထိုး ပြေးထွက်သွားသည်။

ထိုစဉ် နောက်မှ လူတစ်ယောက်ထွက်လိုက်လာသည်။ တုထိပါးတည်း။ သူသည် မိုးထဲလေထဲ၌ အော်လိုက်၏။

"ယင်းလူး... မင်း ပြန်လာပါ... ငါ ပြောစရာရှိတယ်"

ယင်းလူးမှာ **ရှူးသွပ်နေသူအလား** တစ်ရှိန်ထိုး ထွက်ပြေးပျောက်ကွယ်သွား**သည်။ တုထိပါး၏**မျက်နှာပေါ်တွင် ဝေဒနာခံစားရသည့် အရိပ်အ**ယောင်များ**ဖြစ်ပေါ်လာ၏။ သူက ခေါင်းယမ်းလိုက်ပြီး....



**"အင်း... လွန်ခဲ့တဲ့နှစ်(၂၀)တုန်းက မိုက်မိတာ**တွေဟာ **အခု**တော့ အကြီးအကျယ်ခံစားနေရပါပြီကွာ"

သူသည် သက်ပြင်းချပြီး အိမ်ထဲသို့ပြန်ဝင်သွား**လေ၏။**

လွန်ခဲ့သော အနှစ်(၂၀)က မိုက်မိခဲ့တာဆိုပါက**လား။ မိမိ**ဖခင်ကိုသတ်ခဲ့သောအဖြစ်ကို ရည်ညွှန်းခြင်းဖြစ်ပုံရသည်။

သူ နောင်တရနေသည့်ပုံလား၊ မထင်ပါ။ ချူကွန် **လုံးဝမ**ထင်ပါ။ တဒင်္ဂ စိတ်အနှောင့်အယှက် ဖြစ်သွားသဖြင့် ညည်းညူရေရွတ်လိုက်သည့်စကားသာ ဖြစ်ပါမည်။

ချူကွန်သည် အံကြိတ်လိုက်မိလေ၏။ တုထိပါးသည် မိမိ၏ဖခင်ကို သတ်သောသူဖြစ်သည်။ မိမိ၏ မဟာရန်သူတော်ဖြစ်သည်။

ထို မဟာရန်သူတော်ကို လက်စားချေရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

### ဝထမတောစ်ကြိမ်ထိုးဖောက်ခြင်း

**ချူကွန်**သည် စဉ်းစားနေ၏။

"**ကြည့်**ရတာ ယင်းလူးနဲ့ တုထိပါးတို့ပျော်ပျော်ရွှင်ရွှင်ရှိကြပုံ မရဘူး"

သူသည် ပုန်းလျှိုးနေရာမှ ထွက်လိုက်သည်။ တဖြည်းဖြည်း အဆောက်အအုံရှိရာသို့ ချဉ်းကပ်သွားလေတော့၏။ တုထိပါးဝင်သွားသည့်တံခါးသည် **ပွင့်နေ၏။ သို့**သော် ချူကွန်သည် ထိုတံခါးအနီးသို့ မကပ်ချေ။ **ပြတင်းပေါက်အနီးသို့** သွားလေ၏။

**ချူကွန်သည် ပြတင်း**ပေါက်တံခါးကို ဆွဲဖွင့်လိုက်ရာ ပွင့်သွားသဖြင့် **အသာဟပြီး** အထဲသို့ချောင်းကြည့်လိုက်လေ၏။

တုထိပါး**သည်** ဗီရိုကြီးတစ်လုံးရှေ့တွင် ရပ်နေကြောင်း တွေ့ရှိလိုက်ရသည်။ သူကိုင်ထားသည့်အရာကိုကြည့်ပြီး ငေးမောနေသည်။

"အလို"

ချူကွန်သည် နှုတ်မှထွက်မိမတတ်ဖြစ်သွားသည်။ သူ သည် အလျင်အမြန် နှုတ်ကိုပိတ်လိုက်ရ၏။ အဘယ့်ကြောင့်ဆိုသော် တုထိ



ပါးသည် အနီရောင်ခေါင်းမွေးကို ကိုင်ထားသောကြောင့်တည်း။

"ဘုရား... ဘုရား။ ဘဘကျွန်ဝမ်း လိုချင်တဲ့ပစ္စည်းဖြစ်နေပါကလား"

ချူကွန်သည် ရင်ထဲမှပြောလိုက်မိသည်။

တုထိပါး ရေရွတ်နေသံကို ချူကွန်ကြားလိုက်ရသည်။

"ဒီနေရာပဲ ပြန်ထားတာကောင်းပါတယ်"

**တုထိပါးသည်** ဗီရိုကိုဆွဲဖွင့်လိုက်၏။ ဗီရိုထဲ၌ စာအုပ်များစွာ **ရှိနေ၏။** ထိုစာအုပ်များထဲမှ စာအုပ်တစ်အုပ်ကိုယူ၍ အနီရောင် **ခေါင်းမွေး**ကိုပြန်ထည့်ပြီး နေသားတကျပြန်ထားလိုက်၏။ ထို့နောက် တုထိပါးသည် ထိုနေရာမှ ထွက်ခွာသွားတော့သည်။

အနီရောင်ခေါင်းမွေးသည် ချူကွန်အား ညို့မြူနေလေပြီ။ ချူကွန်သည် တုထိပါးနောက်သို့ ဆက်မလိုက်တော့ချေ။ **သူသည်** အနီရောင်ခေါင်းမွေးကိုယူသင့် မယူသင့်စဉ်းစား**နေရတော့၏။** နောက်ဆုံး၌ အနီရောင်ခေါင်းမွေးကိုယူရန် ဆုံးဖြတ်လိုက်တော့သည်။

ချူကွန်သည် ပြတင်းပေါက်ကိုဆွဲဖွင့်ကာ ဝင်လိုက်သည်။ တုထိပါး ရပ်နေသည့်ဗီရိုရှေ့၌ သွားရပ်လိုက်သည်။

"တုထိပါးက ဒီလောက်အရေးကြီးတဲ့ပစ္စည်းကို ဘာကြောင့် လွယ်လွယ်နေရာမှာ ထားရသလဲ"

သူသည် ဘဘကျန်ဝမ်းမှာကြားသည့်စကားကို ကြား**ယောင်နေမိ၏။**

"ငါ့တပည့် အနီရောင်ခေါင်းမွေးကို ရအောင်ယူခဲ့ပါ"

ချူကွန်သည် အနီရောင်ခေါင်းမွေးကိုယူလိုသည့်ဆန္ဒသည် ပြင်းပြလာလေ၏။ အနီရောင်ခေါင်းမွေးသည် သူ၏လက်တွင်ကောမ်း

www.burmeseclassic.com

www.burmeseclassic.com



အလိုတွင် ရောက်ရှိနေပြီမဟုတ်ပါလော။

"သူ... ဗီရိုထဲမှာ အန္တရာယ်ပြုနိုင်တဲ့ စက်ခလုတ်တစ်ခုခု များ တပ်ထားခဲ့သလား မသိဘူး။ ငါ သတိထားမှ"

သူသည် စိတ်ထဲမှရေရွတ်ပြီး ဗီရိုတံခါးကို ဘယ်လက်ဖြင့် ဆွဲဖွင့်လိုက်သည်။ သူသည် ခန္ဓာကိုယ်ကိုလည်း လျှင်မြန်စွာ ရှောင်တိမ်းလိုက်၏။ သို့သော် မည်သည့်အန္တရာယ်မျှကျရောက်မလာပါ။

တုထိပါး ထည့်လိုက်သည့်စာအုပ်ကို ချူကွန် သေချာစွာ မှတ်ထားသဖြင့် လွယ်ကူစွာဆွဲထုတ်လိုက်သည်။ သူသည် စာအုပ်ကို ဖွင့်လိုက်၏။ ထိုအခါ လေးလက်မခန့် အရှည်ရှိသော အနီရောင်ခေါင်း မွေးကိုတွေ့ရလေတော့၏။ ချူကွန်သည် အလွန်ဝမ်းသာသွား၏။

သူသည် အနီရောင်ခေါင်းမွေးကိုယူ၍ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် စာအုပ်ကိုပြန်ထည့်ကာ တံခါးကိုပိတ်လိုက် ၏။ ကိစ္စပြီးသွားပေပြီ။ ချူကွန် ပြန်ထွက်မည်အပြုတွင် အသက်ရှူ သံတစ်သံကို ကြားလိုက်ရသဖြင့် ထိတ်ခနဲ ရင်ခုန်သွားသည်။

ချူကွန်သည် ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

တံခါးပေါက်ကိုပိတ်လျက် လူငယ်တစ်ယောက်သည် ရပ်နေ ကြောင်း ချူကွန်တွေ့လိုက်ရလေပြီ။ ထိုလူငယ်သည် အနီရောင် ဘောင်းဘီရှည်ကိုဝတ်ဆင်ထားသဖြင့် ထင်ရှားစွာ တွေ့မြင်ရသည်။

သူ့မျက်နှာထားမှာ နွေးနွေးကွေးကွေး ထုံထုံထိုင်းထိုင်း ဖြစ်လေ၏။ ချူကွန်က မေးလိုက်၏။

"မင်း ဘယ်သူလဲ"

ထိုလူငယ်သည် ချူကွန်အား ထိုင်းမှိုင်းလေးကန်စွာ ကြည့် နေမိသည်။ အသက်ကင်းမဲ့သော အလောင်းကောင်နှင့်တူလှ၏။ ချူ ကွန်မှာ အလိုလိုနေရင်း ကျောချမ်းသွားသည်။



"မင်း... ဒီကို ဘာလာလုပ်တာလဲ"

လူငယ်မေးရမည့်စကားကို ချူကွန်က မေးလိုက်ခြင်းဖြစ် ၏။ ထိုလူငယ်၏ပြူးကျယ်သောမျက်လုံးအစုံသည် လှုပ်ရှားလာ လေ ၏။

"မင်းကို ငါသိတယ်၊ မင်းနာမည် ချူကွန်၊ မင်းတို့လာလိမ့် မယ်လို့ ဆရာက ပြောတယ်"

ချူကွန် ထင့်ခနဲ ဖြစ်သွားသည်။

"ဟုတ်လား... မင်းဆရာက ဘယ်သူလဲ"

"ငါ့ဆရာက... တုထိပါး"

"မင်းက တုထိပါးရဲ့ တပည့်ကိုး"

"ဟုတ်တယ်... တုထိပါးရဲ့တပည့်"

"မင်း ဘာလာလုပ်တာလဲ"

လူငယ်သည် ခေါင်းကုတ်၍ အတန်ကြာ စဉ်းစားနေသည်။

"ငါ... ဘာလာလုပ်တာလဲ ဟုတ်လား"

လူငယ်က ခေါင်းယမ်းလိုက်သည်။

"ငါလဲ မသိဘူး"

ချူကွန်သည် ဤလူငယ်မှာ ဦးနှောက်ချွတ်ယွင်းသောလူ ငယ်ဖြစ်သည်ဟု ရိပ်မိလိုက်လေ၏။ သူသည် လွတ်မြောက်မည့်လမ်း စကို တွေ့ရှိလိုက်သည်။

"မင်းဆရာကို ငါသွားတွေ့မယ်၊ မင်း ပြန်အိပ်တော့"

လူငယ်သည် မျက်မှောင်ကုပ်၍ စဉ်းစားနေပြီးမှ....

"ငါ့ဆရာကို မင်းသွားတွေ့မယ်၊ ငါသွား အိပ်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်… ဒီအကြံကောင်းတယ်"

သူသည် လှည့်သွားလေ၏။ ချူကွန် ဝမ်းသာသွားသည်။ သို့သော် လူငယ်သည် ရုတ်တရက် ပြန်လှည့်လာလေ၏။

"အနီရောင်ခေါင်းမွေးကို မင်း ဘယ်ကိုယူသွားမလို့လဲ"

ချူကွန် ရင်ထိတ်သွားလေ၏။

"ဘယ်က အနီရောင်ခေါင်းမွေးလဲ"

လူငယ်က ခေါင်းယမ်းလိုက်သည်။

"မင်း ယူလိုက်တာကို ငါတွေ့ပါတယ်၊ ဆရာက ငါ့ကိုမှာထားတယ်"

"ဘာမှာထားလို့လဲ"

"ချူကွန်လာရင် တိုက်ခိုက်ရမယ်လို့ မှာထားတယ်"

သူ့မျက်လုံးအစုံသည် ပြူးကျယ်ပြီး ရန်မူလိုသောအသွင်သဏ္ဌာန်သို့ ပြောင်းလာလေ၏။

"မင်းက ချူကွန်ပဲ၊ မင်းကို တိုက်ခိုက်ရမယ်"

ချူကွန် မျက်မှောင်ကုပ်သွား၏။

"မင်း မှားနေပြီ၊ ငါ ချူကွန်မဟုတ်ဘူး။ မင်း သွားအိပ်တော့"

ချူကွန်က ပြောပြီးသည်နှင့် ပြတင်းပေါက်ရှိရာသို့ ထွက်လာလေ၏။ လူငယ်က ချူကွန်၏သွားလမ်းကိုပိတ်၍ ရပ်လိုက်၏။

"မင်း ဘာလုပ်မလို့လဲ"

"မင်းကို တိုက်ခိုက်မလို့၊ ငါ့ဆရာက မှာထားတယ်၊ ချူကွန်ကိုတိုက်တဲ့…"

သူသည် ပြောပြောဆိုဆို လက်သီးတစ်လုံးဖြင့် ချူကွန်၏



ရင်ဝသို့ ထိုးသွင်းလိုက်သည်။ ချူကွန်သည် ရှောင်တိမ်းလိုက်ပြီး ထိုလူငယ်၏လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားလိုက်၏။

"မင်း မဆိုးဘူး"

လူငယ်သည် ရန်းထွက်လိုက်ပြီး လက်ငါးချောင်းဖြင့် ချူကွန်၏မျက်နှာကို ကုတ်ဆွဲလိုက်တော့သည်။ ချူကွန် မတုံ့ပြန်၍မဖြစ်တော့ပါ။ ခေါင်းငုံ့ရှောင်တိမ်းလိုက်ပြီး ပြန်လည်တိုက်ခိုက်ရတော့သည်။ လူငယ်က(၅)ပေခန့်အကွာသို့ ဆုတ်ရှောင်ပြီး….

"မင်းက တကယ်တိုက်ခိုက်မှာလား"

ချူကွန်က ရယ်မောလိုက်၏။

"ငါ ရန်မဖြစ်ချင်ပါဘူးကွာ"

သူက ပြောပြီး အိမ်ပြင်သို့ပြေးထွက်လိုက်၏။

လူငယ်က နောက်မှပြေးလိုက်ပြီး တိုက်ခိုက်သည်။

"အနီရောင်ခေါင်းမွေး ပြန်ပေး"

လူငယ်က အော်သည်။ ချူကွန် စိတ်တိုလာပြီး….

"ငါ ရန်မဖြစ်ချင်ဘူးလို့ မင်းကို ပြောနေတယ်"

လူငယ်က ချူကွန်၏ပြေးလမ်းကို ပိတ်ဆို့ရပ်လိုက်၏။

ချူကွန် သက်ပြင်းချလိုက်သည်။

"ဒီလောက်ဖြစ်လှတာ တွေ့ကြသေးတာပေါ့ကွာ"

ချူကွန်သည် ထိုလူငယ်အား တိုက်ခိုက်တော့သည်။ ထိုလူငယ်သည် အောက်စည်းမှခုခံရလေ၏။ လူငယ်သည် အောက်စည်းမှခုခံရသော်လည်း သိုင်းကွက်က အဆင့်မြင့်လေသည်။ သူသည် လူငယ်ကိုဒဏ်ရာမရစေလိုပေ။ ထို့ကြောင့် လျှော့ပြီး တိုက်ခိုက်ပါလေတော့၏။ ထိုအခါ လူငယ်က အသာစီးမှရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က ပြုံးစိစိဖြင့် ဖြစ်လာလေ၏။ ချူကွန် ခံပြင်းလာပြီး....

"ဒီမှာ မင်းရဲ့ပညာ မဆိုးဘူး။ မင်းကိုတွေ့ရတာ ငါ သိပ်ဝမ်းသာပါတယ်"

လူငယ်က....

"မင်းရဲ့သိုင်းပညာက တကယ်ကောင်းတာပဲ"

လူငယ်သည် ချူကွန်ကိုတိုက်ခိုက်လေတော့၏။ ချူကွန်သည် အတွင်းအား အနည်းငယ်ထုတ်ပြီး လူငယ်ကိုရိုက်ချလိုက်လေ၏။

"ဝုန်း"

လူငယ်သည် ကြဲ့ကြဲ့ခံနိုင်သည်ကိုတွေ့ရလေ၏။

ချူကွန် အံ့ဩသွားသည်။

"မင်း သိုင်းပညာအဆင့်မဆိုးဘူး။ နာမည် ဘယ်လိုခေါ်သလဲ"

"ငါ့နာမည် မိလုကပ်၊ မင်းရဲ့သိုင်းပညာကောင်းတယ်၊ ငါက မင်းကိုတိုက်ခိုက်ဖို့ မှာထားလို့သာ ငါတိုက်ခိုက်တာ၊ ငါရှုံးမှာပဲ"

ချူကွန်က ရယ်လိုက်၏။

"မင်း အမှန်တရားကိုသိသားပဲ၊ ပြန်အိပ်ပါတော့ကွာ"

"မင်း အနီရောင်ခေါင်းမွေးကိုပြန်ပေးရင် မတိုက်ခိုက်တော့ဘူး။ ငါ ပြန်အိပ်မယ်"

"မိလုကပ်... မင်းမှားနေပြီ၊ ဒီပစ္စည်းဟာ ငါ့မိတ်ဆွေရဲ့ပစ္စည်းပါ"

မိလုကပ် စကားမပြောတော့ပါ။ တိရစ္ဆာန်တစ်ကောင်ပမာ



ဝင်၍ တိုက်ခိုက်တော့သည်။ ချူကွန် စိတ်တိုသွားသည်။

"မင်းက ရန်လိုနေမှတော့ ငါလဲ မတတ်နိုင်တော့ဘူး။ မင်းကို တိုက်ခိုက်ရတော့မှာပဲ"

ချူကွန် လက်ဝါးဖြင့်ရိုက်လိုက်သောအခါ ကိုယ်ခန္ဓာကြီးကို ရိုက်မိသွား၏။ ခန္ဓာကိုယ်ကြီးသည် အပေါ်သို့မြောက်တက်သွားပြီး အောက်သို့ပြန်ကျလာသည်။ လူငယ်သည် လူးလဲထလာလေ၏။ လူငယ်သည် ဘာမှမဖြစ်ချေ။ ချူကွန် အံ့ဩသွား၏။

"မိလုကပ်... ငါတို့တိုက်ပွဲကို ရပ်လိုက်ရင်ကောင်းမယ်ထင်တယ်"

မိလုပ်ကပ်သည် တစ်ရှိန်ထိုး ပြေးဝင်တိုက်ခိုက်တော့သည်။

ချူကွန် ဒေါသထွက်လာလေပြီ။

"ကဲ... ဒီလောက်တောင် ဖြစ်လှတာ၊ မှတ်လောက်သားလောက်အောင် တိုက်ခိုက်ရမယ်"

သူသည် မိလုကပ်၏သွေးကြောပိတ်ရန် ဟန်ပြင်လိုက်စဉ် တုထိပါး၏အော်သံကို ကြားလိုက်ရတော့သည်။

"မိုလင်းနု... ငါ့နောက်ကိုလိုက်ခဲ့စမ်း"

ချူကွန် ရင်ထိတ်သွား၏။

"ဒုက္ခပဲ... ဒီလိုအချိန်မျိုးမှာ တုထိပါးက ငါ့ကိုတွေ့သွားလို့ မဖြစ်သေးဘူး"

ထိုအချိန်မှာပင် မိလုကပ်သည် ချူကွန်အား သိုင်းဖက်ထားလေတော့၏။ ချူကွန် မတတ်နိုင်တော့ပါ။ မိလုကပ်၏ရင်ဝသို့ တံတောင်ဖြင့် ဆောင့်လိုက်ရသည်။

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



မိလုကပ်၏ခန္ဓာကိုယ်ကြီးသည် အဝေးသို့လွှင့်စဉ်သွား၏။ ချူကွန်သည် ကိုယ်ဖျောက်ပညာကိုသုံးပြီး အိမ်ထဲမှ ပြေးထွက်သွားလေတော့၏။ တုထိပါးက သူ့အား မတွေ့စေရန် ဖြစ်ပေသည်။

မကြာမီ မြို့အပြင်သို့ရောက်ရှိပြီး တုထိပါးတို့လိုက်မလာသည်ကို တွေ့ရှိရလေ၏။ ထိုအခါမှ ချူကွန် သက်ပြင်းချနိုင်တော့သည်။ သူသည် မိလုကပ်အား ဒဏ်ရာရအောင် တိုက်ခိုက်ခဲ့မိသည်ကို စိတ်မကောင်းဖြစ်နေတော့သည်။

သူသည် ရေကန်ထဲသို့ဆင်းလိုက်၏။ အေးစိမ့်သောရေသည် သူ၏ဆူပွက်နေသောသွေးများကို အေးစိမ့်သွားစေသည်။

တစ်ဘက်ကမ်းသို့ရောက်သောအခါ သူသည် တိုနီရှိုပါဘုရားကျောင်းကုန်းမြင့်ပေါ်မှ ရေများသည် ဒလဟောအောက်သို့စီးဆင်းနေသည်ကို တွေ့ရ၏။

စင်းကျန်နယ်မှလူများသည် အလုပ်မလုပ်နိုင်ကြတော့ပေ။ အိမ်တွင်းအောင်းနေကြရတော့၏။

ချူကွန်သည် သူနေထိုင်ရာအခန်းသို့ပြန်ရောက်၍ ကြည့်လိုက်သောအခါ လုံကု ရှိမနေကြောင်းတွေ့ရလေတော့၏။ သူသည် မိုးရေစိုနေသောအဝတ်အစားများကို လဲလှယ်လိုက်သည်။

သူသည် အနီရောင်ခေါင်းမွေးကိုယူလိုက်၏။ သူသည် ဝီတိဖြစ်စွာ ခေါင်းမွေးကိုကိုင်ကြည့်နေလေ၏။

"ငါ ဒီခေါင်းမွေးကိုရလာတယ်ဆိုတာကိုသာ ဘာဘာကျန်ဝမ်းသိရင် ဘယ်လောက်ဝမ်းသာမလဲဆိုတာ မသိဘူး"

သူသည် အနီရောင်ခေါင်းမွေးကို တရိုတသေပြန်သိမ်းလိုက်၏။ ထိုအချိန်တွင် ကိုရင်လေးတစ်ပါး ရောက်ရှိလာလေ၏။



"ချူကွန်... ဒီနေ့ အိပ်ရာထ နောက်ကျလှချည်လား"

ကိုရင်က ချူကွန်သည် ယခုမှအိပ်ရာထသည်ဟု ထင်ပြီး ပြောခြင်းဖြစ်သည်။

"ဟုတ်တယ်... မိုးရွာလွန်းလို့ အိပ်နေတာ၊ ရေနွေးရှိရင် ကျေးဇူးပြုပြီး ပို့ပေးပါလား ကိုရင်"

ကိုရင်လေးက....

"ရပါတယ်... မင်းအတွက် ငါ စားစရာ ချန်ထားပါတယ်"

ထိုစဉ် ချူကွန်သည် တစ်စုံတစ်ခုကိုသတိရပြီး....

"ဒီနေ့ ဘယ်ကဧည့်သည်များ လာသေးသလဲ"

"ဧည့်သည်တော့ မလာဘူး၊ ဒကာမလေးတစ်ယောက်တော့လာတယ်၊ စာတစ်စောင်ပေးသွားတယ်"

သူသည် ပြောပြောဆိုဆို စာတစ်စောင်ကိုထုတ်ပေးလေ၏။ ချူကွန် စာကိုယူဖတ်လိုက်သည်။ ကိုရင်လေး ထွက်သွားလေ၏။

သူ့ စိတ်ထဲမှ စုစုအင်းထံမှ စာဖြစ်မည်ဟု ထင်သည်။

ချူကွန်သည် စာကိုဖောက်၍ဖတ်လိုက်၏။

"ချူကွန်... ရှင်ရောက်နေပြီဆိုတာ ကျွန်မသိတယ်။ ဒါပေမယ့် ဖေဖေက လုံးဝလွှတ်မပေးလို့ ရှင့်ဆီကိုမရောက်နိုင်တာပါ။

ဒီရက်တွေအတွင်းမှာ သိုင်းပညာပဲ လေ့ကျင့်နေရတာပဲ၊ ခေါင်းတွေလဲ မူး၊ ခြေလက်တွေလဲ ကိုက်ခဲလို့ ဒုက္ခရောက်လိုက်ရတာ မပြောပါနဲ့တော့၊ ရှင့်ဆရာလုံကုဖြစ်တယ်ဆိုတာ အခုမှသိရတယ်၊ သူက ကျွန်မအဖေရဲ့ရန်သူ၊ တော်တော်ဆိုးတယ်လို့ သိရတယ်၊ သတိထားပေါင်းပါ။

ရှင်ဟာ ကျွန်မတို့အိမ်လာပြီး ပစ္စည်းခိုးမယ်လို့ ဖေဖေက

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်၊ ရှင် ဘာဖြစ်လို့ ဒီစိတ်ကူးမျိုး စိတ်ကူးရတာလဲ၊ ဘာလဲ... ရှင် လူ့ဝတ်လဲပြီး ရှာဖွေမစားတတ်လို့ အခုလို ခိုးစားမှာလား၊ ရှင် အလုပ်မရှိမှာ မပူပါနဲ့၊ ကျွန်မ စီစဉ်ပြီးပါပြီ၊ မနက်ဖြန်ညကျမှ ကျွန်မ လာပြောပြမယ်။

မေမေလေးရဲ့ ရောဂါဟောင်းက ပြန်ထလာတယ်၊ တစ်နေ့ ကုန်တစ်နေခန်း ငိုနေရတာပဲ၊ **သူ့မှာ** အပြစ်ရှိတယ်လို့ပြောပြီး ငို နေတာပဲ၊ သူ့ရဲ့ **အတိတ်ဇာတ်ကြောင်း**ကို မေးကြည့်သေးတယ်၊ သူလဲ မှတ်မိပုံမပေါ်ဘူး။

ရှင်... အိမ်ကပစ္စည်းကို ခိုးဖို့မကြံနဲ့တော့နော်၊ ကျွန်မဘုရားကျောင်းတာဝန်ခံဆီမှာ အလှူငွေငါးရာထည့်ပေးထားပါတယ်၊ ရှင့်ကိုကောင်းကောင်းမွန်မွန် ကျွေးပါလို့လဲ မှာထားပါတယ်၊ စားဝတ်နေရေးအတွက် ဘာမှမပူပါနဲ့။

ရှင့်ကို သတိရတယ်...

မနက်ဖြန်ည **စောင့်နေပါ**။ ကျွန်မ လာခဲ့မယ်။

မိုလင်းနှ"

စာမှာ **စုစုအင်းထံမှစာ မ**ဟုတ်ချေ။ မိုလင်းနှထံမှ စာဖြစ်နေသည်။

မိုလင်းနှသည် သူ့အဖေပြောသည့်စကားများကို ယုံနေပုံရသည်။

ထိုစဉ် ဈေးဈေးကထွက်သွားသည့် ကိုရင်လေးသည် သစ်သားလင်ဗန်းတစ်ချပ်ဖြင့် ပြန်လည်ရောက်ရှိလာလေ၏။ ကိုရင်လေးက ဗန်းကို စားပွဲပေါ်တင်ပြီး....

"ဒီမှာ ဆိတ်နို့နဲ့အသားပေါင်း (၅) လုံးပါတယ်... ချထားခဲ့



မယ်"

ကိုရင်လေးသည် ပြောပြီးသည်နှင့် လင်ဗန်းကိုချထားခဲ့၏။

ချူကွန်သည် ဆာဆာနှင့် ဆိတ်နို့နှင့်အသားပေါင်း (၅)လုံးကို စားသောက်ပစ်လေတော့၏။ အသားပေါင်း (၅) လုံးလည်း ကုန်သွားသည်။ ဆိတ်နို့လည်း ကုန်သွားသည်။ **သူသည် ကိုရင်လေးအား** စိတ်ထဲမှကြိတ်၍ ကျေးဇူးတင်လိုက်လေ၏။

သူသည် စားသောက်ပြီးသောအခါ **မိုလင်းနှ၏ စာ**ထဲပါရှိသောအကြောင်းအရာများကို တွေးတောနေလေ၏။

"မေမေလေးရဲ့ ဝေဒနာဟောင်း ပြန်ထနေတယ်၊ တစ်နေ့ကုန် တစ်နေ့ခန်း ငိုနေတာပဲ"

ထိုစာပိုဒ်ကို သူ သတိရသည်။

ယင်းလူးသည် **သူ့မိခင်ဖြစ်သည်**။ ယင်းလူးကိုတွေ့ခဲ့စဉ်တုန်းက သူမသည် **စိတ်နှလုံးကောင်း**ရှိသောအမျိုးသမီးဖြစ်သည်ဟု သူယုံကြည်ခဲ့သည်။ သူ **အလွန်လေးစား**ခဲ့သောယင်းလူးမှာ ဖောက်ပြန်သော မိခင်ဖြစ်နေသည်။

"သူ့ရဲ့အတိတ်ဇာတ်ကြောင်းကို မေးကြည့်သေးတယ်၊ သူက မှတ်မိပုံမပေါ်ဘူး"

မိခင် ယင်းလူးသည် အတိတ်ကိုမှတ်မိခြင်းမရှိပါကလားဟု ချူကွန်သည် မိခင်၏အပြစ်ကိုဖော့၍ တွေးလေ၏။

"ယင်းလူးဟာ ရက်စက်ကြမ်းကြုတ်တဲ့မိန်းမ မဟုတ်ဘူး။ သူ့ကိုမြင်တွေ့တဲ့အခါတိုင်း ငေးငိုင်နေတာပဲ၊ တစ်ခုခုတော့ တစ်ခုခု ဖြစ်ပါလိမ့်မယ်"

သူသည် မိခင်၏အပြစ်ကို ကြီးလေးစေရန် မတွေးတော

www.burmeseclassic.com

www.burmeseclassic.com



**တော့ဘဲ ပေါ့စေရန်သာ တွေးနေမိသည်။**

**ထို့နောက် မိုလင်းနက** ကျောင်းတာဝန်ခံအား ငွေငါးရာပေးပြီး သူ့**အတွက် အစားအသောက်**ကောင်းကောင်းပေးရန် မှာကြားပုံကို သတိရလာသည်။

"အင်း... ဒါကြောင့်မို့ ငါ့ကိုပေးတဲ့ အစားအသောက်တွေ ကောင်းနေတာကိုး။ နို့မို့ဆိုရင် ဘယ်ကောင်းပါ့မလဲ"

ချူကွန်သည် စောစောက ကိုရင်လေး လာပေးသောဆိတ်နို့နှင့် အသားပေါင်း(၅)လုံးကို သတိရလိုက်လေ၏။

မိုးသည် သဲသဲမဲမဲရွာသွန်းနေရာမှ တဖြည်းဖြည်း **အားနည်း**လာသည်။ ထို့နောက် ဖြိုးဖြိုးဖျောက်ဖျောက် ရွာနေသေးသည်**။ အ**တန်ကြာမှ လုံးဝတိတ်သွားလေ၏။

ထိုစဉ် အဆောင်အပြင်မှစကားပြောသံ အချို့ကို ကြားလိုက်ရတော့၏။



### အခန်း(၈)

## အတုတူသည်

ချူကွန်သည် တံခါးကိုဆွဲဖွင့်လိုက်သည်။ ထိုအခါ အဆောင်အပြင်ဘက်တွင် သူ့ဆရာလုံကုနှင့် လျူဟုလျူတို့ကို တွေ့ရှိရသည်။

"ဆရာ ဝင်ပါ၊ ဘဘ ဝင်ပါ"

လုံကုနှင့် လျူဟုလျူတတို့သည် အတွင်းသို့ဝင်လေ၏။ အထဲသို့ရောက်လာသောအခါ ချူကွန်က လျူဟုလျူကိုကြည့်ပြီး ပြောလေ၏။

"ဘဘကို မတွေ့တော အတော်ကြာသွားပြီး"

လျူဟုလျူက ပြုံးပြီး....

"ငါ ဒီကိုရောက်နေတာကြာပြီ၊ ဝေကုံးနဲ့အ**တူ လျှောက်**လည်နေလို့ကွ"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ဒါဖြင့် တော်တော် ပျော်ခဲ့မှာပေါ့"

လျူဟုလျူက....

"ဟုတ်တယ်... တော်တော် ပျော်ခဲ့တယ်"

လုံကုက အခန်းတံခါးကိုပြန်ပိတ်လိုက်သည်။ လျူဟုလျူအ

www.burmeseclassic.com

www.burmeseclassic.com



နီးတွင် ထိုင်ချလိုက်သည်။ သူသည် ချူကွန်အား အကဲခတ်ကြည့်၏။

ချူကွန်၏မျက်နှာတစ်ပြင်လုံး ရွှင်ပြုံးနေသည်ကိုတွေ့ရသဖြင့် လိုကု၏မျက်နှာ၌ အုံ့ဆိုင်းနေသော အရိပ်အယောင်များ ပေါ်လာသည်။

"ငါ့တပည့် မင်းကြည့်ရတာ တော်တော်ပျော်နေပုံရတယ်၊ ဘာတွေဖြစ်လို့ မင်းပျော်ရွှင်နေတာလဲ"

ချူကွန်က လိုကုအား ဂါရဝပြုလိုက်၏။

"ဆရာ... ကျွန်တော်တုထိပါး အိမ်ကိုရောက်ခဲ့တယ်"

"ဟေ...."

"မမျှော်လင့်တဲ့ အကျိုးကိုရရှိခဲ့ပါတယ် ဆရာ"

"ဘာတွေများလဲကွ"

ချူကွန်သည် ဖြစ်ပျက်ခဲ့သည့်အကြောင်းများကို အတိုချုံး၍ ပြောပြလိုက်၏။

"ကျွန်တော် ဘဘကျန်ဝမ်းရဲ့အနီရောင်ခေါင်းမွေးကို ယူလာပါတယ်"

လိုကုနှင့် လျူဟုလျူတို့သည် မျက်လုံးများတွင် အရောင်တောက်သွားကြ၏။ ချူကွန်က ရှင်းပြလိုက်သည်။

"တုထိပါးဟာ အနီရောင်ခေါင်းမွေးကို စာအုပ်တစ်အုပ်ထဲမှာထည့်ပြီး ထွက်သွားပါတယ်၊ ကျွန်တော်လဲ အဲဒီစာအုပ်ထဲက အနီရောင်ခေါင်းမွေးကိုအရယူပြီး ထွက်ခဲ့တာပါပဲ"

လျူဟုလျူက....

"ယူခဲ့စမ်း... အဲဒီခေါင်းမွေးကိုကြည့်ရအောင်"

လျူဟုလျူက စိတ်လောကြီးစွာ ပြောလိုက်သည်။ ချူကွန်



သည် အနီရောင်ခေါင်းမွေးကိုယူ၍ လက်နှစ်ဖက်ဖြင့် လျူဟုလျူ၏လက်သို့ ပေးအပ်လိုက်တော့သည်။

လျူဟုလျူသည် အနီရောင်ခေါင်းမွေးကို တစ်ချက်ကြည့်လိုက်သည်။ ပြုံးရွှင်နေသောမျက်နှာသည် စိတ်ပျက်သောအမူအရာသို့ ပြောင်းလဲသွားလေ၏။ ချူကွန်မှာ ရင်ထဲ၌ထင့်ခနဲ ဖြစ်သွားသည်။

"ဒါ... ဒါ... ဘဘကျန်ဝမ်းရဲ့ပစ္စည်း မဟုတ်လား ဘဘ"

လျူဟုလျူက ဖြည်းညင်းစွာ ခေါင်းကိုယမ်းလိုက်သည်။

"မဟုတ်ဘူးကွ... ကျန်ဝမ်းရဲ့ အနီရောင်ခေါင်းမွေးက အရင်းပိုင်းမှာ ဖြူနေတယ်၊ နောက်ပြီး အမည်းစက်ကလေးတွေ လုံးဝမရှိဘူး"

ချူကွန် ယူကြည့်လိုက်ရာ အရင်းပိုင်း၌အမည်းစက်ကလေးများပြည့်နေသည်ကို တွေ့ရလေ၏။ ထို့နောက် အရင်းပိုင်းမှာ မဖြူချေ။ ချူကွန်သည် လွန်စွာ စိတ်ဓာတ်ကျသွားလေ၏။ လျူဟုလျူက လက်ထဲမှခေါင်းမွေးကို လိုကုအား လှမ်းပေးလိုက်၏။

"လိုကု... ခင်ဗျား သေသေချာချာ စစ်ဆေးကြည့်စမ်းပါ"

လိုကုသည် အနီရောင်ခေါင်းမွေးကို အတန်ကြာ ကြည့်ရှုစစ်ဆေးသည်။

"ကျန်ဝမ်းရဲ့အနီရောင်ခေါင်းမွေးကို တစ်ခါပဲ ကျုပ်မြင်ဖူးတယ်"

သူက ဆက်၍ ပြောလိုက်၏။

"ကျုပ် မှတ်မိသလောက် ပြောရမယ်ဆိုရင် ဒီအနီရောင်ခေါင်းမွေးဟာ ကျန်ဝမ်းရဲ့အနီရောင်ခေါင်းမွေးနဲ့အရွယ်အစား အရောင်အဆင်း တော်တော့်ကိုတူတယ်၊ ဒါပေမယ့် ကျန်ဝမ်းရဲ့ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



မွေးဟာ အရင်းပိုင်းက အဖြူရောင်ဖြစ်တယ်၊ ဒါကြောင့် ဒီခေါင်းမွေးက အတုဖြစ်မှာ သေချာတယ်"

ချူကွန် စိတ်ခတ်ကျသွားသည်။ လုံကု လှမ်းပေးသော ခေါင်းမွေးကို စားပွဲပေါ်သို့တင်လိုက်လေ၏။ လျူဟုလျူက ချူကွန် စိတ်ပျက်နေသည်ကိုတွေ့ရသဖြင့် အားပေးစကား ပြောကြားလိုက်သည်။

"စိတ်မပျက်နဲ့ ချူကွန်၊ ငါတို့လိုတဲ့ပစ္စည်းကို ဒီလိုလွယ်လွယ်နဲ့ရရင် မင်းဆရာက မင်းကို ဆယ်နှစ်ဆယ်မိုး သိုင်းပညာသင်ပေးထားပါ့မလား"

လုံကုက သူ့အား စိုက်ကြည့်နေ၏။

"ချူကွန်... မင်း ငါ အတန်တန်ပြောခဲ့တယ်၊ ငါ့ရဲ့အမိန့်မရရင် ဘာမှမလှုပ်ရှားပါနဲ့လို့၊ မင်းလုပ်ရပ်ဟာ ငါ့ဖို့ပိုပြီး ခက်ခဲသွားစေခဲ့ပြီ"

ချူကွန်သည် လုံကု ဒေါသထွက်နေသဖြင့် ဒူးထောက်တောင်းပန်လိုက်သည်။

"ဆရာ စိတ်မဆိုးပါနဲ့ ဆရာ၊ နောင် ကျွန်တော် ဒီလိုမလုပ်တော့ပါဘူး"

လျူဟုလျူက ရယ်မောလိုက်သည်။

"ခင်ဗျားဟာ လုပ်တော့မယ်၊ ပထမတုန်းက မဆူဘဲ အတုဖြစ်မှန်းသိတော့ တစ်ခါတည်း ဆူတော့တာပဲ၊ အဲဒီလိုတော့ ဘယ်ကောင်းပါ့မလဲကွာ"

လုံကုက ချူကွန်အား စိုက်ကြည့်လိုက်၏။

"ချူကွန် မင်းထိုင်လိုက်စမ်း"



ချူကွန်သည် လုံကုရှေ့၌ ဒူးထောက်ထိုင်လိုက်၏။

လုံကုက ....

"ငါကဆူချင်လို့ဆူတာမဟုတ်ဘူး၊ မင်း ထုတိပါးအကြောင်းကို ဘယ်လောက်သိလို့လဲ၊ သူ့အကြောင်းမသိဘဲ သူ့ကို ရန်သွားစရင် မင်းဒုက္ခရောက်သွားလိမ့်မယ်၊ မင်းကိုဆူတာဟာစိုးရိမ်လို့မှတ်ထား"

ချူကွန်က ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ကျွန်တော် နောက် ဒီလိုမလုပ်တော့ပါဘူးဆရာ"

လုံကုက ....

"အေး... မင်းသိထားဖို့က ထုတိပါးဟာစိတ်လိုက်မာန်ပါလုပ်တတ်တဲ့လူတစ်ယောက်၊ ဒါပေမယ့်.... မင်း သိုင်းပညာပေါင်းမြောက်မြားစွာတတ်ထားတယ်ဆိုတဲ့အကြောင်း သူသိတယ်၊ ဒီတော့ သူဟာ မင်းနဲ့မယှဉ်ဘူး၊ ပရိယာယ်ဆင်ထားလိမ့်မယ်"

သူက စကားဆက်လိုက်၏။

"မင်းဟာ ခေါင်းမွေးအတုကို ရအောင်ယူခဲ့တယ်၊ နောက်သူ့တပည့်ကို တိုက်ခိုက်ခဲ့တယ်၊ မင်းကို သူသတိထားသွားပြီ၊ နောက်တစ်ခါသွားရင် ပထမတစ်ခါလောက် လွယ်မှာမဟုတ်တော့ဘူး"

သူ့ဆရာသည် အမှန်အကန်များကိုသာ ဆုံးမတတ်ပေသည်။ သူသည် မဆင်မခြင် လှုပ်ရှားခဲ့သည်များကိုသာ နောင်တရပေသည်။ လျူဟုလျူကမူ ခေါင်းယမ်းနေသည်။

"ချူကွန်မသွားလဲ သူက အစစအရာရာ ပြင်ဆင်ထားမှာ အသေအချာပဲ"

လုံကုက လျူဟုလျူအား မကျေမနပ်ဖြင့် လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာသိလို့ စကားများနေတာလဲ၊ အခု ငါ့အလုပ်များနေတယ်၊ ငါ ဘာလုပ်နေတယ်ဆိုတာ မင်းသိသလား"

လျှုပ်ဟုလျှုက လုံကုအား ကြည့်ပြီး ရယ်မောလိုက်၏။ သူသည် လုံကု၏နှာခေါင်းကို လက်ညှိုးကိုထိလုမတတ်ထိုးပြီး...

"ကြည့်စမ်း... မင်းက ကြိတ်ကြိတ်နေတာကိုး"

လုံကု၏မျက်နှာမှာ နီရဲသွား၏။

"ကျုပ် ကတိဖျက်တာမဟုတ်ဘူး၊ ရေအောက်ကင့်ပြီး လေ့လာကြည့်တာ အချက်အလက်ပြည့်စုံကာနီးမှ ချူကွန်ကြောင့် တုထိပါးလုပ်ကွက်တွေ ပြောင်းလဲသွားနိုင်တယ်၊ အဲဒါကို ကျုပ် စိုးရိမ်တာဗျ"

**ချူကွန် စိတ်မ**ကောင်းဖြစ်သွားသည်။ ဆရာဖြစ်သူသည် အိပ်ငေ့ါ**ရေကန်သို့ မကြာမ**ကြာရောက်ကြောင်း သူသိနေသည်။

**လျှုပ်ဟုလျှုက** လုံကု၏ပခုံးကိုပုတ်လိုက်၏။

"နှစ်(၂၀)တောင် ကြာခဲ့ပြီပဲ၊ အခုမှ ဘာကြောင့် စိတ်လောကြီးနေရတာလဲ၊ ဒီကိစ္စကို သူ့ပဲ တာဝန်ပေးလိုက်ပါတော့၊ ကျုပ်တို့ အပင်ပန်းခံမနေပါနဲ့တော့"

လုံကုက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ"

ထိုစဉ်....

"ဒေါက်... ဒေါက်... ဒေါက်"

တံခါးခေါက်သံ ကြားလိုက်ရတော့သည်။

လုံကုက ကြည့်ရင်း ပြောလိုက်၏။

"ဝင်ခဲ့... တံခါးဖွင့်ထားတယ်"



အခန်းတံခါးပွင့်သွားသောအခါ ချိုစိန်နှင့် ဝေကုံးတို့ အခန်းဝင်ရပ်နေကြောင်း တွေ့ရတော့သည်။ လုံကုတို့သုံးယောက်သည် ပြိုင်တူမတ်တပ်ထရပ်လိုက်သည်။ လုံကုက ပြုံး၍ နှုတ်ဆက်လိုက်၏။

"မိတ်ဆွေကြီး ချိုစိန်၊ အခု ကျုပ်ဆီလာတာဟာ သတင်းထူးများ ပါလာလို့လား"

ချိုစိန်က မဖြေမီ လျှုပ်ဟုလျှုက ရယ်မောပြီး ပြောလိုက်၏။

"ကြည့်စမ်း... ဝေကုံးက ငါ့ကိုသတိရလို့ လိုက်လာတာနဲ့တူတယ်"

ဝေကုံးက လျှုပ်ဟုလျှုထံသို့ လျှောက်လာသည်။

"အဘက မပြောမဆိုနဲ့ ထွက်သွားလိုက်တာ၊ ကျွန်တော် အဘ လာမလားလို့ စောင့်နေတာ"

သူ့စကားကြောင့် အားလုံးက ရယ်မောမိကြလေ၏။

ချူကွန်က ဝေကုံးအား လက်ညှိုးထိုး၍ပြောလိုက်သည်။

"မင်းအသက်လဲ မင်းပြန်ကြည့်ဦး၊ ကလေးလေးလို နွဲ့ဆိုးဆိုးမနေနဲ့ဦး"

လုံကုက....

"ကဲ... ကဲ၊ တော်ကြာ... တော်ကြာ၊ ငါတို့ ဆွေးနွေးစရာရှိသေးတယ်"

ချူကွန်နှင့် ဝေကုံးတို့မှာ ပါးစပ်ပိတ်သွားကြသည်။

လုံကုက ချိုစိန်အား ကြည့်ပြီး....

"ခင်ဗျား အခုလို ရုတ်တရက်လိုက်လာတော့ အကြောင်းထူးရှိမယ်လို့ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ချီစိန်က **ခေါင်းညိတ်လိုက်၏။**

"ဟုတ်တယ်… **သတင်းထူး ပြောစရာ**ရှိလို့ လိုက်လာတာ၊ တုထိပါးဟာ ကျုပ်တို့ပစ္စည်းအားလုံးကို လှုံမြှုတဲ့နေရာ ခုနစ်နေရာခွဲထားလိုက်ပြီဗျ၊ အဲဒါပြောချင်လို့ ကျုပ်လိုက်လာတာ"

"သတင်းက သေချာရဲ့လား"

"အိုဗျာ… သေချာပါတယ်ဗျ"

လုံကုနှင့် လျှူဟုလျှူတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေ၏။ ထို့နောက် သူတို့သည် စကားမပြောမိကြတော့ချေ။ တိတ်ဆိတ်ငြိမ်သက်သွားသည်။ ချူကွန်ကလည်း လုံးဝမမေးဝံ့ပါ။ အတန်ကြာမှ လုံကုက….

"ငါပြောတယ် မဟုတ်လား၊ အခု တုထိပါးဟာ ပစ္စည်းထားတဲ့နေရာကို ပြောင်းလိုက်ပြီ၊ ငါ အပင်ပန်းခံထားရတာတွေ အလကားဖြစ်ကုန်ပြီ"

လျှူဟုလျှူက….

"ချူကွန်ကြောင့် **မဟုတ်ပါဘူး**ဗျာ၊ သူဟာ နဂိုကတည်းက ဒီပစ္စည်းတွေကို လှုံမြှုတဲ့**နေရာမှာ** ပြောင်းထားမှာပါ"

သူက ချီစိန်အား လက်ညှိုးထိုးရင်း….

"မယုံရင် သူ့ကိုမေးကြည့်ပါလား၊ ဒီသတင်းကို ဘယ်တုန်းက ရခဲ့တာလဲ"

ချီစိန်က ချူကွန်အား တစ်ချက်လိုက်ကြည့်ရင်း….

"အခုပဲ ကြားခဲ့တာပဲ၊ ချူကွန်က သူ့ဆီက ခေါင်းမွေးအတုတစ်ချောင်းခိုးလာတာနဲ့ သူက သူ့ပစ္စည်းတွေကိုနေရာရွှေ့ပြောင်းလိုက်တာ ဖြစ်မယ်"



ချူကွန်က….

"တုထိပါး ဘယ်နေရာတွေ ပြောင်းထားတယ်ဆိုတာကော သိသလား"

ချီစိန်က….

"အခန်း(၇)ခန်းမှာ ခွဲထားတယ်လို့ပြောတာပဲ"

"အခန်း(၇)ခန်းဆိုတာ **ဘာကိုခေါ်တာလဲ**"

"တုထိပါးဟာ အနှစ်(၂၀)**အတွင်းမှာ** လျှို့ဝှက်ခန်း ခုနစ်ခန်းကိုတည်ဆောက်ထားတယ်၊ **အခန်းတိုင်းမှာ**လဲ ထူးထူးခြားခြားရှိတယ်လို့ ကြားရတယ်၊ ဒါပေမယ့် ဘယ်လိုထူးခြားတယ်ဆိုတာတော့ ငါလဲ မသိဘူး"

လုံကုက ခေါင်းညိတ်လိုက်၏။

"မင်းက ခေါင်းမွေးအတုကို **ရအောင်ခိုးခဲ့**လို့ သူက ပစ္စည်းအစစ်တွေကို လျှို့ဝှက်တဲ့အခန်း**ခုနစ်ခန်းမှာ ခွဲခြား**ထားလိုက်တာဖြစ်ရမယ်"

သူက ချူကွန်အား စိုက်ကြည့်ပြီး ပြောလိုက်၏။

"မင်းတတ်ထားတဲ့ ပညာနဲ့အောင်မြင်နိုင်ပါတယ်၊ မင်း စိတ်မပျက်ပါနဲ့"

လုံကုက ပြောပြီးသည်နှင့် ချီစိန်ဘက်သို့လှည့်၍ မေးလိုက်၏။

"ခင်ဗျားရဲ့သဘောက ဘယ်လိုလဲဆိုတာ **ပြောစမ်းပါဦး**"

ချီစိန်က ပြုံးလိုက်၏။

"ကျုပ်က သူတို့ကို ဒီညပဲလွှတ်**မလားလို့ စိတ်ကူး**ထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



လျှူဟုလျှူကလည်း ဝင်ပြောဏ်။

"ချိုစိန်ပြောတာ မှန်တယ်၊ ကနေ့ညပဲ သွားခိုင်းလိုက်ပါတော့"

ဝေကိုးက ဝင်ပြောလေ၏။

"အဘပြောတာတော့ ဟုတ်ပါပြီ၊ သူများက ကိုယ့်တပည့်ကိုယ်လွှတ်တာ၊ အဘက ဘယ်သူ့ကိုလွှတ်မှာလဲ"

လျှူဟုလျှူက ရယ်လိုက်၏။

"မင်းပြောမှ ငါ့မှာတပည့်မရှိကြောင်း သတိရတယ်၊ ငါ့မှာ အကြံရှိတယ်၊ အဲဒီအကြံတိုင်း မဟန်ရင်တော့ မင်းကိုလွှတ်ရမှာပဲ"

ထိုအခါ အားလုံက ဝိုင်းရယ်ကြတော့သည်။

လုံကုက လက်ကိုတစ်ချက်ဝှေ့ယမ်းရင်း ပြောလိုက်လေ၏။

"ကျုပ်ပြောတာ မဟုတ်လား။ ချူကွန်ကြောင့် တုထိပါးအစီအစဉ်တွေ ပြောင်းလိမ့်မယ်လို့"

ထိုအခါ လျှူဟုလျှူက ခေါင်းယမ်းရင်း ဝင်ပြောသည်။

"ချူကွန်ကြောင့် မဟုတ်ပါဘူး။ တုထိပါးဟာ အဲဒီအခန်းခုနစ်ခန်းကို တစ်နေ့တည်းနဲ့ မဆောက်နိုင်ပါဘူး။ လနဲ့နှစ်နဲ့ချီပြီး ဆောက်ရမှာပါ။ သူဟာ ပစ္စည်းတွေကို အဲဒီအခန်းတွေထဲမှာထားဖို့ ဆုံးဖြတ်ပြီးနေပြီ၊ ချူကွန်ကြောင့် မဟုတ်နိုင်ဘူးဗျ"

ထိုစကားကို လုံကု လက်ခံရလေ၏။

သူတို့သည် မည်သို့ဆောင်ရွက်သင့်သည်ကို ဝိုင်းဝန်းဆွေးနွေးကြသည်။ နောက်ဆုံး သူတို့သည် ချိုစိန်၏အကြံပေးချက်ကို သဘောတူညီလိုက်ကြလေတော့၏။



အခန်း (၉)

ရှူးသွင်နေသည့်သူ

ည....။

တိုနီရှိုပါဘုရားကျောင်း၏ ဘယ်ဘက်မြေကွက်လပ်လမ်းပေါ်၌ လူရိပ်များ ပြေးလွှားရောက်ရှိလာကြသည်။ မိုးက စဲသွားပြီးမှ ပြန်ရွာချလာသည်။

မိုးက သည်းထန်လာသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် မည်းမှောင်နေတော့သည်။ ထိုလူရိပ်များသည် ရေတွက်ကြည့်သောအခါ လူသုံးယောက်ဖြစ်ကြောင်း တွေ့ရှိရလေ၏။

"ဂျိမ်း... ဂျလိမ်း... ဂျိမ်း"

မိုးခြိမ်းသံနှင့်အတူ ဖွေးလက်သောလျှပ်စီးသည် ဝင်းလက်သွား၏။ ထိုအခါ ထိုလူသုံးယောက်အား ယောကျ်ားမိန်းမခွဲခြားသွားနိုင်၏။ ယောကျ်ားနှစ်ယောက်နှင့် မိန်းမတစ်ယောက်ဖြစ်ကြောင်း တွေ့ရှိရသည်။

မိန်းကလေးမျက်နှာပေါ်တွင် အနက်ရောင်ဇာပဝါရှိနေ၏။ သူမ အဘယ်ကြောင့် ဇာပဝါဖုံးလွှမ်းထားသည်ကို သူမသာ သိရှိပေလိမ့်မည်။ သူမကား စုစုအင်းပင် ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားနှစ်ယောက်အား ကျင်းချွန်းစန်းနှင့် ဝေကိုးတို့ပင် ဖြစ်ကြလေ၏။ သူတို့သည် သူတို့ဆရာများ၏အမိန့်အရ ယနေ့ညတွင် စတင် လှုပ်ရှားရတော့မည်ဖြစ်သည်။

သူတို့သည် ဝမ်းသာခြင်းနှင့် စိုးရိမ်ကြောင့်ကြခြင်းတို့ရောယှက် ခံစားနေရ၏။ သူတို့သုံးယောက် အော်ပြောနေကြသော်လည်း အသံသည် တိုးတိုးမျှသာ ထွက်နေလေ၏။ ဝေကိုးက....

"ချိန်းထားတဲ့အချိန်ရောက်ပြီ၊ ချူကွန် မရောက်သေးပါလား"

စုစုအင်းက ဘာမျှမပြောချေ။ ပါးစပ်ပိတ်ထားလေ၏။

ကျင်းချွန်းစန်းက....

"သူ့ရဲ့သိုင်းပညာက ငါတို့ထက်သာတော့ ငါတို့နဲ့ ဘယ်ပူးပေါင်းပါ့မလဲ"

သူ၏စကားအဆုံးတွင် ဝါးတစ်ရိုက်ခန့်အကွာမှ အသံတစ်သံထွက်လာလေ၏။

"ဒီလိုမပြောပါနဲ့ကွာ... ငါလာပါပြီ"

စကားသံလည်း အဆုံး၊ လူလည်း ထိုသုံးယောက်ဆီသို့ရောက်ရှိလာတော့၏။ ချူကွန် ရောက်လာလေပြီ။

ကျင်းချွန်းစန်းက မချိုပြုံးပြုံးလိုက်ပြီး....

"ငါပြောတယ် မဟုတ်လား၊ မင်းရဲ့သိုင်းပညာက တော်အဆင့်မြင့်နေပြီလို့"

ချူကွန်က တောင်းပန်လိုက်သည်။

"ငါ ဆရာနဲ့စကားပြောနေလို့ နည်းနည်းနောက်ကျသွားတာပါ၊ ငါ့ကို ခွင့်လွှတ်ကြပါ"



ညသို့ဖြင့် သူတို့လေးယောက်သည် တုထိပါးအိမ်ရှိရာ အီငွေ့ရေကန်သို့ ပြေးထွက်သွားကြလေတော့၏။

မိုးသည်းထန်စွာ ရွာနေသဖြင့် လူလေးယောက်တို့သည် မိုးထဲရေထဲ ပြေးလွှားနေကြရလေ၏။ လမ်းတစ်လျှောက်၌ တစ်ဦးတစ်ယောက်မျှ စကားမပြောကြပေ။

ချူကွန်သည် စုစုအင်းနှင့်ပတ်သက်ပြီး ခံစားချက်လျော့နည်းသွားဟန် ရှိသည်။ သူ့အမူအရာမှာ အေးအေးချမ်းချမ်းရှိနေသည်။ သူတို့လျှောက်နေစဉ် ဝေကိုးက ပြောလေ၏။

"ချူကွန် ဆရာက ပြောပြထားတဲ့အချက်ကို ငါပြောပြမယ်၊ ငါတို့တုထိပါးရဲ့ ခြံထဲရောက်တာနဲ့ လမ်းခွဲသွားကြရမှာပဲ၊ အုန်းမောင်း(၃)ချက်တီးပြီးတဲ့အခါမှာ မျှော်စင်အဆောက်အအုံနားမှာ တွေ့ကြရမယ်လို့ပြောတယ်၊ မျှော်စင်အဆောက်အအုံက မှတ်ရလွယ်ပါတယ်"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ဒါကို ငါသိတယ်၊ အားလုံးအချိန်ကို သေသေချာချာမှတ်ထားကြ၊ နို့မဟုတ်ရင် တစ်ယောက်စောင့် တစ်ယောက်စောင့်နဲ့ ကြာနေလိမ့်မယ်"

သူတို့သည် အီငွေ့ရေကန်သို့ရောက်ရှိလာကြလေ၏။ မိုးကသဲကြီးမဲကြီး ရွာချနေဆဲပင်။

ချူကွန်က သူတို့သုံးယောက်အား လှည့်ကြည့်ပြီး....

"ရေက တော်တော်အေးတယ်၊ အားလုံးသတိထားကြပါ"

စုစုအင်းက ပြောလိုက်သည်။

"သိတယ်... ကျွန်မတို့ လေ့ကျင့်ထားတာတွေ ဘာဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ထားရမလဲ၊ ဒီအအေးလောက်ကိုတော့ ခံနိုင်ရည်ရှိပါတယ်"

ချူကွန်က....

"ကျုပ်က စိုးရိမ်လို့ပြောတာပါ။ အရေးမကြီးရင်လဲ ပြီးတာပါပဲ"

သူ စကားမဆုံးမီ စုစုအင်းသည် ရေထဲသို့ ခုန်ချလိုက်လေ၏။ ကျင်းချန်းစန်းနှင့် ဝေကိုးတို့လည်း ရေထဲခုန်ချလိုက်ကြ၏။ ဝေကိုးက အော်လိုက်သည်။

"အမယ်လေး... အေးလိုက်တဲ့ ရေ"

ချူကွန်သည် ဝေကိုး၏အော်သံကြောင့် ပြုံးမိသွား၏။

ကျင်းချန်းစန်းက အော်ငေါက်လိုက်သည်။

"ဝေကိုး... ဘာဖြစ်လို့ အော်နေတာလဲ၊ ဒီကန်ကိုလာတာ ရေကူးဖို့လဲ မဟုတ်ဘူး။ ငါးဖမ်းဖို့လဲ မဟုတ်ဘူး။ အော်မနေနဲ့"

ဝေကိုးသည် တုတ်ပါးအိမ်ဆီသို့ ကူးနေလေပြီ။

"ငါးတွေတောင် နေနိုင်ရဲ့လားမသိဘူး၊ အေးလိုက်တာ"

ချူကွန်က ခေါင်းယမ်းလိုက်၏။ သူသည် ရေထဲဆင်းပြီး နောက်ဆုံးမှ လိုက်လေတော့၏။ ဤသို့ နောက်ဆုံးမှလိုက်ခြင်းမှာ တိုနီနီပါဘုရားကျောင်းထဲ၌ ကျင်းချန်းစန်းပြောခဲ့သောစကားကြောင့် ဖြစ်သည်။ သူသည် ပညာကုန်ထုတ်ပါက သူတို့သုံးဦးထက် အလျင်ဦးစွာ ရောက်ရှိမည်ဖြစ်သော်လည်း ရှေ့ဆုံးမှမကူးတော့ဘဲ နောက်ဆုံးမှသာ လိုက်တော့သည်။

မိုးသည်းထန်စွာ ရွာသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နေသည်။ သူတို့လေးယောက်ကူးလာသည်ကို တုတ်ပါး လုံးဝမတွေ့နိုင်ပါချေ။



ကျင်းချန်းစန်းနှင့် စုစုအင်းတို့မှာ ရေကူးရင်း စကားပင်ပြောသွားကြသည်။ သူတို့သည် တကယ်ပင် ချစ်ခင်နေကြပြီလော။ ချူကွန် မသိပါချေ။

ချူကွန် စိတ်မကောင်းဖြစ်သွားသည်။ သူသည် ထိုအဖြစ်ကို ခေါင်းထဲ၌ မေ့ပျောက်ပစ်လိုက်လေ၏။ သူသည် အသံလုံးဝမထွက်ဘဲ သူတို့နောက်မှ ကူးခတ်လိုက်လေတော့၏။

မကြာမီ သူတို့သည် ရှေ့ဆင့်နောက်ဆင့်ပင် ကမ်းပေါ်သို့ တက်လိုက်ကြလေ၏။ သူတို့သုံးယောက်သည် ချူကွန်၏ညွှန်ကြားချက်မပါဘဲ နယ်မြေကျွမ်းကျင်ပုံရနေသည်။ နောက်မှ ချူကွန် စဉ်းစားမိသည်။ သူတို့သုံးယောက်သည် ဤနယ်မြေထဲသို့ မိမိကဲ့သို့ပင် ရောက်ရှိခဲ့ဖူးသည်မဟုတ်ပါလော။

စင်းကျန်နယ်မှ ပထမဆိုသော ဆိုင်းဘုတ်မှာ မှောင်နှင့်မည်းမည်းဖြစ်နေသောကြောင့် လုံးဝမတွေ့ရဘဲဖြစ်နေသည်။ တစ်ချက် တစ်ချက်တွင် လျှပ်လက်လိုက်မှ ထိုဆိုင်းဘုတ်ကို တွေ့ရှိရသည်။ ကျင်းချန်းစန်းက....

"ငါတို့ ဒီကလမ်းခွဲကြမယ်၊ အုန်းမောင်းသုံးချက်တီးရင် မျှော် စင်မှာဆုံကြမယ်"

ကျင်းချန်းစန်းစကားဆုံးသည်နှင့် သုံးယောက်သား ပြေးလွှားပျောက်သွားကြတော့သည်။ ချူကွန်တစ်ယောက်တည်း ကျန်ရစ်တော့၏။

"သူတို့ ဒီလိုခွဲသွားတာပဲ ကောင်းပါတယ်လေ"

သူသည် ကိုယ်ဖော့ပညာသုံး၍ ပြေးလွှားသွားလေတော့၏။ သူ့အကျိုးစကို တစ်စုံတစ်ဦးကထိတွေ့သွားသလိုလို ခံစားလိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လှည့်ကြည့်လိုက်မိသည်။ သို့သော် မည်သူတစ်ဦးမျှ မတွေ့ရချေ။ ချူကွန် စိတ်လှုပ်ရှားသွားလေ၏။

"လူတစ်ယောက်ယောက်က ငါ့နားက ဖြတ်သွားတာဖြစ်ရမယ်၊ ဒါဆိုရင် ဒီခြံထဲဝင်လာတာ ငါတို့ လေးယောက်တင်မဟုတ်နိုင်တော့ဘူး"

သူသည် ထိုအခြစ်အပျက်ကို မေ့ပျောက်ပစ်လိုက်လေ၏။ သူ တစ်ချိန်က ရောက်ရှိခဲ့သောအိမ်ကလေးဆီသို့တန်း၍ ပြေးသွားလေ၏။ သူသည် အခန်းတံခါးဟထားသည်ကို တွေ့ရသဖြင့် အသာအယာကပ်၍ ချောင်းလိုက်သည်။

ဟောက်သံကြားရသဖြင့် သူသည် အခန်းထဲသို့လှမ်းကြည့်မိလိုက်၏။ လူငယ်နှစ်ယောက်အိပ်ပျော်နေသည်ကို တွေ့ရှိလိုက်ရသည်။ ထိုနှစ်ယောက်မှာ စီနီနှင့် ပုရှိတို့ပင် ဖြစ်ရမည်ဟု ချူကွန်တွက်ဆလိုက်လေ၏။

သူသည် ထိုအိမ်ကိုခွာပြီး ခေါင်းမွေးအတုခိုးယူခဲ့သောအိမ်ဆီသို့ ပြန်သွားလေ၏။ သူသည်'အတု'ဟူသော အတွေးကိုတွေးမိသည်နှင့် အလွန်ခံပြင်းမိလေတော့သည်။ သူသည် ထိုအိမ်သို့သွား၍ ပြတင်းပေါက်မှအတွင်းသို့ချောင်းကြည့်လေ၏။

ထိုစဉ် လေတိုးသံတစ်ချက်ကြားလိုက်ရသဖြင့် ချူကွန်သည် လျင်မြန်စွာ ခုန်ရှောင်လိုက်လေ၏။ လက်နက်ပုန်းတစ်ခု ဖြတ်သန်းသွားခြင်းပေတည်း။ ချူကွန်သည် အိမ်ခေါင်မိုးပေါ်ရောက်ရှိသွားလေပြီ။ လက်နက်ပုန်းနှင့် ပစ်သူသည် တုထိပါးဖြစ်ရမည်ဟု ချူကွန်ခန့်မှန်းမိလေ၏။

ဤသို့ဆိုလျှင် တုထိပါးနှင့် ရင်ဆိုင်တိုက်ခိုက်ရတော့မည်



ဖြစ်သည်။ ထိုစဉ် အခန်းတံခါးပွင့်သွားပြီး လူတစ်ယောက်ပြေးထွက်လာတော့သည်။ လူရိပ်သဏ္ဍာန်ကိုကြည့်ပြီး မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ချူကွန်သိလိုက်သည်။

သူမ၏ရှည်လျားသော ဆံကေသာများသည် နောက်၌ဖားလျားကျနေ၏။ သူမ၏ခန္ဓာကိုယ်သည် တုန်တုန်ရင်ရင်ဖြစ်နေ၏။ လျှပ်စီးတစ်ချက် လင်းလက်သွားသောအခါမှ ထိုအမျိုးသမီးကို ပီပီပြင်ပြင်တွေ့ရှိလိုက်ရတော့သည်။ အံ့သြလွန်းသဖြင့် ခေါင်မိုးပေါ်မှ လိမ့်ကျမတတ်ဖြစ်သွားခဲ့ရသည်။

ထိုအမျိုးသမီးမှာ သူ့မိခင် ယင်းလူးဖြစ်နေသောကြောင့်ပေတည်း။ မိမိအား လက်နက်ပုန်းနှင့်ပစ်ခတ်သူမှာ တုထိပါးမဟုတ်ဘဲ ယင်းလူးဖြစ်ကြောင်း ချူကွန် သိရှိလိုက်လေ၏။ သူသည် ခေါင်မိုးပေါ်၌ စိတ်မကောင်းခြင်းကြီးစွာဖြင့် မတ်တပ်ရပ်နေလိုက်၏။

ယင်းလူးသည် မျက်လုံးများနီရဲလျက် ရူးသွပ်နေသူတစ်ဦးပမာ ဖြစ်နေသည်။ မိုးထဲရေထဲ ဆံပင်ဖားလျားနှင့် ရှိနေပုံမှာ တကယ့် အရူးလိုပင် ရှိသည်။ ထို့နောက် သူမသည် အပေါ်သို့မော့ကြည့်လိုက်ပြီး ချူကွန်အား တွေ့သွားသောအခါ အော်ခေါ်လိုက်တော့သည်။

"မင်း ဆင်းလာခဲ့ လူသတ်သမား"

သူမအသံသည် စူးရှနေ၏။ ကြောက်မက်ဖွယ်ကောင်းနေ၏။ ချူကွန်သည် ယင်းလူး၏ပုံစံကိုကြည့်၍ ထိတ်လန့်တုန်လှုပ်သွားသည်။ ယင်းလူးကမူ အော်ခေါ်မြဲ အော်ခေါ်နေသည်။

"လူသတ်သမား၊ အောက်ကိုဆင်းခဲ့ ခေါ်နေတာမကြားဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ချူကွန်က....

"ဩော်... မိလုကပ် သေသွားပြီနဲ့တူတယ်၊ ဒါကြောင့် ယင်းလူးက ငါ့ကို လူသတ်သမားလို့ခေါ်နေတာကိုး"

ချူကွန်သည် စဉ်းစားရင်း စိတ်မကောင်းဖြစ်လာလေ၏။

ယင်းလူးက ထပ်မံအော်ဟစ်လေ၏။

"မင်း ဘာဖြစ်လို့ ဆင်းမလာတာလဲ၊ ငါ့ယောကျ်ားကိုသတ်တဲ့လူ"

"ဟောဗျာ... မိလုကပ်က သူ့ယောကျ်ားလား"

ချူကွန်သည် ဦးခေါင်းကိုယမ်းလိုက်လေ၏။

"မဟုတ်နိုင်ဘူး... တုထိုပါးကို သူများက သတ်လိုက်လို့လား"

ယင်းလူးသည် အော်ဟစ်ရင်း မိုးရေထဲဒူးထောက်ပြီး ငိုကြွေးနေတော့၏။

"ကျွန်မယောကျ်ား... ကျွန်မယောကျ်ား... ဘုရား... ဘုရား"

သူမသည် အလိုက်သည်းလိုက် ငိုကြွေးနေတော့၏။

ချူကွန်သည် လှိုက်လှဲစွာ ခံစားရလေ၏။ သူ့မျက်ဝန်းအိမ်မှ မျက်ရည်များ စီးကျလာလေ၏။

"ယင်းလူး... ခင်ဗျား ယောကျ်ားကို ကျုပ် မသတ်ပါဘူးဗျာ"

ယင်းလူးသည် ငိုကြွေးနေရာမှရပ်တန့်ပြီး ခေါင်းညိတ်လေ၏။

"နင် ငါ့ယောကျ်ားကို မသတ်ဘူး ဟုတ်လား"



ချူကွန်က ခေါင်းညိတ်ပြလေ၏။

"ကျွန်တော် မသတ်ဘူး၊ သူ့ကို ကျွန်တော်မှ မသိဘဲ"

ယင်းလူးသည် ယုံကြည်သွား၏။

"ဟုတ်တယ်... မင်းက ငယ်သေးတယ်၊ သူ့ကိုသိမှာ မဟုတ်ဘူး၊ သူသေတာ(၁၉)နှစ် ရှိသွားပြီ"

သူမသည် ပြောပြီးသည်နှင့် ငိုကြွေးပြန်လေတော့၏။ သူမ၏စကားများသည် အလွန်ထက်မြက်သောဓားပမာ ချူကွန်၏အသည်းနှလုံးအတွင်းသို့ ဝင်သွား၏။

"သူငိုနေတာ ငါ့အဖေအတွက်ကိုး၊ သူပဲ သတ်တယ်၊ သူပဲ လိုက်ရှာနေတယ်၊ ဘာဖြစ်လို့လဲ"

ချူကွန်သည် မျက်မှောင်ကုပ်၍ စဉ်းစားနေတော့၏။

"ငါ့အဖေ သေသွားတဲ့အဖြစ်အပျက်မှာ လျှို့ဝှက်ချက်များ ရှိနေသလား မသိနိုင်ဘူး"

မည်သည့်သားသမီးမဆို မိမိ၏မိခင်၊ ဖခင်အား ခြောက်ပြစ်ကင်း သဲလဲစင်ဖြစ်စေချင်ကြသည်။ မည်သည့်အပြစ်မျိုးမှ မရှိစေချင်ပေ။ ချူကွန်လည်း ဤအတိုင်းပဲဖြစ်သည်။

သူသည် ယင်းလူးက ဝမ်းနည်းကြေကွဲဖွယ်ရာ ငိုကြွေးနေသဖြင့် ကိုယ်ယောကျ်ား ကို သံသတ်မည့်မိန်းမဟုတ်ကြောင်း တဖြည်းဖြည်း ချူကွန် ယုံကြည်လာလေ၏။

သို့ရာတွင် သူမသည် အဘယ့်ကြောင့် တုထိပါးနှင့်လက်ထပ်ခဲ့ပါသနည်း။ ဤသည်မှာ ပဟေဠိဖြစ်လေသည်။ မည်သို့ပင်ဆိုစေ ဖခင်ကို သူမ မသတ်လျှင် ချူကွန်ကျေနပ်မည်သာဖြစ်၏။

ချူကွန်သည် အိမ်ခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်လေ၏။ သ

www.burmeseclassic.com



နားဖွယ်ကောင်းသောအမျိုးသမီးသည် တဖြည်းဖြည်း ချဉ်းကပ်လာသည်။ သူမသည် ဆံပင်ဖားလျားနှင့် မိုးရေစိုရွှဲနေသည်။ သူမသည် ရှေ့သို့တိုးလာနေ၏။ ချူကွန်သည် သူမအနီးသို့ မသွားဝံ့ပါ။ ခပ်လှမ်းလှမ်း၌ ရပ်တန့်လိုက်ပါသည်။

"ဒေါ်လေး ယင်းလူး... လူသတ်သမားက တူထီပါးပါ"

မိုးသံလေသံကြောင့် ချူကွန်၏စကားကို ယင်းလူးက ပီပီပြင်ပြင် မကြားလိုက်ပါ။ သူမသည် ချူကွန်ကိုကြည့်ပြီး ရယ်မောနေပါသည်။

"ဟား... ဟား... ဟား"

ချူကွန်သည် ထိတ်လန့်တကြား နောက်သို့ဆုတ်သည်။

"ဒေါ်လေး ယင်းလူး... ခင်ဗျား ရူးနေပြီ"

ယင်းလူးမှာ အမှန်တကယ် ရူးနေပြီဖြစ်သည်။ သူမသည် ရုတ်တရက် စူးရှစွာအော်ဟစ်ပြီး ချူကွန်ရှိရာသို့ ခုန်အုပ်တိုက်ခိုက်လေတော့သည်။ သူမ၏ ဖြူဖွေးသေးသွယ်သောလက်ကလေးများသည် ချူကွန်၏ရင်ဝသို့ ကုပ်ဆွဲလာလေ၏။

ချူကွန် ထိတ်လန့်သွားသည်။ သူသည် (၅)ပေခန့် နောက်သို့ဆုတ်လိုက်ရ၏။ ချူကွန် ဘာစကားပြောရမှန်း မသိပါ။ ထို့ကြောင့် နောက်သို့သာ တဖြည်းဖြည်း ဆုတ်နေပါသည်။

ထိုစဉ် ယင်းလူးမှာ ရှေ့သို့တဖြည်းဖြည်း တိုးလာပါသည်။ သူ၏လှုပ်ရှားမှုမှာ တူထီပါးထက်ပင် အဆင့်မြင့်ကြောင်း ချူကွန် တွေ့ရှိရသည်။

ယင်းလူးသည် လက်ညှိုးနှင့် လက်ခလယ်ကိုထောင်လိုက်၏။ ချူကွန်၏မျက်လုံးနှစ်ဖက်သို့ထိုးချိန်ပြီး ဝင်ရောက်တိုက်ခိုက်



တော့သည်။ ချူကွန်က ဦးခေါင်းကိုငုံ၍ ရှောင်တိမ်းလိုက်၏။

"ဒေါ်လေး ယင်းလူး... ကျွန်တော် ချူကွန်ပါ၊ သတိထားပါ၊ ကျွန်တော်နဲ့ဒေါ်လေးဟာ သိကျွမ်းနေတဲ့လူတွေပါ"

သို့သော် ယင်းလူးမှာ ရူးနေပြီဖြစ်၍ သတိမထားနိုင်တော့ပါ။ ချူကွန်အား တိုက်ခိုက်ပါတော့သည်။

ယင်းလူး၏သိုင်းပညာမှာ အဆင့်မြင့်လှပါသည်။ ဤမျှ အဆင့်မြင့်မည်ဟု ချူကွန် မထင်ပါ။ သူသည် လွတ်အောင်မနည်းရှောင်တိမ်းလိုက်ရသည်။ ချူကွန်သည် ယင်းလူး၏လက်ဝဲဘက်သို့ရောက်ရှိသွားပြီး....

"ဒေါ်လေး ယင်းလူး... ကျွန်တော် ချူကွန်ပါ၊ ဒေါ်လေး သတိထားပါ၊ ကျွန်တော့်ကို မတိုက်ခိုက်ပါနဲ့"

ယင်းလူးမှာ ဆက်တိုက်ပင် တိုက်ခိုက်သည်။ ချူကွန် ရှောင်တိမ်းနေရလေ၏။ ယင်းလူးသည် ချူကွန်၏အဓိက သွေးကြောနေရာများကိုပင် တိုက်ခိုက်သည်။

ချူကွန်မှာ ထိတ်လန့်တုန်လှုပ်ရင်း တောင်းပန်သည်။

"ကျွန်တော့်ကို မတိုက်ခိုက်ပါနဲ့၊ ကျွန်တော်ဟာ ဒေါ်လေး ယင်းလူးရဲ့...."

ချူကွန်သည် 'ဒေါ်လေးယင်းလူးရဲ့သား'ဖြစ်သည် ဟူသောစကားကိုပြောရန် ကြိုးစည်သော်လည်း ပြောမထွက်ဘဲ ဖြစ်နေသည်။ ပြောရန် သတ္တိမရှိပါချေ။

သူ့ဖခင်ကိုသတ်ပစ်သည်ဟု ယူဆရသောမိခင်ရှေ့၌ သူ့သားအရင်းဖြစ်သည်ဟု ပြောမထွက်သည်မှာ သဘာဝကျပါသည်။ သို့သော် ယင်းလူးကလည်း ချူကွန်၏စကားကိုနားမဝင်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



**သူမ၏မျက်နှာတစ်ခုလုံး** ဖြူရော်နေပါသည်။ **သူမ၏မျက်လုံးအစုံမှာလည်း မှန်းတီး**သောအကြည့်ဖြင့် ကြည့်နေပါတော့သည်။ သားအရင်းကို ရန်သူပမာ သဲသဲမဲမဲတိုက်ခိုက်နေခြင်းမှာ ရူးသွပ်နေ၍ပင် မဟုတ်ပါလော။

ချူကွန်သည် ယင်းလူးအား လုံးဝပြန်လှန်မတိုက်ခိုက်ဘဲ ရှောင်တိမ်း၍သာ နေရပါသည်။ နောက်ဆုံး သူသည် လုံးဝသည်းမခံနိုင်သဖြင့် အော်ဟစ်ပြောဆိုလိုက်ရတော့သည်။

"ယင်းလူး ကျွန်တော့်ကို မတိုက်ခိုက်ပါနဲ့၊ ကျွန်တော်ဟာ ခင်ဗျားရဲ့ သားပါ"

ယင်းလူး၏တိုက်ခိုက်မှုသည် ရပ်တန့်သွား၏။ သူမသည် ကြောင်တောင်တောင်ဖြင့် ချူကွန်အား ငေးကြည့်နေလေတော့သည်။ ချူကွန်သည် လက်နှစ်ဖက်ဖြင့် မျက်နှာကိုအုပ်၍ ငိုကြွေးလိုက်ပါသည်။

"ယင်းလူး... ကျွန်တော့်အဖေဟာ စိုချမ်းဝမ်ပါ"

စိုချမ်းဝမ်၏အမည်ကိုကြားသည်နှင့် ယင်းလူး အထိတ်တလန့် ဖြစ်သွားသည်။ နောက်သို့ ဆုတ်သွားသည်။ **သူမ၏** မျက်လုံးအစုံသည် ကျွတ်ထွက်မတတ် ပြူးကျယ်လာလေတော့၏။

ချူကွန်က ငိုကြွေးရင်း...

"ခင်ဗျားက သူ့ကိုသတ်လိုက်တယ်၊ တုထိပါးကို လက်ထပ်ပြီး ကျွန်တော့်ကိုပစ်ထားတယ်၊ မားသမားရှောက်ဖုံးက ကျွန်တော့်ကို ချင်းကုန်းဘုရားကျောင်းထဲ ပို့ခဲ့တယ်၊ အခုဆိုရင် (၁၉)နှစ်ရှိပြီ"

ယင်းလူး စူးရှစွာ အော်လိုက်သည်။

သူသည် မားသမားရှောက်ဖုံး၏အသံကိုကြားလိုက်ရသော



အခါ နားနှစ်ဖက်ကိုတင်းကျပ်စွာ အုပ်လိုက်သည်။

"မားသမား ရှောက်ဖုံး..."

သူမက နာကျင်စွာ အော်လိုက်၏။ မားသမားရှောက်ဖုံးကို သူသိပါသလော။ မားသမားရှောက်ဖုံး၊ စိုချမ်းဝမ်၊ တုထိပါးနှင့် ချူကွန်တို့၏ အမည်သည် ယင်းလူး၏ဦးခေါင်းထဲ၌ ဝဲလှည့်နေကြသည်။

သူမသည် ထပ်မံ ရူးသွပ်သွားပါသည်။ သူမသည် ရူးသွပ်နေသည့်အလျောက် ချူကွန်အား ထပ်မံတိုက်ခိုက်ပြန်တော့၏။

ချူကွန်၏စိတ်ဓာတ်မှာလည်း 'သားပါ' ဟု ပြောပြီးမှ ပိုမိုတိုက်ခိုက်လာသဖြင့် ပို၍နာကျည်းသွားသည်။ ယင်းလူး၏တိုက်ခိုက်ခြင်းကို ရှောင်တိမ်းလိုက်ပြီး နာကျည်းစွာ ပြောလေ၏။

"ယုတ်မာတဲ့ မိန်းမ..."

သူသည် လက်ဝါးနှစ်ဖက်ကိုထုတ်၍ ပြင်းထန်စွာ ရိုက်ချလိုက်တော့သည်။ ဒေါသမထွက်စဖူး ဒေါသထွက်လာသဖြင့် ဤသို့ ရိုက်ချလိုက်ခြင်း ဖြစ်သည်။

ယင်းလူးသည် ချူကွန်၏တိုက်ခိုက်မှုကိုလက်ဝါးဖြင့် ခံပေးလိုက်၏။ ထို့နောက် သူမအား ပြန်လည်တိုက်ခိုက်ရပါမည်လားဟု သည့်သဘောဖြင့် အပြင်းအထန်တိုက်ခိုက်တော့သည်။

ချူကွန် စိတ်ဆိုးသည်။ အလွန်စိတ်ဆိုးသည်။ ယင်းလူးကိုမိခင်တစ်ယောက်ဖြစ်သည်ကိုပင် မေ့လျော့သွားသည်။ ယင်းလူး၏ တိုက်ခိုက်မှုကို ကာပေးလိုက်သည်။

ထိုအချိန်တွင် ယင်းလူးကား ရုတ်တရက် သူ၏လက်များကို ရုပ်သိမ်းပြီး နောက်သို့ပြန်ဆုတ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ပုံဟန်သည် အလွန်အံ့ဩနေပုံရသည်။

"ဒီသူငယ် ဘယ်သူလဲ၊ ဒီသူငယ်ရဲ့ သိုင်းပညာက ဒီလောက်တောင် အဆင့်မြင့်နေရသလား။ ဘာဖြစ်လို့လဲ"

သူမ ငေးငိုင်နေသည်။ ချူကွန်က....

"ခင်ဗျားနဲ့ရန်မဖြစ်ချင်ဘူး... ကျွန်တော် သွားတော့မယ်"

သူ့စကားဆုံးသည်နှင့် ချူကွန်သည် ချာခနဲလှည့်ပြေးလေတော့၏။ ယင်းလူး ကြောင်အမ်းအမ်းဖြစ်သွား၏။

"မင်း ပြန်လာခဲ့၊ ငါ မတိုက်ခိုက်တော့ပါဘူး"

ယင်းလူးသည် သူမ၏ရင်ဘတ်ပေါ်၌ လက်နှစ်ဖက်ယှက်လိုက်သည်။ သူမ၏မျက်နှာမှာ ဖြူရော်နေသည်။

သူမသည် မြင်ကွင်း တစ်ခုကို မြင်နေသည်။ သူမ၏ ခင်ပွန်းသေခါနီး၌ ရုန်းကန်အော်ဟစ် နေသော မြင်ကွင်းတည်း။ သူမသည် မျက်ရည်များစီးကျလာပြီး မိုးရေထဲ၌ ဒူးထောက်လိုက်၏။

အသံတိုးတိုးဖြင့်....

"ငါယောကျ်ားကိုသတ်တဲ့လူ ပြေးပြီ"

"ဂျိမ်း... ဂျလိမ်း... ဂျလိမ်း...."

မိုးခြိမ်းသံတစ်ချက် ထွက်ပေါ်လာသည်။

မိုးသည် ပိုမိုသည်းထန်စွာ ရွာချလာလေ၏။ ပတ်ဝန်းကျင်တစ်ခုလုံး မိုးရွာသံနှင့်လေတိုက်သံသာ ဖုံးလွှမ်းနေပါတော့၏။



## အခန်း(၁၀)

## အဆိပ်မိခြင်း

ချူကွန်သည် ပြေးလွှားထွက်လာခဲ့၏။ ထို့နောက် ပြေးရှိန်ကိုလျှော့ချလိုက်လေ၏။

သူ့မိခင်သည် ရှုးသွပ်နေပြီဖြစ်သည်။ သူသည် ထိုအဖြစ်များကို ပြန်မတွေးချင်ပေ။

ရှေ့နားဆီ၌ မီးရောင်လက်လက်ဖြင့် အိမ်တန်းလျားတစ်လုံးကိုတွေ့လိုက်ရသည်။ သူသည် ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်ချလိုက်သည်။ အေးစိမ့်သောမိုးရေများက သူ့အပေါ် တသွင်သွင်စီးကျနေ၏။

"တုံ... တုံ"

အုန်းမောင်းနှစ်ချက်ခေါက်သံ မိုးရေထဲ၌ ခပ်အုပ်အုပ်ပေါ်လာသည်။ ထိုအခါကျမှ သူ ထရပ်လိုက်တော့သည်။

"ဖြစ်ခဲ့တာတွေ ဖြစ်ပြီးပြီပဲ၊ ငါစိတ်ညစ်လို့ကော ဘာတတ်နိုင်မှာလဲ၊ လုပ်စရာရှိတာတွေကို ဆက်လုပ်မှဖြစ်မယ်"

သူသည် အနီးကပ်ဆုံးမြင်နေရသော အိမ်တန်းလျားဆီသို့ ချဉ်းကပ်သွားလေတော့၏။ အိမ်၏တစ်ဘက်တွင် ချွန်ဝိုင်းဝိုင်း ထူး

www.burmeseclassic.com

www.burmeseclassic.com



ဆန်းသော အဆောက်အအုံတစ်ခုကို တွေ့ရ၏။

ထိုအဆောက်အအုံ၏ပတ်လည်တွင် ဝိုင်းစက်သော ပြတင်းပေါက်သဖွယ် အပေါက်များကိုတွေ့ရလေ၏။ ထိုအပေါက်များမှ လင်းထိန်သောအလင်းရောင် ထွက်ပေါ်နေသည်။

ချူကွန်သည် ထူးဆန်းသောအဆောက်အအုံကိုမြင်သောအခါ အံ့ဩသွားသည်။ အဆောက်အအုံမှ မည်သည့်အသံမှထွက်မလာပါ။ ချူကွန် မျက်မှောင်ကုပ်သွား၏။

"ဒီအခန်းက တော်တော်အံ့ဩဖို့ကောင်းတယ်၊ အားလုံး အလုံပိတ်ထားတော့ အခန်းထဲကို လူဘယ်လိုလုပ်ဝင်ရမလဲ"

ချူကွန်သည် ခေါင်မိုးပေါ်မှ တက်ကြည့်ရန် ဆုံးဖြတ်လိုက်၏။ ထိုအခါ အဆောက်အအုံထဲမှ အသံတစ်သံထွက်လာသည်။ ဘာသံမှန်းတော့ မသိပေ။

ထို့နောက်....

"ကျွား...."

ထိုအသံသည် မိုးသံလေသံကြားမှ ရင်ထိတ်ဖွယ်ရာ ထွက်လာသည်။ ချူကွန်သည် အိမ်တန်းလျား အမှောင်ထုထဲ၌ ပုန်းကွယ်လိုက်ရ၏။

ထိုအခါ ခေါင်မိုးထက်မှ လူတစ်ယောက် ခုန်ထွက်လာသည်။ သူသည် အောက်သို့ခုန်ဆင်းပြီး ပြေးလွှားသွားလေ၏။ ထိုသူမှာ ကျင်းချန်းစန်းဖြစ်လေသည်။

ထို့နောက် သူအံ့ဩနေစဉ် လူရိပ်တစ်ခု ထွက်ပေါ်လာလေ၏။ ထိုလူရိပ်သည် အောက်သို့ခုန်ချပြီး ငှက်ဆိုးထိုးသံနှင့် ရယ်လေတော့၏။

BURMESE CLASSIC .com



"ဟား... ဟား... ဟား"

ထိုလူသည် ရယ်မောပြီးနောက် ကျင်းချန်းစန်းနောက်သို့ ပြေးလိုက်သွားလေတော့၏။

ချူကွန်သည် နောက်မှပြေးလိုက်သွားသောသူကို ကြည့်လိုက်၏။ တုထီပါးဖြစ်ရမည်ဟု ခန့်မှန်းလိုက်သည်။

သူ ဝမ်းသာသွားသည်။ တုထီပါးမရှိစဉ် အခန်းထဲဝင်ရောက် စုံစမ်းရပေမည်။

"ကျင်းချန်းစန်း သူ့ပစ္စည်းကို ဝင်ယူတာပဲ၊ ဒါပေမယ့် ရသွားပုံ မရဘူး"

ချူကွန်သည် ခေါင်မိုးပေါ်မှလှမ်းကြည့်လိုက်၏။

"သူတို့နှစ်ယောက်စလုံး အိမ်ခေါင်မိုးပေါ်က ထွက်လာတာဆိုတော့ ဝင်ပေါက်က ခေါင်မိုးပေါ်မှာပဲရှိရမယ်၊ ငါတက်ကြည့်မှ...."

ချူကွန်သည် ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်၏။ ထိုစဉ် နှင်းစရာ ကြမ်းခင်းမရှိသည်ကိုတွေ့ရတော့သည်။

ချူကွန်သည် နောင်တရသွား၏။ သူသည် ဘေးနှုတ်ခမ်းသားပေါ် နင်းသင့်သည်မဟုတ်ပါလား။

"ငါ... ထောင်ချောက်ထဲကို ခုန်ဝင်မိပြီ"

ထိုစဉ် သူသည် စိတ်ကိုတည်ငြိမ်အောင်ထားပြီး အဆောက်အအုံထဲသို့ ချဉ်းနင်းဝင်ရောက်သွားလေတော့၏။

သူသည် အဆောက်အအုံထဲရှိ ကြမ်းပြင်ပေါ်သို့ အဆင်ပြေပြေ ကျသွား၏။

အဆောက်အအုံတွင်း၌ မည်းမှောင်နေလေသည်။ သူသည် စိတ်ကို တည်ငြိမ်အောင်ထားပြီး အမှောင်ထဲသို့စိုက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကျန်ဝမ်းနှင့် မည်းမှောင်သောလိုဏ်ခေါင်းအတွင်း၌ လျှောက်ခဲ့သည်များကို ပြန်လှန်လျှောက်ရလေတော့၏။

ထို့ကြောင့် ချူကွန်၏မျက်လုံးများသည် အရောင်တလက်လက် ထွက်လာလေ၏။ ချူကွန်သည် မှောင်ထဲ၌ မြင်တွေ့လာရတော့သည်။

ဤအဆောက်အအုံကို အပြင်မှကြည့်လျှင် လင်းနေ၏။ အတွင်းသို့ရောက်သောအခါ မည်သည့်အလင်းရောင်မျှ မတွေ့ရတော့ချေ။ သူတွေ့ခဲ့ရသည့် အဝိုင်းပေါက်များကိုလည်း မတွေ့ရတော့ချေ။

အသေအချာကြည့်သောအခါ အခန်းသည် ရှစ်လံခန့်ကျယ်ပြီး လေးထောင့်စပ်စပ်အဆောက်အအုံဖြစ်ကြောင်း တွေ့ရသည်။

အပြင်ကကြည့်တော့ အဝိုင်း။ အတွင်းကကြည့်တော့ လေးထောင့်၊ အတော်ထူးဆန်းသော အဆောက်အဦးပါပေ။

အိမ်ခန်း၏အလယ်တွင် ကျောက်စားပွဲတစ်လုံးရှိ၏။ စားပွဲပေါ်တွင် ထွန်းညှိပြီး ကျန်ရစ်သော ဖယောင်းတိုင်တစ်ဝက်ရှိ၏။ ထို့နောက် စစ်တုရင် ဗန်းတစ်ခုရှိ၏။

အဖြူရောင်နှင့် အမည်းရောင် စစ်တုရင်ရုပ်များသည် အချို့က ဗန်းပေါ်၌လဲလျက်ရှိပြီး အချို့ ထောင်နေ၏။ ချူကွန် မျက်မှောင်ကုပ်သွားသည်။

"ဒီနေရာမှာ ဘယ်သူများ စစ်တုရင်လာကစားလဲ မသိဘူး"

သူသည် နံရံများကိုကြည့်လိုက်ရာ နံရံများပေါ်၌ စာလုံးများ လိုလိုရေးသားထားသည်ကို တွေ့ရှိလိုက်ရသည်။

ချူကွန်သည် နံရံအနီးသို့ချဉ်းကပ်ပြီး နံရံကိုလက်ဖြင့်ခေါက်ကြည့်သည်။ အလွန်ထူထပ်ကြောင်း တွေ့ရှိလိုက်ရသည်။



"ဒီအခန်းထဲမှာ တုထီပါးဟာ အရေးကြီးတဲ့ပစ္စည်းကိုထားတာ ဖြစ်ရမယ်၊ အခုတော့ ဘာပစ္စည်းမှလဲ မတွေ့ရပါလား"

ချူကွန်သည် အခန်းထဲသို့ပြန်လှည့်လာပြီး စစ်တုရင်ဗန်းကို ရှေ့လာလေတော့၏။ စစ်တုရင်ရုပ်ကလေးများကို ကိုင်ကြည့်ပြီးလှေလာသည်။

စားပွဲပေါ်တွင် ဖယောင်းတိုင်တစ်တိုင်ရှိနေရာ ထိုဖယောင်းတိုင်ကိုလည်း စစ်ဆေးသည်။ သို့သော် မည်သို့မျှ ထူးခြားသည့်ပစ္စည်းကို မတွေ့ရပါ။

တုထီပါးသည် တစ်စုံတစ်ခုသော အကျိုးကိုမျှော်ကိုး၍ ဤအိမ်ကိုတည်ဆောက်ခြင်း ဖြစ်ပါလိမ့်မည်။

သူ အကျိုးမရှိသည့်အလုပ်ကို ပြုလုပ်မည်မဟုတ်ပါ။

သူသည် ဤအဆောက်အအုံဆောက်လုပ်ခြင်း ရည်ရွယ်ချက်ကိုစဉ်းစားသော်လည်း စဉ်းစား၍မရပေ။ သူ သည် စဉ်းစားရင်း နံရံပေါ်မှ စာလုံးများကို မြင်တွေ့သွား၏။

"ဒီစာလုံးတွေမှာ ထူးခြားချက် တွေ့ကောင်းတွေ့မယ်"

ချူကွန်သည် စာလုံးများကို အသေအချာကြည့်လိုက်၏။ စာလုံးများ၏အလယ်ဗဟိုတွင် အမည်းစက်ကလေးများကိုတွေ့လိုက်ရသည်။

သူသည် ထိုစာလုံးများကို တစ်ခုချင်းစစ်ဆေးကြည့် လိုက်လေတော့၏။

သူသည် ထရပ်ပြီး လက်ဖြင့်စာလုံးများကို နှိပ်ကြည့်သည်။ မည်သို့မျှ ထူးခြားချက်ဖြစ်ပေါ်မလာပါ။

ချူကွန်ရပ်၍ တွေးနေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အခန်းနံရံပေါ်မှာ ဝလုံးတစ်ရာကျော်မက ရှိတယ်၊ အဲဒါ ဘာသဘောလဲ"၊

သူသည် တစ်စုံတစ်ခုကို သတိရလာသည်။ ချိုစိန်သင်ပေးခဲ့သည့် ပဝါပေါ်မှ အစက်အပြောက်ပုံစံများကို သတိရလာတော့၏။

သူသည် ပဝါပေါ်မှ အစက်အပြောက်များကို စဉ်းစားလိုက်၏။ အတန်ကြာစဉ်းစားမှ သတိရလာသည်။

"ငါ့ ပဝါပေါ်မှာ အဝ်နဲ့ထိုးတုန်းက ဘယ်ဘက်ကစပြီး ထိုးတယ်၊ နောက်ပြီး အောက်ဘက်ကိုပဲ ထိုးတယ်၊ ငါ ဒီအတိုင်းစမ်းကြည့်ဦးမယ်"

သူသည် ထိုစဉ်အတိုင်း စမ်းသပ်ကြည့်လိုက်သည်။ ဝလုံးများကို ဘယ်လက်ဖြင့် အစဉ်အတိုင်း အောက်သို့နှိပ်လိုက်သည်။

တွေ့ထိသောလက်နှစ်ချောင်းယားယံသလိုဖြစ်လာပြီး ဦးခေါင်းတစ်ခုလုံး မူးဝေလာတော့၏။ သူသည် ကမန်းကတန်း လက်လွှတ်လိုက်ရသည်။

အချိန်သည် တဖြည်းဖြည်း ကုန်ဆုံးသွားခဲ့လေပြီ။ သူသည် စိတ်ပျက်စွာဖြင့် စားပွဲပေါ်သို့ထိုင်ချလိုက်သည်။

စစ်တုရင်ရုပ်များကို တိုက်မိပြီး အောက်သို့ကျသွားလေ၏။ သူသည် စစ်တုရင်ရုပ်များကို ကြည့်လိုက်သည်။ စစ်တုရင်ရုပ်များသည် လိုသည်ထက် ပိုနေသည်ဟု ထင်၏။

"ဒီနံရံက ဝလုံးအရေအတွက်နဲ့ ဒီစစ်တုရင်ရုပ်တွေဟာ အတူတူပဲ ဖြစ်လိမ့်မယ်နဲ့တူတယ်၊ ဒီစစ်တုရင်ရုပ်နဲ့ စမ်းကြည့်ရမယ်"

သူသည် စစ်တုရင်ရုပ်များကိုယူပြီး နံရံသို့ပစ်ပေါက်လိုက်၏။



"ချွမ်...."

စစ်တုရင်များသည် နံရံရှိ ဝလုံးများကို ထိမိကပြီး နံရံမှပြန်ကန်ထွက်လာ၏။

တစ်ဆက်တည်းမှာပင်....

"ဂျွမ်း...."

အဆောက်အအုံသည် သိမ့်သိမ့်တုန်သွား၏။

နံရံပေါ်၌ အပေါက်တစ်ပေါက်ဖြစ်ပေါ်လာလေတော့၏။ ချူကွန် ဝမ်းသာသွားသည်။

သူသည် ထိုအပေါက်သို့သွားပြီးကြည့်ရှုရာ ဦးခေါင်းသုံးလုံးမျှဝင်နိုင်သော အပေါက်ဖြစ်ကြောင်းတွေ့လိုက်ရသည်။

အထဲ၌မူ မည်သည့်အရာကိုမျှ မတွေ့မြင်ရချေ။ ချူကွန် စိုက်ကြည့်ရာ အစိမ်းရောင်တစ်ရောင် လျှပ်ခနဲ လျှပ်ခနဲပေါ်လာသည်ကို တွေ့ရသည်။

ချူကွန်သည် ထိုအစိမ်းရောင်ကို စိတ်ဝင်စားသွား၏။ ထို့ကြောင့် ခေါင်းထိုးပြီး ဝင်ကြည့်လိုက်၏။

"ဘုတ်...."

တိုးညင်းသောအသံတစ်ခုကိုကြားလိုက်ရပြီး အလွန်ဆိုးရွားသောအနံ့အသက်တစ်ခုကို ရှူမိလေတော့၏။

ချူကွန် ထိတ်လန့်သွား၏။ အသက်ရှူခြင်းကို ရပ်ဆိုင်းလိုက်၏။

သို့သော် အနံ့အသက်ကိုရှူရှိုက်မိလေပြီ။ သူ တောင့်ခံထားသည်။ တောင့်ခံ၍ မရပေ။

ဘုတ်ခနဲကျလာသောအသံမှာ အဆိပ်ကျလာသံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချူကွန်သည် အလွန်ပြင်းထန်သောအဆိပ်ငွေ့ကို ရှူရှိုက်မိလေပြီ။

ထိုအဆိပ်ဆေးငွေ့သည် အလွန်ပြင်းထန်၏။ ထိုအဆိပ်ငွေ့ကို ရှူရှိုက်မိလျှင် အနေးနှင့်အမြန် သေဆုံးရပေမည်။

**ထိုအချိန်တွင်** ခေါင်မိုးပေါ်သို့ လူရိပ်တစ်ခုခုန်တက်လာလေ၏။ **ထို့နောက်** ချူကွန်ရှိရာသို့ခုန်ချလာပြီး ချူကွန်အား ပွေ့ချီကာ ပြန်လည်ခုန်တက်သွားသည်။

ထို့နောက် ခေါင်မိုးပေါ်မှခုန်ချကာ လျင်မြန်စွာ ပြေးထွက်သွားလေတော့၏။ မကြာမီ ထိုလူသည် ပျောက်ကွယ်သွားလေ၏။

❀

ချူကွန် သတိရလာ၍ ကြည့်လိုက်သောအခါ တိုနီချိုပါဘုရားကျောင်းဝင်းသို့ရောက်နေကြောင်း တွေ့ရလေ၏။

သူသည် ကွပ်ပျစ်တစ်ခုပေါ်၌ လဲလျောင်းလျက်ရှိကြောင်း တွေ့ရှိရသည်။

သူ့တစ်ကိုယ်လုံး အေးစက်လျက် ခြေလက်များ အင်အားချည့်နဲ့သလို ခံစားနေရကြောင်း ခံစားသိရှိရသည်။

ကွပ်ပျစ်ဘေးတွင် အဘိုးအိုနှစ်ယောက် ထိုင်နေကြောင်း ချူကွန်တွေ့လိုက်ရသည်။

လုံကုနှင့် ချိုစိန် ဖြစ်နေသည်။

ချူကွန်သည် သူ့အဖြစ်အတွက် ရှက်လည်းရှက်၊ ဝမ်းလည်းနည်းနေသည်။

"ဆရာ... ကျွန်တော်... ကျွန်တော်..."



လုံကုက လက်ကာပြလိုက်လေ၏။

"ကိစ္စမရှိဘူး။ မင်း ဘာမှပြောမနေပါနဲ့တော့၊ မင်းကိုယ်မင်း ပြန်ကောင်းအောင်သာ ဂရုစိုက်ပါ၊ အဆိပ်က ပြင်းထန်လို့ တစ်ရက်နှစ်ရက်နဲ့ပျောက်မှာ မဟုတ်ဘူး"

သူက ဆက်ပြောလေ၏။

"တုထိပါးဟာ ဒီလိုအဆိပ်ငွေ့ကို သုံးလိမ့်မယ်လို့ ငါ မထင်ပါဘူးကွာ၊ ဒါပေမယ့် ဒီကောင်က ဘာမဆိုလုပ်တာပဲကိုး"

ချူကွန်သည် ဝမ်းနည်းပြီး ငြိမ်သက်နေသည်။ လုံကုက ဆက်ပြောလေ၏။

"မင်း အေးအေးဆေးဆေး အနားယူပါ၊ ဘာမှ စိတ်ဆင်းမနေပါနဲ့ မင်းနေကောင်းမှ အဆိပ်ငွေ့ရှောင်တဲ့နည်းကို သင်ပေးရဦးမယ်"

**ချူကွန်က....**

"**ကျွန်တော့်**ကို ဆရာကယ်ခဲ့တာလား ဆရာ"

**လုံကုက ခေါင်း**ကိုခါယမ်းလိုက်၏။

"**မဟုတ်ပါဘူး...** မင်းဆရာဘိုးဘိုးက မင်းကိုကယ်ခဲ့တာပါ"

လုံကုက စာရွက်တစ်ရွက် ထုတ်ပေးသည်။

ချူကွန်က လှမ်း၍ ယူကြည့်လိုက်သည်။

"အဆိပ်ငွေ့ကို အတွင်းအားနဲ့ထုတ်ပေးလိုက်ပါ၊ နောက်ပြီး သူ့ကို အမည်းပညာလဲ သင်ပေးလိုက်ပါ"

ချူကွန်က နားမလည်သဖြင့် ပါးစပ်ဟလိုက်ရာ လုံကုက လက်ကိုခါယမ်းပြလေ၏။

ချိုစိန်က ဝင်ပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချူကွန်... မင်း ရောက်ရှိတဲ့အခန်းထဲက ဝလုံးတွေဟာ ငါ သင်ပေးထားတဲ့ပဝါပေါ်က အမည်းစက်တွေနဲ့အတူတူပါပဲ၊ မင်း **သဘောမပေါက်ဘဲ** ဖြစ်သွားလို့ပါ"

**သူက** စကားကိုဆက်ပြောလိုက်၏။

"**မင်းနေ**ကောင်းရင် ပြန်လေ့လာကြည့်ပေါ့"

**ချူကွန်က** ခေါင်းညိတ်လိုက်၏။

လုံကုက....

"မင်း အိပ်လိုက်ပါဦး၊ အိပ်ရာက နိုးမှ မင်းကို မေးစရာရှိတာတွေ မေးဦးမယ်"

"ဟုတ်ကဲ့"

"ကဲ... ကဲ... အိပ်တော့၊ အိပ်တော့...."

လုံကုနှင့်ချိစိန်တို့သည် အခန်းပြင်ပသို့ထွက်ခွာသွားကြတော့၏။

သူတို့သည် ပြင်ပခုံတန်းရှည်တွင်ထိုင်ကာ သူတို့လုပ်ဆောင်ရမည့်လုပ်ငန်းများကို ဆွေးနွေးနေကြသည်။

ချူကွန်မှာ ခေါင်းမူးလာသဖြင့် မျက်လုံးမှိတ်ထားလိုက်သည်။ သို့သော် စဉ်းစားစရာများကတော့ **ဦးခေါင်းထဲဝင်လာသည်။**

"ငါ့ကို ဆယ်နှစ်ကျော်ကျော်သိုင်း**ပညာသင်ပေးတာ အလ**ကား ဖြစ်နေပြီ၊ ဆရာဘိုးဘိုးသာ **လာမကယ်ရင် ငါသေနေပြီ"**

ချူကွန်သည် သူ့ကိုယ်သူ **တောက်ခေါက်မဆုံးဖြစ်နေ၏။**

"ငါ... အစစအရာရာ သတိထားရမယ်၊ နံရံပေးမှာ ဝလုံးတွေ့တော့လဲ၊ ဘဘချိစိန်သင်ပေးတဲ့ပညာဆိုတာကို ငါ သဘောမပေါက်ဘူး၊ သဘောတရားနဲ့ လက်တွေ့ဆိုတာ ဒါပဲနဲ့တူပါရဲ့၊ ငါ



သိခွင့် ရလိုက်တော့ ငါ အဆိပ်မိနေပြီ၊ ငါ အသုံးမကျပါဘူးကွာ"

ချူကွန်သည် တွေးရင်း တွေးရင်း **စိတ်မကောင်းဖြစ်လာ**သည်။

လုံကုနှင့် ချိစိန်တို့မှာမူ နှစ်ယောက်**သား ခေါင်းချင်းရိုက်**တိုင်ပင်နေကြ၏။

သူတို့တိုင်ပင်နေသည့်အကြောင်းမှာ **တုထီပါး၏အဆိပ်ကို**မည်သို့ ကာကွယ်ရမည်ဆိုသည့်အချက်ကိုတည်း။

ချူကွန်သည် နေ့စဥ် ကွပ်ပျစ်ပေါ်၌ လဲလျောင်းလျက်သာနေရသည်။

လုံကုက သူ့အား နေ့တိုင်းကြည့်ရှုစစ်ဆေးသည်။ **အဆိပ်**များကို အတွင်းအားဖြင့် ကုသပေးသည်။

ချူကွန်သည် အဆိပ်တော်တော်များများ မိထားသော်လည်း ကိုယ်ခံစွမ်းအားကောင်းသဖြင့် အဆိပ်ဒဏ်ကိုခံနိုင်ခြင်းဖြစ်သည်။

နောက်တစ်ကြောင်းမှာ ရှိုလုစီးက အချိန်မီကယ်တင်နိုင်ခြင်းကြောင့် သူ့အသက်ချမ်းသာရာရခြင်းဖြစ်သည်။

ကိုယ်ခံစွမ်းအား မကောင်းလျှင် ရှိုလုစီး အချိန်မီမကယ်တင်နိုင်လျှင် ချူကွန် အသက်ဆုံးရှုံးရမည်ဖြစ်သည်။

သူသည် (၃)ရက်အတွင်း လူကောင်းပကတိပြန်လည်ဖြစ်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

## ဒုတိယအကြိမ်ချဥ်းနင်းခြင်း

မိုးရွာသွန်းခြင်း ရပ်တန့်သွားပြီဖြစ်သော်လည်း မိုးကောင်းကင်၌ တိမ်လိပ်တိမ်ခဲများ မည်းမှောင်နေသဖြင့် ကောင်းကင်ကို ကြည့်ပြီး လွမ်းတတ်သည့်လူများအဖို့ လွမ်းနေရမည်ဖြစ်တော့သည်။

ချူကွန်မှာ ရောဂါကုသနေရသဖြင့် လွမ်းစရာ မတွေးနိုင်ပါချေ။

စတုတ္ထမြောက်နေ့တွင် ချူကွန်သည် လူကောင်းပကတိဖြစ်သွားပြီဖြစ်၍ လုံကုနှင့်ချိုစိန်တို့က ချူကွန်အား ခေါ်ယူသင်ကြားပေးနေသည်။

လုံကုက ရေနွေးကြမ်းသောက်ရင်း....

"မိတ်ဆွေကြီးချိုစိန်... ဇာသီဥတုက အေးလာပြီ၊ ကျုပ်တို့ကိစ္စကို အမြန်ဆုံးလုပ်မှဖြစ်မယ်၊ နှင်းတွေကျလာရင် မလွယ်ဘူး၊ တုံးဒီပါး တစ်မျိုးတစ်ဖုံပြောင်းလဲလိုက်ရင် ကျုပ်တို့ရင်ကျိုးရလိမ့်မယ်"

ချိုစိန်က ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ်ဗျ... နှင်းတွေကျလာရင် မလွယ်ဘူး၊ ဒီကိစ္စကို အမြန်ဆုံး ဖြေရှင်းရမယ်၊ ဒါပေမယ့်...."

ချိုစိန်က တစ်ပိုင်းတစ်စဖြင့် စကားရပ်လိုက်၏။ လုံကုအား လှမ်းကြည့်လိုက်၏။

ချူကွန်ကမူ ဘေး၌ထိုင်နေသည်။ ချိုစိန်တို့ ဆွေးနွေးနေသည်ကို နားထောင်နေရ၏။

ချိုစိန်က ချူကွန်အား ပြောလိုက်သည်။

"ချူကွန်... မင်း ပေါ့ဆသွားလို့ပါ၊ သူ့ရဲ့ပဟေဠိဟာ ငါ မင်းကိုသင်ကြားပေးတဲ့ပညာနဲ့ဆိုရင် အများကြီးအဆင့်နိမ့်ပါသေးတယ်၊ အမှန်က လွယ်လွယ်နဲ့ပြီးမယ့်ကိစ္စပါ၊ မင်း အဆိပ်မိသွားတော့ ခက်သွားတာပေါ့"

ချူကွန်သည် ရှက်သွားမိလေ၏။

ချိုစိန်က ဆက်ပြောလေ၏။

"အဲဒီနေ့တုန်းက အချိန်မီသာ မကယ်နိုင်ရင် မင်းသွားပြီပေါ့"

ချိုစိန်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါရင်း ဆက်ပြောသည်။

"မင်း နောက်တစ်ကြိမ်သွားဖို့ အခွင့်အရေးရဦးမယ်၊ ငါက တစ်ကြိမ်ပဲ ပညာသင်ပေးနိုင်မယ်၊ ဒါကြောင့် ထပ်ပြီးပြောမပြတော့ဘူး။ နောက်တစ်ခါ မင်းသတိထား စဉ်းစားတော့၊ မစဉ်းစားရင် မင်းကို ကယ်မယ့်လူရှိတော့မှာမဟုတ်ဘူး"

သူက ပြောပြီး ထရပ်လိုက်၏။

လုံကုဘက်သို့ လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လုံကူ... ကျူပ်သွားတော့မယ်၊ မနက်ဖြန်ကျမှပဲ တွေ့ကြတာပေါ့ဗျာ"

သူသည် စကားဆုံးသည်နှင့် ထွက်သွားတော့၏။ လုံကူနှင့် ချူကွန်နှစ်ယောက်တည်းသာ ကျန်ရစ်တော့သည်။

လုံကူက ပြုံးလိုက်ပြီး....

"ချီစိန်က ဒီလိုပဲ၊ ဟောဟောဒိုင်းဒိုင်းကြီးပဲ၊ စကားကို ရင်ထဲမှာမထားတတ်ဘူး။ မင်းကလဲ မင်းပဲလေ၊ သူ သင်ပေးထားတဲ့ ပညာကို အသုံးမှမချတတ်တာ"

ချူကွန်သည် စိတ်မကောင်းစွာ မော့ကြည့်လိုက်၏။

"ဆရာ... တပည့်အသုံးမကျလို့ ဒီလိုဖြစ်ရတာ တပည့်စိတ်မကောင်းပါဘူး"

လုံကူက **ပြုံးလိုက်သည်။**

"မင်း **အသုံးမကျတာ မဟုတ်**ပါဘူးကွာ၊ မင်း အသုံးမကျရင် မင်းကို ဒီတာဝန်**တွေ ပေးပါ့မလား။** သိုင်းလောကလူထူးလူဆန်းတွေဟာ တစ်ယောက်ပြီး**တစ်ယောက်** မင်းကို သိုင်းပညာတွေသင်ပေးနေကြတယ်၊ အဲဒါဟာ မင်းကိုအားကိုးလို့ပေါ့"

သူက ဆက်ပြောလိုက်သည်။

"ငါ အမုန်းဆုံးကတော့ နည်းနည်းပါးပါးအခက်အခဲကြုံတာနဲ့ စိတ်ပျက်သွားတတ်တဲ့လူမျိုးကိုပဲ၊ နောက်ဒီလိုစကား မပြောရဘူး"

ချူကွန်မှာ ရှက်သဖြင့် မျက်နှာနီရဲသွားသည်။

"တပည့် မှတ်ထားပါ့မယ် ဆရာ"

လုံကူက ဆက်ပြောသည်။



"**လူငယ်ဆိုတာ ဒီလိုမှပေါ့** မင်းတို့ နုနည့်ပျော့ဖတ်နေရင် ငါတို့သိုင်း**လောကမှာ ဘာတွေ**ဖြစ်လာမှာတဲ့လဲ"

ချူကွန် တိတ်ဆိတ်စွာ နားထောင်နေသည်။

လုံကူက ထိုင်ချပြီး ဆက်ပြောသည်။

"ကနေ့ည မင်းသွားရင် ငါ့ရဲ့အမိန့်ပေးကြေးပြားနဲ့ ကျန့်ဝမ်းရဲ့ အနီရောင်ခေါင်းမွေးကိုရအောင်ယူခဲ့၊ ကိုယ်ရဲ့လုံခြုံရေးကိုလဲ သတိထားဦး၊ အခု မင်းတွေ့ခဲ့တဲ့အတွေ့အကြုံတွေကို ပြောပြစမ်း"

ချူကွန်သည် ယင်းလူးနှင့် တွေ့ဆုံသည့်အကြောင်းမှလွဲ၍ ဖြစ်ပျက်သမျှတို့ကို အားလုံးပြောပြလိုက်တော့သည်။

လုံကူက အရေးတကြီး မေးလိုက်၏။

"မင်း... အစိမ်းရောင်လျှပ်ခနဲ လျှပ်ခနဲ တွေ့တယ်လို့ပြောတယ် မဟုတ်လား"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ဆရာ... အစိမ်းရောင်ကို လျှပ်ခနဲ လျှပ်ခနဲ တွေ့ရတယ်၊ ရတနာတစ်ခုခုများ ဖြစ်နေမလား မသိဘူး"

လုံကူက မဲ့ပြုံးပြုံးလိုက်သည်။

"ဘယ်က ရတ**နာရမလဲ၊ ငါသိပြီကွ...** အဲဒါလူမားရဲ့ပစ္စည်းကွ၊ ဒါကြောင့်မို့ **အစိမ်းရောင်တွေ့ရတာ**"

ချူကွန် ဝမ်းသာသွားသည်။

"ဆရာ... အဲဒါဟာ လူမားရဲ့အရိုးအဝ်လား ဆရာ"

လုံကူက ခေါင်းညိတ်လိုက်၏။

"ငါ့ရဲ့အယူအဆ မမှားဘူးဆိုရင် လူမားရဲ့ပစ္စည်းဖြစ်ဖို့သေချာတယ်၊ မင်း ဒီနေ့သွားရင် စွန့်စွန့်စားစား ဘာမှလုပ်စရာမလိုဘူး။

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်တာတွေ မလုပ်ဘဲနဲ့ ငါနဲ့ ကျန်ဝမ်းရဲ့ပစ္စည်းကိုသာ လိုက်စုံစမ်းပါ။ အဲဒါစုံစမ်းရရင် ပြီးတာပဲ"

"ဟုတ်ကဲ့... ဒါနဲ့ ဆရာက အဆိပ်ငွေ့ရှောင်ရှားနည်းကို သင်ပေးဦးမယ်ဆို"

"အဲဒါကို ဘာဖြစ်လို့သင်ရမှာတုန်း။ မင်းက လူမားရဲ့အရိုးအပ်ကို ယူပေးဦးမလို့လား"

"မဟုတ်ပါဘူး ဆရာ၊ ဆရာက ကျွန်တော့်ကိုသင်ပေးမယ်လို့ ပြောသံကြားလို့ပါ"

လုံကုက ခေါင်းညိတ်လိုက်သည်။

"အစကတော့ ငါသင်ပေးမလို့ပါ။ အခုတော့ မင်းကိုသင်ပေးလဲ အပိုပဲဆိုတာ ငါသိပြီ၊ ဘာဖြစ်လို့လဲဆိုတော့ မင်း လူမားရဲ့အရိုးအပ်ဆီကိုသွားဖို့ မလိုတော့တာကိုး။ ဟုတ်တယ် မဟုတ်လား။ မင်း လူမားရဲ့အရိုးအပ်ဆီကိုသွားဖို့ လိုသေးသလား"

"ဟုတ်ကဲ့ဆရာ... သွားဖို့ မလိုတော့ပါဘူး"

"မင်း ဒီကနေသွားရင် တုထိပါးနဲ့မတွေ့ပါနဲ့၊ သူ့ကိုမတွေ့အောင် ရှောင်ရှားပါ၊ မင်းသိထားဖို့က တို့ပစ္စည်း ဘယ်မှာရှိတယ်ဆိုတာကို မသိရမချင်း သူနဲ့မတွေ့အောင် ရှောင်ရှားပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"ငါတို့က တုထိပါးခြံထဲမှာ စုံစမ်းတယ်ဆိုတာက အခြေအနေအရပါ၊ ပစ္စည်းကို ငါတို့ရှေ့မှာထားလို့ ငါတို့ယူလို့မရပါဘူး။ ငါတို့က ကတိရှိထားတာကိုး၊ မင်းအတွက် နည်းနည်းပါးပါး အထောက်အကူ ဖြစ်အောင် သွားရတာပါ"

"ဒါနဲ့ ဆရာ...."



"ဘာများ မေးမလို့လဲ"

"ဆရာဘိုးဘိုးကရော... တုထိပါးရဲ့ခြံထဲ ဘာသွားလုပ်တာလဲ ဆရာ၊ တစ်ခုခုအကြီးအစည်မရှိဘဲနဲ့တော့ ဆရာဘိုးဘိုး တုထိပါးရဲ့ ခြံထဲကို ဝင်မယ်မထင်ဘူး"

"ငါလဲ မသိဘူးကွ၊ သူ ဘာလုပ်တယ်ဆိုတာ ဘယ်သူမှသိမှာ မဟုတ်ပါဘူးကွာ၊ မင်းကိုကယ်လာတာက တိုက်ဆိုင်တာပါကွာ၊ မင်းကိုလိုက်ကယ်နေတယ်လို့ မထင်နဲ့"

ချူကွန်က ခေါင်းညိတ်လိုက်၏။ လုံကုသည် ထရပ်ပြီး တံခါးပေါက်ရှိရာသို့လျှောက်သွားသည်။

"ဓါတပည့် ကြိုးစားပါ။ မင်း အောင်မြင်မယ်လို့ ငါ ယုံကြည်တယ်"

သူသည် တံခါးဖွင့်၍ ထွက်သွားတော့သည်။ ချူကွန်သည် သူ့ဆရာကို ငေးမောကြည့်နေမိ၏။

ပျောက်သွားသောအခါမှ သူ့ ကွပ်ပျစ်ရှိရာသို့ ပြန်လာလေတော့သည်။

များမကြာမီ တံခါးခေါက်သံကြားလိုက်ရတော့၏။

"ဒေါက်... ဒေါက်... ဒေါက်"

တံခါးခေါက်သံမှာ မကျယ်လှချေ။ တိုးတိုးလေး ဖြစ်သည်။

ချူကွန်က လှမ်းပြောလိုက်၏။

"တံခါးစေ့ရုံပဲ စေ့ထားတယ်၊ ဝင်ခဲ့ပါ"

အခန်းတံခါးမှာ ဖြည်းညင်းစွာပွင့်သွား၏။

မျက်နှာကို စာပဝါဖြင့် ဖုံးထားသော မိန်းကလေးတစ်ယောက် အခန်းထဲသို့ဝင်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ချူကွန် တောင့်တင်းသွားသည်။

ရုတ်တရက် ထရပ်လိုက်မိလေ၏။ သူက လှမ်းခေါ်လိုက်သည်။

"စုစုအင်း... မင်း... မင်း ဘာလာလုပ်တာလဲဟင်"

သူမ မျက်နှာပေါ်၌ဓာပဝါဖုံးလွှမ်းထားသဖြင့် အကဲမခတ်နိုင်သော်လည်း စိုးရိမ်ပူပန်သည့်အမူအရာမျိုး ဖြစ်နေသည်။

ကုန်ခန်းခဲ့သော အချိန်များသည် သူတို့နှစ်ယောက်အား သူစိမ်းတရံဆန်စွာ စိမ်းကားစေခဲ့လေသည်။

ယခု သူတို့နှစ်ယောက် တွေ့ဆုံသောအခါ ရင်းရင်းနှီးနှီး မဟုတ်တော့ဘဲ သူစိမ်းဆန်စွာ တွေ့ဆုံမိကြလေသည်။

ချူကွန်က ပြုံး၍နှုတ်ဆက်လိုက်၏။

"စုစုအင်း... မင်းနေကောင်းရဲ့လား"

စုစုအင်းက ခေါင်းညိတ်သည်။

သူမသည် ဤနေရာသို့မလာလိုပါ။ ချူကွန်ကိုလည်း မတွေ့လိုပါ။

သူမ၏ဆရာမကြီးက စေခိုင်းခြင်းဖြစ်၍ မလာလိုသော်လည်းမဖြစ်ပါ။

သူမထံမှ စကားတစ်ခွန်းမျှ ထွက်မလာသဖြင့် ချူကွန် ဆက်မပြောတော့ပါ။

"ကျွန်မ ဟိုကို ရောက်ခဲ့သေးတယ်"

"ဟုတ်လား... မင်းလဲ ပင်ပန်းလှပါပြီ"

"ရှင်အဆိပ်မိလာတယ်လို့ ဆရာမကြီးက ပြောတယ်"

"ဟုတ်ပါတယ်"



"ကျွန်မ သုံးလေးရက် အပင်ပန်းခံတာ ဘာမှအရာမထင်ပါဘူး။ ဆရာမကြီးက ပြောတယ်၊ ရှင် ဆရာမကြီးရဲ့ အရိုးအပ်ကိုတွေ့ခဲ့တယ်ဆို"

ချူကွန်သည် လူမှားသိသွားသည်ကို လွန်စွာ အံ့ဩနေ၏။

"ဟုတ်တယ် သေသေချာချာတော့ တွေ့တာမဟုတ်ပါဘူး၊ အစိမ်းရောင်ကို လျှပ်ခနဲတွေ့လိုက်တာပါ။ အဲဒါကို ဆရာက လူမှားရဲ့အရိုးအပ်လို့ ပြောတာပဲ"

"ဘဘလုံကုက ပြောတယ်ဆိုရင် မမှားနိုင်ပါဘူး၊ ကျွန်မ ဒီကိုလာတယ်ဆိုတာကလဲ ဆရာမကြီးက ခိုင်းလိုက်လို့ပါ"

"ဟုတ်လား"

"ကျွန်မ အဲ့ဒီအခန်းရဲ့အခြေအနေကို လာမေးတာပါ"

ချူကွန် ဝမ်းနည်းသွားသည်။

သူ အဆိပ်မိသဖြင့် သူ့ကို လာကြည့်သည်ဟု ချူကွန်ထင်ခဲ့သည်။ ယခုတော့ မဟုတ်ပေ။

အဆိပ်အရိုးအပ်ထားသည့်နေရာကို လာစုံစမ်းခြင်းဖြစ်သည်တဲ့။ ချူကွန် စိတ်ဓာတ်ကျသွားသည်။

"ကျုပ် အခန်းထဲရောက်ခဲ့တယ်ဆိုပေမယ့် အခန်းက မှောင်နေလို့ တစ်ခန်းလုံးကို သတိမထားခဲ့မိပါဘူး။ အဲဒီအခန်းကို ကျင်းချန်းစန်းလဲ ရောက်ခဲ့တာပဲ။ သူ့ကိုမေးကြည့်ရင် သိနိုင်ပါတယ်"

ချူကွန်က အရိုးခံအတိုင်း ပြောပြလိုက်သည်။

စုစုအင်းသည် ရှက်လည်းရှက်၊ ဒေါသလည်း ထွက်သွားသည်။

သူမသည် ခံပြင်းလှသဖြင့် ချာခနဲလှည့်ကာ ထွက်ပြေးသွား

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ချူကွန် တားဆီးခြင်းမပြုပါ။ ငေးငိုင်ကြည့်နေမိပါသည်။

သူသည် တစ်စုံတစ်ခုပျောက်ဆုံးသွားသည့်အလား ခံစားနေမိသည်။

ချူကွန် ငူငူကြီးထိုင်နေမိသည်မှာ ညနေအထိပင် ဖြစ်တော့သည်။

ညနေ ဘုန်းတော်ကြီးများ၏တရားမွေ့ရွတ်ဆိုသံများ ထွက်ပေါ်လာသောအခါမှ ချူကွန် ဆတ်ခနဲဖြစ်သွားတော့သည်။ ဘုန်းတော်ကြီးများ၏အေးငြိမ်းသောဘဝကို သူ သိပေသည်။

ချူကွန်သည် အေးငြိမ်းသောဘဝကို နှစ်သက်ပေသည်။ ယခု သူသည် ပူလောင်သောကာလက်ကိုဖြတ်သန်းနေခဲ့ရပေသည်။

မည်သည့်အချိန်အခါမှ အေးငြိမ်းသောဘဝကို ရောက်ရှိပေမည်နည်း။

ချူကွန်သည် ကြာမြင့်စွာ ထိုင်စဉ်းစားနေလေသည်။

မည်မျှကြာမြင့်သနည်းဆိုသော် ဘုန်းတော်ကြီးများ တရားမွေ့ရွတ်ဆိုသံများ တိတ်သွားသည်အထိ **ဖြစ်တော့သည်။**

ချူကွန်သည် ဟင်းခနဲ သက်ပြင်းချ**လိုက်၏။**

ညအတော် မှောင်နေပြီ။ သူ **တုထိပါး၏ခြံထဲသို့** ဝင်ရပေတော့မည်။

သူသည် ကိုယ်ကျပ်အင်္ကျီကိုဝတ်ဆင်လိုက်၏။ မိုလင်းနပေးထားသည့် စိပ်ပုတီးကိုသတိရသဖြင့် လည်ပင်း၌စွပ်လိုက်သည်။

ဤစိပ်ပုတီးကို ယင်းလူးသည် မိမိ၏မိခင်ဖြစ်သည် ဟုသိရကတည်းက ချူကွန် အသုံးမပြုခဲ့တော့ပေ။



**ယခု** ပထမဆုံးအကြိမ်အ သုံးပြုခဲ့ခြင်းဖြစ်ပါသည်။

**သူသည်** လှုပ်ရှားရလွယ်သည့် **အဝတ်အစား** အသုံးအ**ဆောင်များကို** ပြင်ဆင်ပြီးသောအခါ **အခန်းတံခါးကိုဖွင့်၍** ဖြည်း**ညင်းစွာထွက်ခွာသွားလေ၏။**

**ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။**

မိုးမရွာတော့သော်လည်း **မိုးကောင်းကင်ကြီး**မှာ အုံ့မှိုင်းနေပါသည်။ တိမ်ဆိုင်တိမ်လိပ်များ ထူထပ်နေပါသည်။

အေးစိမ့်သောလေသည် တညင်းညင်းတိုက်ခတ်နေသည်။ ချူကွန်သည် လမ်းပေါ်သို့ရောက်လာသောအခါ အိပ်မက်မက်နေသည့်အလား ထင်မှတ်မှားမိပေသည်။

ချူကွန်သည် တောလမ်းအတိုင်း လျှောက်လာ၏။

တောလမ်းအတွင်း၌မူ လူတစ်ယောက်မျှ မတွေ့ရချေ။

တောလမ်းအတွင်း တွေ့ရမည့်လူသည် တိုနီရှိပါဘုရားကျောင်း၌ နေထိုင်သောလူဖြစ်ရပေမည်။

အခြားသော ဆရာ့ဆရာကြီးများ၏တပည့်မှန်သမျှ တိုနီရှိ**ပါဘုရားကျောင်း၌** နေထိုင်ကြခြင်းမရှိသဖြင့် ချူကွန်သည် လမ်း၌ **တစ်ဦးတစ်ယောက်မျှ** မတွေ့ရခြင်းဖြစ်ပါသည်။

**ဤသို့ဖြင့် ချူကွန်**သည် အိဝေါ်ရေကန်သို့ဆိုက်ရောက်လာ**လေတော့သည်။**

**အိဝေါ်ရေကန်သို့**ရောက်သောအခါမှ ချူကွန်သည် **လူရိပ်**အချို့ကို မြင်တွေ့လိုက်ရတော့သည်။

**"အင်း...** ကျင်းချန်းစန်းတို့လူစုပဲနဲ့ တူပါရဲ့။ ငါအသံမပေးဘဲ နောက်ကပဲ လိုက်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ ထိုလူစုမှာ ကျင်းချွန်းစန်း၊ ဝေကုံးနှင့် စုစုအင်းတို့လူစုပင် ဖြစ်ပါတော့သည်။

မကြာမီ သူတို့သည် အီငေါ်ရေကန် ကမ်းစပ်သို့ ရောက်ရှိလာကြ၏။ ကျင်းချွန်းစန်းတို့လူစု ကူးသွားကြသည်။

ချူကွန်လည်း ရေထဲသို့အသံမကြားအောင် ဆင်းလိုက်ပြီး ကူးသွားလေတော့၏။

သူတို့သည် တုထိပါး၏ခြံမြေရှိရာ ကုန်းမြေပေါ်သို့ ဆိုက်ရောက်လာလေတော့သည်။

"အင်း... ဒီနေ့တော့ သေသေချာချာ စုံစမ်းရမယ်"

မှန်ပါသည်။ ချူကွန်သည် ဤနေ့၌စုံစမ်းစစ်ဆေးမည်ဟု စိတ်ဆုံးဖြတ်ထားလေတော့၏။



## အခန်း(၁၂)

### မဟာရန်သူနှင့်တွေ့ဆုံခြင်း

ချူကွန်သည် တုထိပါး၏ခြံနှင့် အလွန်ရင်းနှီးကျွမ်းဝင်နေပြီဖြစ်၏။

ဤသည်မှာ သူရောက်ဖူးသောအပိုင်း၌ ဖြစ်သည်။

သူသည် ခြံတွင်းသို့ဝင်လိုက်သည်။ ဝင်လိုက်လိုက်ချင်း လူရိပ်တစ်ရိပ်ကိုတွေ့ လိုက်ရာ ချူကွန်သည် ထိတ်ခနဲဖြစ်သွားသည်။

ထိုသူက မည်သို့မျှ ရန်မပြုသဖြင့် ချူကွန်အသေအချာ ကြည့်လိုက်မိသည်။

မိုလင်းနုတည်း။ သူမသည် အနက်ရောင်ဝတ်စုံ ကိုဝတ်ဆင်ထားသဖြင့် မှောင်ထဲဆိုလျှင် ပျောက်ကွယ်နေမည့်အဆင်အပြင် ဖြစ်သည်။

သူက လေသံတိုးတိုးဖြင့်....

"မိုလင်းနုကိုး...ဒီမှာ ဘာလာလုပ်နေတာလဲ"

သူမသည် ချူကွန်အား အကဲခတ်ကြည့်နေ၏။

သူတို့သည် မြစ်ထဲ၌ လှေစီးပြီး ခွဲခွာခဲ့ကြပြီးနောက် ဤသည်မှာ ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။

www.burmeseclassic.com



ထိုအခါ လူထွက်ပြီးဖြစ်သော ချူကွန်သည် ကိုရင်ချူကွန်ထက် ရင့်ကျက်သယောက်ကို မိုလင်းနုတွေ့ရှိလေ၏။

သူမက စကားမပြောသဖြင့် ချူကွန်ဆက်၍ မေးလိုက်၏။

"မိုလင်းနု… ဘုရားကျောင်းကိုလာခဲ့မယ်လို့ စာရေးထားခဲ့တယ်၊ ဘာဖြစ်လို့ မလာတာလဲ"

မိုလင်းနုက သက်ပြင်းချလိုက်၏။

"ဖေဖေက ကျွန်မကို ဘယ်မှသွားခွင့်မပေးဘူးရှင့်၊ ရှင်က ဘာဖြစ်လို့ လာရပြန်တာလဲ၊ ကျွန်မပြောထားတယ် မဟုတ်လား။ လိုချင်တာရှိရင် ကျွန်မကိုပြောပါလို့၊ ရှင် ဘာကိုခိုးချင်ရတာလဲ၊ ကျွန်မ အဖေက သိပ်ကြောက်စရာကောင်းတယ်ဆိုတာ ရှင်မသိဘူး"

ချူကွန်က မချိပြုံးပြုံးလိုက်၏။

"မင်း ဘာမှမသိပါဘူး။ ကျုပ်က သူများရဲ့ရွှေငွေရတနာပစ္စည်းကို ဘယ်တော့မှမခိုးဘူး။ မင်း မှတ်ထားပါ"

မိုလင်းနုသည် မျက်နှာကွက်ခနဲပျက်သွားသည်။

"ဒါဖြင့် ရှင်က ရှင့်ဆရာရဲ့ပစ္စည်းကိုခိုးမလို့ ဒီကိုလာတာပေါ့ ဟုတ်လား"

"မိုလင်းနု… အဲဒီခိုးတယ်ဆိုတဲ့စကားကို မသုံးပါနဲ့၊ ဒီပစ္စည်းဟာ ကျုပ်ဆရာရဲ့ပစ္စည်းပါ၊ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်က ပေးခဲ့တဲ့ကတိအတိုင်း ကျုပ်ဆရာက သူ့ပစ္စည်းကို ကျုပ်ကို ပြန်ယူခိုင်းလိုက်တာပါ"

မိုလင်းနုသည် အဖြစ်အပျက်ကိုသိထားဟန် မတူပါ။ ထို့ကြောင့် ချူကွန်၏စကားကိုလည်း နားလည်ပုံမရပါ။ သို့သော် ချူကွန်ပြောသည့်ကိစ္စသည် အရေးကြီးကြောင်း



ကိုတော့သိသည်။

"ချူကွန်… ကျွန်မတော့ ဘာမှနားမလည်ဘူး။ ဒါပေမယ့် ရှင်တော့ သတိထားရလိမ့်မယ်၊ ဖေဖေက ဒီပစ္စည်းတွေကို သူ့အသက်ထက်တောင် အလေးထားသေးတယ်"

"အရေးကြီးတာပေါ့… သိုင်းလောက လူထူးလူဆန်းကြီးတွေကို ဒီနည်းနဲ့ ထိန်းချုပ်ထားနိုင်တယ်မဟုတ်လား"

ထိုစကားကို ချူကွန်နှုတ်မှထုတ်ပြောလိုက်ခြင်း မဟုတ်ပါ။ ရင်ထဲမှပြောလိုက်ခြင်း ဖြစ်ပါသည်။

ချူကွန်ပြောလိုက်သည့်စကားမှာ…

"ငါ နားလည်ပါတယ်ဒီကိစ္စမှာ မင်းနဲ့လဲ မဆိုင်ပါဘူး။ ကျုပ်နဲ့လဲ မပတ်သက်ပါဘူး။ ပတ်သက်တာက သူတို့ချင်းပါ၊ ဒါပေမယ့် ကျုပ်က ဒီကိစ္စမှာ ဝင်ပတ်သက်နေရပါတယ်၊ ဒီပစ္စည်းရှာတဲ့အလုပ်ကို ကျုပ်လုပ်ရမှာပဲ၊ ဒါတွေထားပါတော့၊ ယင်းလူးရဲ့အခြေအနေ ဘယ်လိုလဲ"

ယင်းလူးအကြောင်း ချူကွန်က မေးလိုက်သောအခါ မိုလင်းနု၏မျက်နှာမှာ ပျက်သွား၏။

"သူ ရူးသွားပြီ"

ချူကွန်၏ခန္ဓာကိုယ်မှာ တဆတ်ဆတ်တုန်သွားရ၏။

မိုလင်းနုက….

"သူ့ကိုမတွေ့ရတာ လေးငါးရက်လောက်ရှိပြီ၊ တစ်ခါတစ်လေ သူဟာ မနက်ထမင်းစားချိန်ပြန်ရောက်လာတယ်၊ ဒါပေမယ့် တော်ကြာ ပျောက်သွားပြန်ရော၊ သူက လက်စားချေမယ်ချည်း အော်နေတာပဲ၊ ကျွန်မတောင် ကြောက်ကြောက်လာတယ်၊ ဖေဖေလဲ စိတ်

www.burmeseclassic.com

www.burmeseclassic.com



သောကရောက်နေတာပဲ"

ချူကွန်၏မျက်လုံးအစုံတွင် မျက်ရည်များ စို့တွဲလာ၏။

"ဘုရား... ဘုရား။ သူ့မှာ အပြစ်မရှိပါစေနဲ့လို့ ဆုတောင်းပါတယ်"

ချူကွန်သည် ရင်ထဲမှ ကျိတ်၍ဆုတောင်းမိသည်။

မိုလင်းနုက....

"ရှင် ရေကူးလာတယ်မဟုတ်လား"

"ဟုတ်တယ်... ရေကူးလာတယ်"

"ရှင် ရေကူးတတ်ပြီပေါ့နော်"

"ဟုတ်တယ်... ဒီကိုမလာခင်ကလေးကမှ သင်ထားရတာ"

သူသည် မိုလင်းနုနှင့်စကားပြောသည်မှာ အတော်ကလေးကြာမြင့်သွားပြီဖြစ်ကြောင်း သိသွားသည်။

သူသည် မိုလင်းနုအား အားတုံ့အားနာပြုံးပြလိုက်ပြီး....

"မိုလင်းနု... တခြားကိစ္စရှိသေးလို့လား။ ကျုပ်အချိန်မရဘူး။ လုပ်စရာတွေက အများကြီးရှိသေးလို့ပါ"

သူသည် မိုလင်းနုနှင့် ကြာရှည်စွာ စကားပြောလိုသည်။ သို့သော် သူရှက်နေသဖြင့် ဤစကားကိုပြောလိုက်ခြင်း ဖြစ်သည်။

မိုလင်းနုက....

"မရှိတော့ပါဘူး... ရှင် သတိထားပါနော်"

ချူကွန်က ကျေးဇူးတင်စွာ ခေါင်းညိတ်သည်။

"ငါ နားလည်ပါတယ်"

သူသည် ပြောပြီးသည်နှင့် မိုလင်းနုကိုဖြတ်ကျော်ပြီး လျှောက်သွားတော့သည်။



သူ့ခြေလှမ်း ဆယ့်လေးငါးလှမ်းမျှရှိမှ မိုလင်းနု၏ ပြောသံကြားရသည်။

"ချူကွန်"

ချူကွန်၏ခြေလှမ်းများ တုံ့ခနဲရပ်သွား၏။

"ကိစ္စရှိလို့လား"

ချူကွန်က မေးလိုက်၏။

မိုလင်းနုက ချိုတုံ့ချတုံ့ဖြစ်ပြီးမှ....

"ရှင်... ဘယ်ဘက်ကိုသွားမှာလဲ"

"ရေ့တည့်တည့်ကိုသွားမှာ"

"ရှေ့တည့်တည့်ကို မသွားပါနဲ့ အနောက်ဘက်ကိုပဲ သွားပါ။ အကျိုးရှိပါလိမ့်မယ်"

ချူကွန်သည် မိုလင်းနုကို လွန်စွာ ကျေးဇူးတင်သွားသည်။

"ကျေးဇူးတင်ပါတယ်"

သူသည် မိုလင်းနုအပေါ် သံသယစိတ်ရှိသည်။

သို့သော် ရန်သူ့သမီးဟူသောအသိက သူ့သံသယစိတ်ကြီးကို ဖြတ်တောက်နေသည်။

ယခု မိုလင်းနုက သူ့အပေါ် စေတနာထားသည့်စကားကို ပြောသောအခါ သူ့သံသယစိတ်ကြီးများသည် မိုလင်းနုအပေါ် ပြန်လည်ရစ်ပတ်လာတော့သည်။

ချူကွန်သည် မိုလင်းနုအား ကျေးဇူးတင်စကား ပြောကြားပြီး တုထိပါးမြို့ကြီး၏ အနောက်ဘက်ဆီသို့ ပြေးလေတော့၏။

တုထိပါးမြို့ကြီးမှာ လွန်စွာ ကျယ်ဝန်းကြောင်း မကြာမီ ချူကွန်သိရှိလိုက်ရသည်။

www.burmeseclassic.com



ချူကွန်သည် အနောက်ဘက်သို့ပြေးသွားလာ ရာလမ်းပင် မတွေ့ရတော့ချေ။

သို့သော် သူသည် မိုလင်းနကိုယုံကြည်သဖြင့် ဆက်၍ လျှောက်သည်။

သူသည် တောအုပ်တစ်ခုကိုလွန် လာပြီးသောအခါ သစ်ခွက်ကြွေများဖုံးအုပ်နေသော လမ်းကလေးတစ်ခုကိုတွေ့ရသည်။

သူသည် ထိုလမ်းအတိုင်း ပြေးလေတော့၏။

ချူကွန် ရေနွေးအိုးတစ်လုံးကျက်ခန့် ပြေးမိသောအခါ တောင်စွန်းတစ်ခုသို့ ဆိုက်ရောက်လာလေတော့၏။

အိုင်ရောက်ကြီးသည် လခြမ်းပုံသဏ္ဌာန်ကြီးမားကျယ်ပြန့်စွာရှိသည်။

တုတိပါး၏ခြံသည် ဝန်းဝိုက်နေသောတစ်ဘက်ကမ်းတွင် ရှိသည်။

သူ၏နောက်ဘက်၌ အဆုံးအစမရှိသော ကုန်းမြင့်၊ ချောက်များ ရှိနေသည်။

ချူကွန်တို့ရေကူး၍လာရသည်မှာ ဘေးတစ်ဘက် တစ်ချက်တွင် အခြားခြံများတည်ရှိနေပြီး ဝင်ရမလွယ်သောကြောင့် ဖြစ်သည်။

ယခု ချူကွန်သည် တောင်စွန်းချောက်ကမ်းပါးထိပ်သို့ ရောက်ရှိနေလေပြီ။

တစ်ဘက်၌ကြည့်လိုက်သောအခါ သပ်ရပ်သောအဆောက်အအုံ သုံးလေးခုကိုမြင်ရသည်။

အောက်သို့ကြည့်လိုက်သောအခါ အလ်လေးငါးဆယ်မက နက်သောချောက်ကြီး ရှိနေသည်။



ချူကွန်သည် ကူးသန်းသွားနိုင်သည့် တံတား သို့မဟုတ် နည်းလမ်းကိုလိုက်ရှာသည်။

ထိုအခါ အတော်ဝေးသောနေရာ၌ သံငုတ်တွင် စိုက်ချည်ထားသော သံကြိုးတန်းကိုတွေ့ရလေ၏။

ထိုသံကြိုးမှနင်းသွားလျှင် တစ်ဘက်ကမ်းအဆောက်အအုံများဆီသို့ သွားနိုင်လေ၏။

ချူကွန် မကြောက်ပါ။

သူကဲ့သို့ ကိုယ်ဖော့ပညာကောင်းသူ တစ်ယောက်အတွက် ကြိုးတန်းလျှောက်ရခြင်းကို မကြောက်ပါချေ။

သူသည် ကြိုးတန်းပေါ်သို့ စတင်ခြေနင်းလေတော့၏။

"အင်း... တုတိပါးဆိုတဲ့လူဟာ တော်တော်စိတ်ကူးကောင်းတယ်၊ ဒီလိုနေရာမှာ အဆောက်အအုံဆောက်ထားတော့ တော်ရုံတန်ရုံလူဟာ မလာနိုင်တော့ဘူးပေါ့"

ချူကွန်သည် ကြိုးပေါ်၌လျှောက်လာရာ လွယ်ကူစွာပင် လျှောက်လာနိုင်သည်။

ထိုစဉ် အဖြူရောင်အလုံးကလေးများသည် သူ့ခန္ဓာကိုယ်ဆီသို့ ပြေးလာခဲ့၏။

ချူကွန်သည် လက်ဝဲနှင့်ရိုက်ချပစ်သည်။ အကြို လက်ယာနှင့်ရိုက်ချပစ်သည်။

သူသည် ကြိုးတန်းပေါ်မှ ပြုတ်ကျမတတ်ဖြစ်သော်လည်း ပြုတ်မကျခဲ့ပေ။

ထိုခဏတွင် တစ်ဘက်ကမ်းမှ လက်ခုပ်သံကြားလိုက်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ချူကွန်သည် ကြိုးတန်းပေါ်၌လျှင်မြန်စွာ လျှောက်လိုက်ရာ တစ်ဘက်ကမ်းသို့ရောက်ရှိသွားလေ၏။

"ဖြောင်း... ဖြောင်း... ဖြောင်း"

လက်ခုပ်သံကို ဂရုမစိုက်ဘဲ လူကို ဂရုစိုက်ကြည့်လိုက်သည်။

"ဘယ်လိုလဲ၊ တစ်ဘက်ကြိုးတန်းပေါ် ကူးလာတဲ့လူကို လက်နက်ပုန်းနဲ့ပစ်ရတယ်လို့ ကျုပ်မှို့လို့ပေါ့၊ တော်ရုံတန်ရုံလူဆိုရင် ဒုက္ခရောက်တယ်၊ ရဲပြည်ကို တန်းရောက်မှာပဲ"

ချူကွန်သည် ရဲပြည်သို့တန်းရောက်မည်ဆိုခြင်းမှာ ချောက်ထဲလိမ့်ကျမည်ဆိုခြင်းပေတည်း။

"မင်းရဲ့သိုင်းပညာနဲ့ရဲပြည်ကို မသွားသင့်ပါဘူး၊ သိုင်းလောကကိုပဲ သွားသင့်ပါတယ်"

ချူကွန်သည် အသံရှင်ကိုကြည့်လိုက်၏။ တုထိပါး ဖြစ်လေသည်။

တုထိပါးသည် ထိုင်ခုံတစ်လုံး၌ ထိုင်နေလေ၏။ နောက်၌ လူငယ်နှစ်ယောက် ရပ်နေသည်။

သူသည် အောက်ပိုင်းကိုကျားရေ ခြုံထားသည်။ ချူကွန်က စိတ်ထဲမှ တွေးလိုက်၏။

"သူနဲ့ငါ တစ်နေ့မဟုတ် တစ်နေ့ တွေ့ကြရမှာပဲလေ၊ စောစောတွေ့လိုက်တာပဲ ကောင်းပါတယ်"

တုထိပါးက...

"ငါပစ်တာ လက်နက်ပုန်းနဲ့မဟုတ်ပါဘူး၊ ဇတ္တုလုံးပါ၊ မင်းကိုလက်နက်ပုန်းနဲ့ မပစ်ချင်ဘူးလေ"



ချူကွန်က တဟားဟားရယ်မောလိုက်၏။

"ဇတ္တုလုံးဟာလဲ သိုင်းပညာရှင်လက်ထဲရောက်သွားရင် သံလုံး၊ ကျောက်ခဲလုံးဖြစ်သွားတာပဲ၊ လူကိုသေစေနိုင်တာပဲ"

တုထိပါးက ပြုံးလိုက်သည်။

"စကားပြောကောင်းတဲ့ လူပါလား၊ မင်းကို ငါတွေ့ချင်နေတာ ကြာပြီ၊ မင်းဆရာလုံ့ကူက ဘယ်လိုပြုစုပျိုးထောင်ခဲ့သလဲဆိုတာ ငါ သိချင်တယ်"

တုထိပါး၏မျက်လုံးများသည် အရောင်တောက်ပလျက်ရှိ၏။

အသက်(၇၀)ခန့်ရှိပြီဖြစ်သော်လည်း ချီစိန်ကဲ့သို့ငယ်ရွယ်နုပျိုသူ ဖြစ်နေသည်။

အထူးသဖြင့် မည်သူမဆို သူ့အားတွေ့မြင်လိုက် သည်နှင့် သူသည် သာမညလူမဟုတ်ကြောင်း၊ နယ်နယ်ရရလူမဟုတ်ကြောင်း ခံစားစေနိုင်စွမ်းရှိသူ ဖြစ်ပေသည်။

ချူကွန် အသေအချာကြည့်လိုက်သောအခါ ထိုင်ခုံသည် လက်တွန်းလှည်းထိုင်ခုံဖြစ်နေကြောင်း တွေ့ရှိရလေ၏။

ချူကွန်သည် တုထိပါးအား အကဲခတ်နေသည်။

အရုပ်ပုသော်လည်း ရုပ်ရည်မှာ ခန့်ညားကြောင်း တွေ့ရှိရသည်။

ဤသူသည် သိုင်းလောကသားတို့၏ မဟာရန်သူဖြစ်နေခြင်းမှာ အံ့သြစရာပင် ကောင်းနေတော့သည်။

"ဒီရက်တွေမှာ လူထူးလူဆန်းတွေရဲ့ တပည့်တွေ အားလုံးလိုလို အကဲခတ်ပြီးခဲ့ပြီ၊ သူတို့တစ်တွေဟာ မခေကြပါဘူး၊ ဒါပေမယ့်

www.burmeseclassic.com



မင်းကလွဲလို့ သူတို့ဆရာရဲ့အဆင့်ကို မမီကြပါဘူး။ ဒါကြောင့် မင်းက နာမည်သိပ်ကြီးနေတာကိုး"

ချူကွန်က....

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်ကိုချီးကျူးတာကို ကျုပ်က လဲ စင်းကျန်နယ်မှာ ပထမဆိုတဲ့ ပုဂ္ဂိုလ်နဲ့တွေ့ရတာ ဝမ်းသာပါတယ်"

တုထိပါးက ရယ်မောလိုက်လေ၏။

"မင်းက ဘုရားကျောင်းမှာ ကြီးပြင်းလာခဲ့လို့ပဲ၊ နို့မဟုတ်ရင် ခက်မယ်၊ လေသံကတော့ ဝါရင့်သိုင်းသမားလေသံပဲ၊ ကဲ...ပြောစမ်း။ စင်းကျန်နယ်မှာ ပထမဆိုတဲ့လူရဲ့အိမ်ကို မင်းက ဘာကိစ္စနဲ့ လာရတာလဲ"

ယခုမှ ချူကွန်သည် တုထိပါးကို မိမိဆရာများ၏ ရန်သူအဖြစ်သာမက မိမိဖခင်အား သတ်ဖြတ်သွားသော မိမိရန်သူအဖြစ်ပါ သတိရလိုက်မိလေ၏။

ချူကွန်က....

"ခင်ဗျား သတိမကောင်းဘူးနဲ့တူတယ်"

"ငါ သတိကောင်းပါတယ်"

"ဒါဖြင့်ရင် လွန်ခဲ့တဲ့ နှစ်(၂၀)တုန်းက ကတိပေးခဲ့တဲ့ကတိကို ခင်ဗျားမေ့သွားပြီလား"

"ဟား... ဟား... ဟား"

တုထိပါးက ခေါင်းမော့ရယ်လိုက်၏။ သူ၏ရယ်မောသံကို ကြားသဖြင့် ငှက်များသည်ပင် လန့်ပျံကြလေသည်။

တုထိပါးက....



"ချီစိန်ရယ် ငါနဲ့စိန်ခေါ်ခဲ့တဲ့ သိုင်းလောက,က ပုဂ္ဂိုလ်တွေဟာ သိုင်းလောကထိပ်တန်းအကျော်အမော်တွေပါ၊ ဒီလိုပုဂ္ဂိုလ်တွေနဲ့ချိန်းထားတဲ့ပွဲကို ငါက မေ့နိုင်ပါ့မလားကွ"

သူက ဆက်ပြော၏။

"လွန်ခဲ့တဲ့နှစ် နှစ်ဆယ်တုန်းက သူတို့ထက်သာတဲ့တပည့်တွေရှာမှ မဟုတ်ဘူးလို့ ငါက တွက်ချက်ပြီး သူတို့တပည့်တွေလွှတ်ပြီး ပစ္စည်းလာယူနိုင်တယ်လို့ ပြောလိုက်တာ"

သူက သက်ပြင်းချ၍ ဆက်ပြောလေ၏။

"ဒါပေမယ့် ငါတွက်ချက်မှု မှားယွင်းသွားခဲ့တယ်၊ မင်းတို့တတ်ထားတဲ့ပညာတွေဟာ မင်းတို့ဆရာတွေရဲ့အဆင့်ကို မီရုံတင်မကဘူး။ ဥပမာ မင်းဆိုရင် မင်းဆရာထက်တောင် ပိုတတ်နေတယ်လို့ ဆိုရမယ်၊ ဒါကြောင့် ငါစိတ်ပြောင်းသွားတယ်၊ မင်းတို့ မနက်ဖြန်ကျရင် ဒီမှာကျင်းပမယ့် ညစာစားပွဲကိုလာကြပါလို့ ငါဖိတ်ခေါ်ပါတယ်၊ အားလုံးကို ငါဖိတ်ခေါ်မယ်၊ ဖိတ်ခေါ်ပြီးတော့ ဘယ်သူ့ပစ္စည်း ဘယ်နေရာမှာထားတယ်ဆိုတာ ငါရှင်းပြမယ်၊ မင်းတို့က ကိုယ်တတ်ထားတဲ့ပညာကို အသုံးပြုပြီးတော့ သွားယူကြပေါ့"

တုထိပါး၏စကားကိုကြားလိုက်ရသောအခါ၊ ချူကွန်သည် အံ့သြဝမ်းသာသွားသည်။

အဘယ်ကြောင့်ဆိုသော် သူတို့သည် ပစ္စည်းထားရာကို မသိဘဲ မျက်ကန်းမှန်းဆ၍ လိုက်ရှာရသောကြောင့်တည်း။

ချူကွန်က ဂါရဝပြုနှုတ်ဆက်လိုက်၏။

"ဆရာကြီးရဲ့အစီအစဉ်ဟာ အင်မတန် ကောင်းမွန်ပါတယ်ဗျာ"

www.burmeseclassic.com



တုထိပါးက....

"ကဲ... မင်း ခြံထဲမှာဆက်ပြီး အချိန်ဖြုန်းဖို့မလိုတော့ဘူး၊ မင်း ပြန်ပေတော့၊ ငါ မနက်ဖြန် ဇိတ်စာပို့လိုက်မယ်၊ အချိန်တန်ရင် မင်းဆရာနဲ့အတူ ကြွခဲ့ပါ"

ချူကွန်က လက်အုပ်ချီဂါရဝပြုလိုက်၏။

"ကောင်းပါပြီ... ဒီလိုဆိုရင် ကျူပ်ကိုခွင့်ပြုပါတော့"

တုထိပါးက ခေါင်းညိတ်လိုက်၏။

ချူကွန်သည် ကြိုးတန်းရှေ့ပေါ်လမ်းလျှောက်၍ ပြန်တော့သည်။

ထို့နောက် တစ်ဘက်ကမ်းသို့ရောက်၍ လှည့်ကြည့်လိုက်သောအခါ တုထိပါးသည် သူ့တပည့်နှစ်ယောက်နှင့်အတူ ထိုင်ကြည့်နေသည်ကိုတွေ့ရလေ၏။

သူသည် ဦးညွှတ်ဂါရဝပြုလိုက်၏။ တုထိပါးက လက်မြှောက်ပြသည်။

ထို့နောက် ချူကွန်သည် တောအုပ်ထဲဝင်ပြေးပျောက်ကွယ်သွားလေတော့၏။

"အင်း... ငါတော့ ဒီသူငယ်ရဲ့လက်ချက်နဲ့ ပျက်စီးလိမ့်မယ်လို့ထင်ပါရဲ့"

တုထိပါးသည် ခပ်တိုးတိုးရွတ်ဆိုမိလေ၏။

***



## အခန်း (၁၃)

## မြေအောင်းလူသား

ချူကွန်သည် စုစုအင်းကို သတိရလာလေ၏။

လူမှား၏ အဆိပ်အစ်ရှိသည်ဆိုသော အဆောက်အအုံအကြောင်းကို လာမေးသည်ကို သူသတိရလာသည်။

ထိုအဆောက်အအုံကို စုစုအင်းသွားမည်ဆိုလျှင် ဒုက္ခရောက်မည်မှာ သေချာသည်။

"စုစုအင်းဟာ ချိစိန်သင်ပေးတဲ့ပဝါပညာမတတ်ဘဲနဲ့ အဲဒီအဆောက်အအုံကိုသွားရင် တော်ကြာအဆိပ်မိသွားလိမ့်မယ်"

သို့သော် စုစုအင်းက သူ့အပေါ် မလိုလားသည့်အဖြစ်အပျက်ကိုတွေ့ရသောအခါ သူသည် စုစုအင်းအား လိုက်လံကူညီမည့်အကြံကို စိတ်လျှော့လိုက်ရလေ၏။

သူသည် တောလမ်းလေးအတိုင်း လျှောက်လာလေ၏။

ထိုအခိုက် ဝမ်းနည်းကြေကွဲသော သက်ပြင်းချသံကိုကြားလိုက်ရလေ၏။

ထိုသက်ပြင်းချသံသည် ချူကွန်အား တုန်လှုပ်သွားစေ၏။ သူ့ရင်ထဲ၌ သနားကြင်နာသောစိတ်များ ဖြစ်ပေါ်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူများပါလိမ့်... သိပ်ကိုဒုက္ခရောက်နေတယ်နဲ့တူတယ်"

သက်ပြင်းချသံသည် သူ၏လက်ဝဲဘက်မှထွက်ပေါ်လာခြင်းဖြစ်၍ ထိုမှာဘက်သို့ လှည့်သွားလေတော့၏။

ထိုနေရာတစ်ဝိုက်တွင် အိမ်ခြေယာခြေလုံးဝမရှိပေ။

သို့သော် သစ်ပင်စုစုအုပ်အုပ်ကလေး ဖြစ်နေသောနေရာတော့ရှိသည်။

ချူကွန် မျက်မှောင်ကုပ်လိုက်၏။

"ဒီလူက တောအုပ်ထဲမှာ လမ်းပျောက်နေလို့လား။ ဒါမှမဟုတ် တုထိပါးရဲ့နှိပ်စက်မှုကိုခံနေရတဲ့လူများ ဖြစ်နေမလား"

ချူကွန်သည် သစ်ပင်စုစုအုပ်အုပ်ရှိသည့်နေရာသို့ ဝင်သွားတော့သည်။

သက်ပြင်းချသံကြားရသည့်နေရာကို အနှံ့အပြားလိုက်ရှာတော့သည်။

လူရိပ်လူယောင်ဟူ၍ လုံးဝမတွေ့ရချေ။ ချူကွန် အံ့သြတုန်လှုပ်သွားလေ၏။

"ငါ နားကြားမမှားနိုင်ပါဘူး။ အသံက ငါနဲ့မဝေးပါဘူး။ ဘာဖြစ်လို့ ရှာမတွေ့ရတာလဲ၊ အင်း... တုထိပါးရဲ့နယ်မြေဟာ တော်တော့်ကိုထူးဆန်းလှပါ့ဝက်ပါလား"

သူ စဉ်းစားနေသည်။

"အဟမ်း"

ထိုစဉ် ချောင်းဆိုးသံထွက်ပေါ်လာပြန်လေ၏။

ထိုအသံသည် သူနှင့်ဝါးသုံးရိုက်ခန့်အကွာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ချူကွန် ထိတ်ခနဲဖြစ်သွား၏။

အဘယ်ကြောင့်ဆိုသော် ချောင်းဆိုးသံသည် ကျန့်ဝမ်း၏အသံနှင့်တူနေသောကြောင့်တည်း။

"ဟာ... ဘဘကျန့်ဝမ်းရဲ့ ချောင်းဆိုးသံပါလား။ ဘဘကျန့်ဝမ်းဟာ ကိုယ်တစ်ပိုင်း သေပြီးကတည်းက တစ်ခါမှချောင်းဆိုးတာမတွေ့ရတော့ဘူး။ အခု ချောင်းဆိုးသံကြားရတော့ ဘဘကျန့်ဝမ်း နေပြန်ကောင်းလာလို့လား"

သူသည် အသံကြားရာသို့ ပြေးလေတော့၏။

"ဘဘကျန့်ဝမ်း... ဘဘကျန့်ဝမ်း"

ချူကွန်သည် ကျန့်ဝမ်း၏အမည်ကို အော်ခေါ်လေတော့၏။

သို့သော် သစ်ပင်များ လေတိုက်ခတ်သဖြင့် တရှဲရှဲမြည်မှအပ အခြားမည်သည့်အသံကိုမျှ မကြားရချေ။

ချူကွန်သည် ဆက်၍အော်နေ၏။

"ဘဘကျန့်ဝမ်း ဘယ်မှာလဲ"

ချူကွန်သည် မျက်ရည်များ စီးကျလာ၏။

သူ့ဘဘကျန့်ဝမ်းသည် ဤနေရာသို့ ရောက်ရှိလာလိမ့်မည်ဟု မထင်ပါ။

သူသည် မျက်ရည်တွေတွေကျမိပါလေ၏။

သူသည် တတ်နိုင်သမျှ လှည့်ပတ်ရှာဖွေပါသည်။ မည်သည့်နေရာမှ မတွေ့ပါ။

ထိုစဉ် ချောင်းဟန့်သံတစ်ချက်ပေါ်လာပြန်လေ၏။ ချူကွန်သည်ပြေးသွားပြီး အော်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘဘကျွန်ဝမ်း... ဘယ်မှာလဲ"

သူသည် လှည့်ပတ် အော်ဟစ်နေသည်။

ထိုအခါ လူတစ်ယောက်၏အော်ဝေါက်သံကို ချူကွန်သည် အံ့ဩဖွယ်ရာ ကြားလိုက်ရတော့သည်။

"ဘယ်သူလဲဟေ့... ဒီမှာလာပြီး အော်နေတာ"

ထိုအသံသည် သူ့ဘဘကျွန်ဝမ်း၏အသံ မဟုတ်ကြောင်း ချူကွန် သိလိုက်ရတော့သည်။

ချူကွန် ကြောင်အမ်းအမ်းဖြင့် ရပ်နေမိလေ၏။

ယခုမှသူသည် အသံလာရာသို့ ခန့်မှန်းမိသည်။ အသံသည် မြေအောက်မှလာခြင်း ဖြစ်သည်။

ချူကွန် အလွန်အံ့ဩသွားသည်။ မည်သူသည်မြေအောက်မှာ နေထိုင်သနည်း။

သို့သော် အသံက မြေအောက်မှ တကယ်လာနေပေသည်။

မြေအောက်မှလူက....

"လူယုတ်မာ... ငါ့ကိုစိတ်တိုအောင် လာမလုပ်နဲ့... သွား"

ထိုလူ၏အော်ဝေါက်သံကိုကြားလိုက်ရသောအခါ ချူကွန်သည် ပို၍ အံ့ဩသွားလေတော့သည်။

ထိုလူသည် လွန်စွာအဆင့်မြင့် သောအတွင်းအားရှိနေသည်ဟု ခန့်မှန်းမိလေ၏။

ချူကွန်သည် အတွင်းအားကို စုစည်း၍ ပြောလိုက်သည်။

"ဒီမှာခင်ဗျား ဘယ်မှာရှိတယ်ဆိုတာကို ပြောပါ၊ ကျွန်တော် တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

အတန်ကြာတိတ်ဆိတ်နေပြီးမှ တစ်ဖက်လူ၏အသံထွက်



ပေါ်လာသည်။

"မင်း... ဘယ်သူလဲ၊ ဒီလေသံမျိုးကို ငါတစ်ခါမှ မကြားဖူးပါလား"

ချူကွန် သေချာစွာ နားထောင်လိုက်သောအခါ အသံသည် သူရပ်နေသည့် မြေအောက်မှလာကြောင်း သိရှိလိုက်ရတော့သည်။

သူသည် ရပ်နေရာကိုသေသေချာချာ ကြည့်လိုက်၏။

မြက်ပင်များ ပေါက်ရောက်နေပြီး မည်သည့်ထူးခြားချက်မျှ မတွေ့ရဘဲ ရှိနေသည်။

ထို့ကြောင့် သူက ဆက်မေးလိုက်၏။

"ခင်ဗျားဘယ်မှာလဲဗျ၊ ကျွန်တော့်ကိုပြောပြမှ ကျွန်တော် သိမှာပေါ့၊ ဒါမှ ကျွန်တော်ကူညီလို့ ရနိုင်မယ်"

အသံသည် ချူကွန်၏ခြေထောက်အောက်မှ ထွက်လာခြင်း ဖြစ်သည်။

"ငါ မင်းရဲ့အောက်မှာပဲရှိတယ်၊ သေသေချာချာ ရှာပါ၊ မင်း တွေ့လိမ့်မယ်"

ချူကွန်သည် မြက်ခင်းများကို ဖယ်ရှားလေတော့၏။

မြက်ခင်းများကိုဖယ်ရှားလိုက်သောအခါ ကျောက်ဖျာတစ်ချပ်ကို တွေ့ရှိရလေ၏။

ချူကွန်သည် အံ့ဩထိတ်လန့်သွား၏။

"ကြည့်စမ်း... လေပေါက်ပိတ်နေတာပဲ၊ ဒီလူ ဘယ်လိုလုပ်ပြီးနေထိုင်တယ် မပြောတတ်ဘူး"

သူသည် ကျောက်ဖျာကြီးကို ဆွဲဖွင့်လိုက်၏။ ဘေးသို့ဖယ်ရှားပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေအောက်မှလူ၏အသံ ထွက်ပေါ်လာ၏။

"ဖြည်းဖြည်းလုပ်၊ မြေမှုန့်တွေ ငါ့အပေါ်ကျတယ်"

ဤတစ်ကြိမ်တွင် ထိုလူ၏အသံသည် ပို၍ကျယ်လောင်လာ၏။

မြေပေါက်ကိုဖွင့်လိုက်သောကြောင့် ဖြစ်ပါသည်။

အပေါက်တွင် လှေကားထစ်များကိုတွေ့ရလေ၏။ အောက်သို့ဆင်းသော လှေကားထစ်များပေတည်း။ ချူကွန် တွေးလိုက်၏။

"မဟုတ်မှလွဲရော၊ ဒါဟာ တုထီပါးရဲ့လက်ချက်ပဲ ဖြစ်ရမယ်၊ ဒီလုပ်နည်း လုပ်ဟန်ဟာ တုထီပါးရဲ့လုပ်နည်းလုပ်ဟန်ပဲ"

သူသည် တွင်းဝမှအောက်သို့ လှမ်းအော်လိုက်၏။

"ဒီမှာ ကျွန်တော် ဒီကဆင်းလာရင် ခင်ဗျားဆီကို ရောက်မှာလား"

"ငါ့ဆီကို ရောက်ပါတယ်၊ မင်း ဘယ်သူလဲ"

ထိုလူသည် မြေအောက်၌တွင်းပိတ်ခံရသည်မှာ မည်သည့်အပြစ်ကြောင့်နည်း။

"ကျုပ် တုတီပါးရဲ့ရန်သူပါ"

"ကောင်းပြီ... ဒါလိုဆိုရင် ဝင်ခဲ့"

ချူကွန်သည် တွင်းထဲသို့ငုံ့ဝင်လိုက်သည်။

ပထမ၌ ခေါင်းငုံ့ဝင်ရသော်လည်း နောက်ပိုင်း၌ ကိုယ်ကို မတ်မတ်ထား၍ လျှောက်နိုင်သည်။

လှေကားမှာ အထစ်သုံးဆယ်ခန့်ရှိ၏။ အောက်သို့ရောက်၍ ကြည့်လိုက်သောအခါ စင်္ကြံလမ်းအတိုင်း လျှောက်သွားလေတော့၏။



"မင်းမှာ မီးတုတ်ပါသလား။ ဒီမှာ မှောင်တယ်၊ မင်း ငါ့ကို တွေ့ရမှာ မဟုတ်ဘူး"

ချူကွန်က ပြုံးလိုက်၏။

"မီးတုတ်မလိုပါဘူး... ကျွန်တော် မြင်ပါတယ်"

ထိုလူက....

"မင်းအသံကြားပြီး ခန့်မှန်းရတာတော့ လူငယ်တစ်ယောက်ရဲ့အသံပဲ။ ဘယ့်နှယ် သိုင်းပညာအဆင့် ဒီလောက်မြင့်နေရတာလဲ"

ချူကွန်သည် ဘာမျှမပြောတော့ပေ။ သူသည် မြေအောက်ဂူကို ကြည့်လိုက်၏။

"ဒီနေရာဟာ ဘဘကျွန်ဝမ်းက ငါ့ကိုသိုင်းပညာသင်ပေးတဲ့ နေရာနဲ့ တစ်ပုံစံတည်းပါလား"

ဂူထဲ၌ မှောင်နေသော်လည်း ချူကွန်သည် ကောင်းစွာ မြင်နေရလေ၏။

စင်္ကြံလမ်းအဆုံးသို့ရောက်သွားသောအခါ ဝါးတစ်ရိုက်ခန့် အကွာ၌ ကျောက်ခုတင်တစ်လုံးပေါ်၌လူတစ်ယောက်သည် နံရံကို ကျောမှီထိုင်နေသည်ကို တွေ့လိုက်ရတော့သည်။

ဆီမီးခွက်တစ်လုံး ရှိနေ၏။ ဝါကြန့်ကြန့် အလင်းရောင်သည် ထိုလူအနီး၌သာ လင်းသည်။

သူ့ဆံကေသာသည် ရှည်လျားလှ၏။ မုတ်ဆိတ်မွေးများသည် သူ့တစ်ကိုယ်လုံးဖုံးအုပ်ထားသည်။

သို့သော် မျက်လုံးအစုံက စူးရတောက်ပလှချေ၏။

ချူကွန်သည် တုန်လှုပ်သွားလေ၏။

ထိုလူက ချူကွန်အား ကြည့်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကိုမကြောက်ပါနဲ့ မှတ်ဆိတ်ကျင်စွယ်တွေ ရှည်နေလို့ပါ။ ကြောက်စရာ မလိုပါဘူး"

ချူကွန်သည် ထိုလူ့အနီးသို့ ချဉ်းကပ်သွားလေ၏။

ထိုလူက ချူကွန်ကို အကဲခတ်နေသည်။

ချူကွန် အကဲခတ်သောအခါ ထိုလူသည် အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးမျှသာရှိကြောင်း တွေ့ရလေ၏။

မှတ်ဆိတ်ကျင်စွယ်များ ရှင်းလင်းလိုက်လျှင် ယခုထက် ပိုမို ငယ်ရွယ်နိုင်သည်။ ထိုလူက ပြော၏။

"မင်း အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ သိုင်းပညာအဆင့် ဒီလောက်မြင့်နေတာ ငါ အံ့ဩမိတယ်"

သူသည် သက်ပြင်းချရင်း တစ်ကိုယ်တည်း ဆက်လက်ရေရွတ်နေသည်။

"နောက်ပေါက်လူငယ်တွေက တစ်နေ့တခြားကို တော်နေပါကလား"

ချူကွန်သည် အတန်ကြာကြာကြည့်ပြီးမှ....

"ခင်ဗျား ဘယ်သူဆိုတာ ပြောပြပါလားခင်ဗျာ"

သူက မျက်မှောင်ကုပ်သွား၏။

"မင်းကကော ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ"

"ကျွန်တော် တုထိပါးနဲ့ရန်ငြိုးရှိတယ်၊ ကျွန်တော် လက်စားချေဖို့ လာခဲ့တာပဲ"

"မင်း ဘယ်လိုလုပ်ပြီး တုထိပါးနဲ့ရန်ငြိုးရှိတာလဲ၊ တုထိပါးနဲ့ ရန်ငြိုးရှိတဲ့လူက အသက်လေးငါးဆယ်အထက် လူတွေကွ၊ မင်းက ငယ်ငယ်လေးရှိသေးတာပဲ"



"ရန်ငြိုးက သေးသေးကွေးကွေး ရန်ငြိုးမဟုတ်ဘူး။ ကျွန်တော့် ဆရာလဲ သူနဲ့ရန်ငြိုးရှိတာပဲ"

"မင်း ရန်ငြိုးကိုမပြောချင်ရင် မင်း သွားနိုင်ပြီ"

ချူကွန်က အံ့ဩစွာ ပြောလိုက်၏။

"ကျွန်တော့်ကို ဘာဖြစ်လို့ နှင်ထုတ်ရတာလဲ၊ ကျွန်တော်က ခင်ဗျားကို လာကယ်တာဗျ"

"ငါ ထွက်ဖို့ အချိန်မတန်သေးဘူး"

"ဘာဖြစ်လို့လဲ"

"ငါ ကိုယ်တစ်ပိုင်းသေနေတယ်၊ ဒါပေမယ့် ငါ့ကိုယ်ငါ ကုသနေတယ်၊ နောက်(၁၀)ရက်လောက်ဆိုရင် ပြန်ကောင်းသွားမှာပါ"

"တုထိပါးက ဒုက္ခပေးနေတယ်မဟုတ်လား။ ခင်ဗျား သူ့ကို မကြောက်ဘူးလား"

"ငါ... ဝေဒနာလုံးဝပျောက်မှာ မဟုတ်ဘူးလို့ ထင်နေတာကွ၊ သူ လုံးဝမလာဘူး"

သူသည် ပြောရင်း အားရပါးရ ရယ်မောလေတော့၏။

"ဟား... ဟား.. ဟား"

ထိုအချိန်တွင် မီးတောက်များသည် ငြိမ်းသေမည့်ကဲ့သို့ဖြစ်သွားသည်။

ထိုလူသည် အစိမ်းရောင်အရည်များဖြည့်လိုက်ရာ မီးတောက်က ပြန်ထလာလေတော့၏။

ချူကွန်သည် ထိုလူ့လုပ်ပုံကိုင်ပုံကိုကြည့်နေရာ လှုပ်ရှားပုံမှာ ညင်သာလှပေသည်။

သူသည် မည်သို့ သောလူစားမျိုးဖြစ်မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



မီးတောက် ပိုအားကောင်းလာသောကြောင့် ထိုလူကိုပီပြင်စွာ တွေ့မြင်လိုက်ရသည်။

ထိုလူက မေးလိုက်၏။

"မင်းရဲ့သိုင်းပညာက တော်တော်ကောင်းပုံရတယ်၊ မင်းရဲ့ဆရာက ဘယ်သူလဲ"

ချူကွန်က....

"လုံကုပါ"

ထိုသူက အံ့သြသွားဟန်ပြသည်။

"လုံကုကိုး... ဒီလိုဆိုရင် ငါသိပြီ၊ မင်း ဘာဖြစ်လို့ ဒီကိုလာတယ်ဆိုတာ သဘောပေါက်ပြီ"

"ဟုတ်တယ်... ဆရာကြီးလုံကုရဲ့ကိစ္စတင် မကပါဘူး၊ တခြားကိစ္စတွေလဲ ရှိပါသေးတယ်"

"မင်း အသက်ဘယ်လောက်ရှိပြီလဲ"

"အသက် (၂၀)ရှိပါပြီ"

"မင်း ဘယ်မှာကြီးပြင်းလာတာလဲ"

"ချင်းကုန်းဘုရားကျောင်းမှာပါ"

ချင်းကုန်းဘုရားကျောင်း၌ကြီးပြင်းလာသည်ဟု ပြောသောအခါ ထိုလူ၏အမူအရာသည် အထူး မတည်မငြိမ်ဖြစ်သွားတော့သည်။

"မင်းအသက်(၂၀)ရှိပြီ ဟုတ်လား၊ မင်း စင်းကျန်နယ်သားလား"

ချူကွန်က ခေါင်းယမ်းလိုက်၏။

"မဟုတ်ပါဘူး... စင်းကျန်နယ်သား မဟုတ်ဘူး၊ ငယ်ငယ်လေးထဲက ကိုရင်ဝတ်တာ (၁၈)နှစ် အထိပါပဲ"



ချူကွန်က ပြန်မေးလိုက်သည်။

"ခင်ဗျားကြည့်ရတာ စင်းကျန်နယ်သားနဲ့ မတူပါဘူး"

ထိုလူက သူ့အား မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကြည့်ကာ....

"မင်း... ချင်းကုန်းဘုရားကျောင်းမှာနေတာတော့ ဟုတ်ပြီ၊ မင်း အဲဒီမှာ ဘယ်သူမှလာမပို့ဘဲ နေတာလား၊ ဒါမှမဟုတ် တစ်ယောက်ယောက်က လာပို့တာလား၊ မင်းရဲ့နာမည်က ဘာလဲ"

သူ့အသံက လှုပ်ရှားနေသည်။ ချူကွန်က....

"ကျွန်တော့်ကို ချင်းကုန်းဘုရားကျောင်းကို ဓားသမားရောက်ဖုံးဆိုတာက လာပို့သွားတာပါ၊ ကျွန်တော့်နာမည်က ချူကွန်ပါ"

"ဘာ"

ထိုလူသည် အလန့်တကြား အော်ဟစ်လိုက်၏။

သူ့ရင်ဘတ်ကိုလည်း လက်နှင့်ဖိထားသည်။

သူသည် အစာနင်သကဲ့သို့ဖြစ်နေသည်။ တစ်စုံတစ်ခုသော ဝေဒနာကိုခံစားရသကဲ့သို့ ဖြစ်နေသည်။

ချူကွန်သည် ထိုလူ၏အဖြစ်အပျက်ကိုမြင်သောအခါ ရင်ထိတ်သွား၏။

"ဘာဖြစ်တာလဲ ခင်ဗျာ၊ ကျွန်တော် ဘာလုပ်ပေးရမှာလဲ"

သူသည် စကားမပြန်နိုင်ဘဲ ရင်ဘတ်ကိုသာ ဖိနေသည်။

"ဘုရား... ဘုရား... လက်စသတ်တော့ သူ ချူကွန်ဖြစ်နေတာကိုး၊ ငါ သူ့ကိုပြန်တွေ့မယ်လို့ လုံးဝမမျှော်လင့်ခဲ့ဘူး၊ အခုတော့

www.burmeseclassic.com



သူဟာ သိုင်းပညာ အတော်လဲတတ်နေပြီ၊ သူ့အဖေဟာ ခိုချမ်းဝမ်းတဲ့၊ အင်း... ခိုချမ်းဝမ်းသာ သိရင်တော့သေရကျိုးနပ်ပါပြီလေ"

သူသည် ရင်ထဲမှ ပြောနေမိသည်။ ထိုသူကား ဓားသမားရောက်ဖုံးပင် ဖြစ်နေချေတော့သည်တကား။

ရောက်ဖုံးသည် ချူကွန်အား ချင်းကုန်းဘုရားကျောင်းသို့ပို့ပြီးနောက် ပြည်မသို့ပြန်သွားခဲ့၏။

ထို့နောက် ချမ်းချမ်းကျူ**သိုင်းကျွန်းအတွက်** စင်းကျန်နယ်သို့တစ်ခေါက်ပြန်ရောက်လာသည်။

တုထိပါးနှင့် ရင်ဆိုင်တွေ့ဆုံရသည်**။ တုထိပါး**ကို ရှုံးနိမ့်ပြီးနောက် မြေအောက်၌ အကျဉ်းချထားခြင်းခံရသည်။

တုထိပါးသည် ရောက်ဖုံးတစ်ယောက် မွေးရပ်မြေသို့ပြန်ပြီး သူ့ရန်သူများနှင့်တိုက်ခိုက်ကာ ဒဏ်ရာရသည်ဟု သတင်းလွှင့်လိုက်၏။

ရောက်ဖုံးသည် ဒဏ်ရာ**များနှင့်သိုင်း**လောကမှ အနားယူသွားပြီဟု သိုင်းလောကတစ်ခွင်လုံး ထပ်မံသတင်းလွှင့်ပြီး သူကမူ ရောက်ဖုံးအား မြေအောက်အကျဉ်းချထားလေတော့၏။

တုထိပါးသည် ရောက်ဖုံးအား မြေအောက်သို့သွားသည့်လှိုဏ်ဂူလမ်းမှ အစာရေစာပေးပို့သည်။

ရောက်ဖုံးအား တုထိပါး ချုပ်နှောင်ထားသည်မှာ (၁၈)နှစ်ခန့်ရှိလေပြီ။

သို့သော် ဓားသမားရောက်ဖုံးမှာ ခွဲရှိသူတစ်ယောက်ဖြစ်သည်။

တုထိပါးသည် သူ့သွေးကြောများကိုဖျက်ဆီးထားရာ သူ



သည် သွေးကြောများပြန်ကောင်းလာစေရန် ကြိုးစားခဲ့ရသည်။

ယခုဆိုလျှင် အပိတ်ခံရသောသွေးကြောများ ပြန်လည်ပွင့်လာပြီး ပုံမှန်ပြန်၍ လည်ပတ်စပြုနေလေပြီ။

သူသည် ပို့ပေးခဲ့သောကလေးကြီးပြင်းလာပြီးနောက် သူနှင့်ပြန်ဆုံရလိမ့်မည်ဟု လုံးဝမတွေ့မိခဲ့ချေ။

ယခု ပြန်တွေ့ရံမက လူငယ်သည် အဆင့်မြင့်သောသိုင်းပညာများကိုပင် တတ်မြောက်ထားခဲ့ချေပြီ။

သူ ဝမ်းသာသည်။ အရမ်း**ကိုဝမ်းသာသည်။**

သူသည် ချူကွန်အား **မမှိတ်မသုန်ကြည့်**နေမိလေ၏။

သူသည် လှိုက်လှဲမှု**ကိုခံစားပြီးနောက်** မျက်ရည်များ စီးကျလာလေတော့၏။

ချူကွန် အံ့ဩသွားသည်။

"ဘာဖြစ်လို့ငိုနေရတာလဲ ခင်ဗျား၊ အကျိုးအကြောင်းကို ကျွန်တော့်ကို ပြောပြဦးမှပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ခင်ဗျားကို ကယ်တင်သွားမှာပါ"

ရောက်ဖုံးက ချူကွန်အား လှမ်းခေါ်ပြီး လက်ကိုဆွဲကိုင်ထားလေ၏။

"ကလေးရယ်...."

ချူကွန်သည် ရောက်ဖုံးအား စိတ်မှကောင်းပါသေး၏လောဟူသည့်အကြည့်ဖြင့် ကြည့်ရှုလေ၏။

"လက်လွှတ်ပါ... ခင်ဗျား... ခင်ဗျား... ဘာဖြစ်နေတာလဲ"

ရောက်ဖုံးသည် ချူကွန်အား လက်လွှတ်လိုက်၏။

"ငါ ဘာဖြစ်လို့ငိုရသလဲဆိုတာကို ပြောပြပါ့မယ်၊ အခု ငါ

www.burmeseclassic.com

www.burmeseclassic.com



မင်းကို တစ်ခုမေးမယ်"

သူသည် စကားကိုခံပြီးမှ ချူကွန်အား လှမ်းကြည့်လိုက်လေ၏။

"မေးပါ… ကျွန်တော်သိတာမှန်သမျှ အကုန်ဖြေပါ့မယ်"

ချူကွန်က ဖြေလိုက်လေ၏။

ရှောက်ဖုံးက….

"မင်းရဲ့မိဘတွေကော"

ချူကွန်က စိတ်မကောင်းဖြစ်သွားသည်။

"အားလုံး သေဆုံးသွားပါပြီ"

သူသည် ကျန်ရစ်သောမိခင်ဖြစ်သူအကြောင်းကို ရှောက်ဖုံးအား ပြောမပြလိုတော့ချေ။

သူသည် ရှောက်ဖုံးအား သူ့ဘဝအတွက် သေရေးရှင်ရေးတမျှအရေးကြီးသောလူဖြစ်ကြောင်းကို သူမ သိပါချေ။

ရှောက်ဖုံးပို့ပေးခဲ့သဖြင့် သူအသက်ရှင်ခဲ့ရသည် မဟုတ်ပါလော။ ရှောက်ဖုံးက ဤအဖြစ်ကိုသိသည်။

ချူကွန်သည် သူ့အား သူစိမ်းတရံစာ မှတ်နေသည်မဟုတ်ပါလော။

သူသည် ချူကွန်၏ ဇာတ်ကြောင်းအားလုံးကို တုထိပါးထံမှသိရှိပြီးဖြစ်နေသည်။

သို့သော် တုထိပါးကတော့ ချူကွန်အား ယင်းလူး၏သားဖြစ်ကြောင်းကို မသိပါချေ။

ထို့ကြောင့် သူသည် ချူကွန်အား ညာတာသောအားဖြင့် ချူကွန်၏မိဘများအကြောင်းကို ယခုပြောမပြရန် စိတ်ဆုံးဖြတ်လိုက်



သည်။

ချူကွန်သိနေပြီဖြစ်ကြောင်း သူ မသိ၍ဖြစ်ပေသည်။

"သူရဲ့မိဘတွေအကြောင်း ငါ ပြောမပြသေးဘူး၊ ခဏဖုံးထားဦးမယ်၊ သူ စိတ်ထိခိုက်သွားမှာ စိုးရတယ်"

သူသည် စိတ်တွင်းမှ ထိုသို့ပြောလိုက်ပြီး ချူကွန်အား လှမ်းကြည့်လိုက်သည်။

"မင်း (၁၉) နှစ်လုံးလုံး ချင်းကုန်းဘုရားကျောင်းမှာ နေခဲ့ရတာပေါ့"

"ဟုတ်ပါတယ်"

"မင်းနေထိုင်ရတာ စိတ်ချမ်းသာရဲ့လား၊ ကျောင်းထိုင်ကရော ဂရုစိုက်ရဲ့လား"

လူစိမ်းက မိမိအား အဘယ့်ကြောင့် အထူးဂရုစိုက်နေသည်ကို ချူကွန်နားမလည်ဘဲ ဖြစ်နေသည်။

မည်သို့ပင်ဖြစ်စေ ကိုယ့်ကို ဂရုစိုက်သည်ကို ကျေးဇူးတင်ရပေမည်။

"ဟုတ်ကဲ့… စိတ်ချမ်းသာပါတယ်၊ ကျောင်းထိုင်ဆရာတော်ကလဲ ဂရုစိုက်ပါတယ်"

ရှောက်ဖုံး၏မျက်နှာပေါ်၌ ကျေနပ်သောအရိပ်အယောင်များ ပေါ်လာလေ၏။

သူသည် ချူကွန်၏လက်ကိုလှမ်းကိုင်ပြီး ဆုပ်နယ်နေ၏။ အတန်ကြာမှ လက်လွှတ်လိုက်သည်။

ချူကွန်က….

"ကဲ… ကျွန်တော် ခင်ဗျားကိုကယ်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်ဖိုးက ပြောလိုက်၏။

"ငါ ဒီနေရာမှာ မသေနိုင်တော့ပါဘူး။ မင်းမှာ အရေးတကြီး ဆောင်ရွက်ရမယ့်ကိစ္စ ရှိနေတယ် အောက်မေ့တယ်၊ နောက်သုံးရက်ကျော်မှ ငါ့ဆီလာခဲ့ပါ၊ အဲဒီအချိန်မှာ ငါ လုံးဝနေကောင်းသွားမှာပါ"

"ဒါဖြင့်ရင် ကျွန်တော် နောက်သုံးရက်ကြာမှ တစ်ခေါက်လာခဲ့မယ်"

"ငါဟာ မင်း ဦးလေးအရွယ်ပါ၊ ငါ့ကို ဦးလေးလို့ခေါ်ပါ"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... ဦးလေး"

ချူကွန်သည် မြေပေါ်သို့ပြန်တက်ပြီး ကျောက်ပြားကိုပြန်ဖုံးအုပ်လိုက်တော့၏။

၁၆၆



## အခန်း(၁၄)

## ဖိတ်ကြားခြင်း

ချူကွန် မြေပေါ်သို့ပြန်လည်ရောက်ရှိလာသောအခါ လှို ဂုက်ဆန်းကြယ်သောအိပ်မက်တစ်ခုကို မက်လိုက်သကဲ့သို့ ခံစားရလေ၏။

ထိုမြေအောက်နေရာသည် သီးခြားကမ္ဘာလေးတစ်ခုဖြစ်နေသည်။

ထိုသီးခြားကမ္ဘာလေးထဲ၌ သက်ရှိသတ္တဝါတစ်ယောက် နစ်မြုပ်နေပေသည်။

သူသည် ကောင်းကင်ကိုမော့ကြည့်လိုက်၏။

"တုံ... တုံ... တုံ... တုံ"

တိုနီချိပါဘုရားကျောင်းမှခေါက်လိုက်သော အုန်းမောင်းခေါက်သံဖြစ်သည်။

သူသည် အလွန်လျှင်မြန်သောနှုန်းဖြင့် တိုနီချိပါ ဘုရားကျောင်းသို့ ပြေးလေတော့၏။

ချူကွန်သည် မြေအောက်မှလူသားအကြောင်းကို စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အား ဘုရားကျောင်းသို့ပို့ခဲ့သည့် စားသမား ရောက်ဖုံးဖြစ်သည်ကို လုံးဝမတွေးမိပါချေ။

အခြားအကြောင်းတစ်ခုခုဖြင့် တုတိပါးက ဖမ်းဆီးထား သော အကျဉ်းသားတစ်ယောက်ဟုသာ ထင်ခဲ့သည်။

ယခုတစ်ကြိမ် သူ တုတိပါးထံရောက်ခဲ့သည်မှာ အကျိုးမရှိ ခဲ့ပါချေ။

လျှို့ဝှက်အထိမ်းအမှတ်ပစ္စည်းများကို လိုက်လံရှာဖွေရန် မလိုသောကြောင့်ဖြစ်ပေသည်။

တုတိပါး ညွှန်ပြသောနေရာ၌ပင် ပစ္စည်းများကိုယူရမည် ဖြစ်ပေသည်။

သူသည် တိုနီချိပါဘုရားကျောင်းသို့ ပြန်လည်ရောက်ရှိ သောအခါ နံနက်ဝေလီဝေလင်းပင် ဖြစ်နေပေတော့သည်။

ချူကွန် ဘုရားကျောင်းထဲသို့ဝင်သောအခါ သန့်ရှင်းရေးပြု လုပ်နေသော ကိုရင်လေးတစ်ပါးကိုတွေ့မြင်ရလေ၏။

ကိုရင်လေးသည် နံနက်စောစောအပြင်မှ ပြန်လာသောချူ ကွန်အား အံ့သြစွာ ကြည့်နေလေ၏။

ချူကွန်သည် ကိုရင်လေးကိုလက်ပြလျက် သူတည်းခိုနေ သည့်အဆောင်သို့ ပြန်လာလေ၏။

အထဲသို့ဝင်လိုက်သည်နှင့် လုံကုအား တွေ့လိုက်ရတော့ သည်။ လုံကုက ပြုံးပြီးပြောလိုက်၏။

"ငါ့တပည့်... တစ်ညလုံးလုံး ကြာနေတော့ တစ်ခုခုတော့ ထူးခြားလာပြီနဲ့တူတယ်"

ချူကွန်သည် လုံကုရှေ့တွင် ဒူးထောက်ထိုင်လိုက်၏။



"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် တုတိပါးနဲ့တွေ့ခဲ့ပါတယ်"

လုံကု မျက်လုံးပြူးသွားသည်။

"ဟုတ်လား... မင်း သူနဲ့တိုက်ခိုက်ခဲ့သေးသလား"

ချူကွန်က ခေါင်းခါပြလိုက်သည်။

"မတိုက်ခိုက်ပါဘူး ဆရာ"

ချူကွန်က တုတိပါးနှင့်တွေ့ဆုံခဲ့ပုံအကြောင်းကို အသေး စိတ်ပြန်လည်ပြောပြလေတော့၏။

လုံကုက စူးစိုက်နားထောင်နေသည်။

ချူကွန်က....

"ဆရာ... တုတိပါး ခုလို စိစဉ်လိုက်တာဟာ တစ်ခုခုအကြံရှိ တယ်လို့ ကျွန်တော်ထင်တယ် ဆရာ"

လုံကုသည် စဉ်းစားနေ၏။ အတန်ကြာမှ....

"ငါလဲ စဉ်းစားနေတာပဲ၊ လွန်ခဲ့တဲ့နှစ်(၂၀)လောက်တုန်းက ဆရာတို့ တုတိပါးနဲ့သဘောတူထားတာက ဒီပစ္စည်းတွေကို ပြန်ခိုး ယူဖို့ပဲ၊ ခုတော့ သူက အတိအလင်းပြောပြမယ်ဆိုတော့ သူ ဘယ်လို အကြံရှိထားသလဲဆိုတာ မပြောနိုင်တော့ဘူး၊ ဘာပဲဖြစ်ဖြစ် မလွယ် တာကတော့ အမှန်ပဲ"

ချူကွန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ဆရာ၊ မလွယ်တာကို ကျွန်တော် သဘော တူပါတယ်"

လုံကုက ခေါင်းတညိတ်ညိတ်ဖြင့် ပြော၏။

"ဒါပေမယ့် မင်းကိုသိုင်းပညာတွေ အိတ်သွန်ဖာမှောက်သင် ပေးထားတာပဲ၊ သူပရိယာယ်ကိုသာ မင်း မီးစင်ကြည့်ကပါ၊ အောင်

www.burmeseclassic.com

www.burmeseclassic.com



မြင်မှာ သေချာပါတယ်"

သူက ဆက်ပြောသည်။

"မင်းဟာ လုံကုရဲ့တပည့်၊ လုံကုရဲ့တပည့်ဆိုရင် လုံကုလို စိတ်ထားမျိုးရှိရမယ်၊ လုံကုဟာ ဘယ်တော့မှ အရှုံးမပေးဘူး"

ချူကွန်ကလည်း ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ ဆရာ၊ ဆရာ့တပည့်ဟာလဲ ဘယ်တော့မှ အရှုံးမပေးပါဘူး"

သူသည် သူ့ဆရာပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်သည်။

သို့သော် သူဆရာအား တစ်ခုတော့မပြောဘဲ ချန်ထားပါသည်။

မြေအောက်မှအကျဉ်းသား ကိစ္စဖြစ်ပါသည်။ သည်ကိစ္စသည် အရေးမကြီးဟု ထင်ထားသောကြောင့်လည်းဖြစ်ပါသည်။

လုံကုက ဆက်စကားပြော၏။

"ငါနဲ့ချီစိန်တို့သိဒ္ဓိကြိုးစားခဲ့တဲ့အချိန်ကတော့ ပစ္စည်း(၇) မျိုးကို အခန်း(၇)ခန်းမှာ ခွဲထားတာပဲ၊ မင်းတွေ့ခဲ့တဲ့လူမားရဲ့အရိုးအပ်ထားတဲ့အခန်းဟာ အဲဒီ(၇)ခန်းထဲကတစ်ခန်းပဲ၊ ငွေပစ္စည်းကိုတော့ ဘယ်အခန်းမှာထားတယ်ဆိုတာ ခုထက်ထိ မသိရ သေးဘူး။ အခုတော့ သူက ပြောမယ်ဆိုတော့ တစ်မျိုးစိတ်ဝင်လိုက်ပြီနဲ့ တူတယ်"

ချူကွန်က....

"မနက်ဖြန် တုထိပါးက နေရာပြောပြမယ်နဲ့တူတယ်၊ ရမှာပါ ဆရာ"

လုံကုက ပြုံးလိုက်၏။



"လွယ်လွယ်နဲ့ မပြောနဲ့ တပည့်၊ ခက်ခက်ခဲခဲ မင်းကြိုးစားရမှာ၊ လူမားရဲ့အရိုးအပ်ထားတဲ့အခန်းကိုပဲ ကြည့်ပါလား။ ဘယ်လွယ်လိမ့်မလဲ"

လုံကုက ဆက်ပြောလိုက်၏။

"မင်းကို ငါက ဆယ်နှစ်ဆယ်မိုး ပညာသင်ပေးခဲ့တယ်၊ တခြားသူတွေကလဲ မင်းကိုသင်ပေးတာပဲ၊ ချီစိန်ဟာ မင်းကို ပဝါပေါ်က အစက်အပြောက်အပ်ချုပ်တဲ့ပညာကိုသင်ပေးတယ်၊ တကယ်လက်တွေ့မှာ မင်းဟာ ဝလုံးတွေနဲ့လဲ တွေ့ရော မင်းဘာမှမလုပ်တတ်ဘူး ဖြစ်သွားတော့တာပဲ၊ မင်း ရှုံးခဲ့ရတယ် မဟုတ်လား"

ချူကွန်သည် ခေါင်းငုံ့နားထောင်နေရ၏။ သူ့ဆရာပြောသည်မှာ အမှန်ချည်းပင် မဟုတ်ပါလား။

လုံကုက ဆက်ပြောသည်။

"ငါတို့အုပ်စုထဲမှာ တုထိပါးဟာ ငါ့ကိုပိုပြီး အထင်ကြီးတယ်၊ ဒါကြောင့် ငွေပစ္စည်းကိုလဲ ပိုခက်ခဲတဲ့နေရာမှာထားလိမ့်မယ်"

လုံကု၏စကားသည် မှန်ကန်နိုင်ပေသည်။

ချူကွန်သည် လူမား၏အဆိပ်အပ်ထားရာ အခန်းထဲ၌ သူ အဆိပ်မိခဲ့သည်များကို သတိရပြီး အရှက်ရနေမိ၏။

လုံကုက ချူကွန် အရှက်ရနေသည်ကိုသိသည်။

"စိတ်ဓာတ်ကျစရာ မလိုပါဘူး။ ဒီတစ်ခါ အောင်မြင်မယ်လို့ ငါ ယုံကြည်တယ်၊ မင်းရပြီးတဲ့ သင်ခန်းစာတွေကို ပြန်သတိရပေါ့"

သူက ဆက်ပြီး ပြောသည်။

"ဘယ်အရာမျိုးမဆို သတိထားရမယ်၊ ကိုယ်ယူရမယ့်ပစ္စည်းကိုတွေ့ပြီဆိုရင် ပိုပြီး သတိထားပေတော့၊ မင်းသာ သတိဝီရိ

www.burmeseclassic.com

www.burmeseclassic.com



ယရှိမယ်ဆိုရင် လူမှားရဲ့အရိုးအပ်ကိုမရတဲ့တိုင်အောင် အဆိပ်မသင့်နိုင်ဘူးပေါ့"

သူသည် ချောင်းတစ်ချက်ဟန့်ပြီးနောက် ဆက်ပြောပြန်လေ၏။

"ငါတို့ပစ္စည်းယူရမယ့်နေရာဟာ အခက်အခဲဆုံးနဲ့ကြောက်စရာအကောင်းဆုံးနေရာ ဖြစ်မယ်လို့ အမြဲတမ်းခံယူရမယ်၊ တုထိပါးဟာ ဘယ်လိုပရိယာယ်ဆင်ထားမယ်ဆိုတာ ဘယ်သူမှကြိုတင်ခန့်မှန်းလို့ မရနိုင်ဘူး။ ဘာပဲဖြစ်ဖြစ် စိတ်ကိုတည်ငြိမ်အောင်ထားပြီးကြိုးစားပါ၊ အောင်မြင်ရမှာပေါ့"

ချူကွန်က ခေါင်းညိတ်မိလေ၏။

သူသည် လုံကု၏ အထိမ်းအမှတ်ပစ္စည်းဖြစ်သော အမိန့်ပေးကြေးပြားကို မည်သို့ပုံသဏ္ဌာန်ရှိသည်ကိုသတိရသဖြင့် မေးလိုက်မိ၏။

"ဆရာရဲ့အမိန့်ပေးကြေးပြားက ဘယ်လိုပုံသဏ္ဌာန်ရှိလဲ ဆရာ"

"ငါပြောပြမယ်၊ ငါ့ရဲ့အမိန့်ပေးကြေးပြားက ကြေးပြားလို့သာ ပြောတာ၊ တကယ်တော့ ကြေးပြားမဟုတ်ပါဘူး။ ငွေကြိုးနဲ့တပ်ပြီး ရွှေနဲ့ကွပ်ထားတဲ့ပတ္တမြားအရိုင်းပါ၊ သွေးရောင်လို နီရဲနေတယ်"

လုံကု၏မျက်လုံးများသည် အရောင်တလက်လက်ထွက်လာလေ၏။

သူ၏အမိန့်ပေးကြေးပြားကိုကိုင်ဆောင်ခဲ့စဉ် အတိတ်က အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာတော့သည်။



"အမိန့်ပေးကြေးပြားကိုပြန်ရမှ ဖြစ်မယ်"

လုံကုက ဒါပဲ ပြောသည်။

ချူကွန်က....

"ဆရာ... ဆရာ့အကြောင်းကို တစ်ခါမှလဲ ကျွန်တော့်ကို ပြောမပြခဲ့ဘူး။ ပြောပြပါလား ဆရာ"

လုံကုက....

"ငါဟာ အတိတ်အကြောင်းကို လုံးဝမပြောချင်ဘူး၊ ဒါပေမယ့် မင်းဟာ ငါ့ရဲ့တဦးတည်းသောတပည့်ဖြစ်နေတဲ့အတွက် ပြောပြရမှာပေါ့၊ နောက်အချိန်ရရင် ငါ့အကြောင်းစာအုပ်တစ်အုပ် ရေးပေးခဲ့မယ်"

လုံကုက ဆက်ပြော၏။

"ငါ့ရဲ့ဘဝဟာ ဆိုးလှပါတယ်၊ မင်းမှာ ကြေကွဲဖွယ်ရာအတိတ်ရှိခဲ့ပေမယ့် မင်းမကြုံခဲ့ရဘူး။ ဘုရားကျောင်းမှာ နေထိုင်ရတဲ့အတွက် စိတ်ထိခိုက်စရာ သိပ်မကြုံခဲ့ရပါဘူး။ ငါ့ကျတော့ တစ်မျိုးကွ"

လုံကုက သက်ပြင်းချ၍ ဆက်ပြောလေ၏။

"ငါ့ရဲ့ကလေးဘဝ၊ အရွယ်လတ်ဘဝ၊ အရွယ်အိုဘဝ ဒီဘဝသုံးမျိုးစလုံး ဝမ်းနည်းကြေကွဲမှုနဲ့ပဲ ကုန်ဆုံးခဲ့ရတယ်၊ ဝမ်းသာပျော်ရွှင်စရာရှိပေမယ့်လဲ အချိန်တိုတောင်းလှပါတယ်"

ချူကွန်သည် နားထောင်နေရင်း စဉ်းစားမိသည်။

"ဩော်... ဆရာရဲ့ဘဝဟာ သနားစရာကောင်းလှပါကလား။ ဩော်... သိုင်းလောက... သိုင်းလောက... သိုင်းလောကသားတိုင်းဟာ ဒီလိုပဲ ပူဆွေးမှုတွေနဲ့ ကြုံနေရတာပါလား"

ထိုစဉ် တံခါးခေါက်သံ ကြားရလေ၏။

www.burmeseclassic.com

"ခေါက်... ခေါက်... ခေါက်"

လုံကုက...

"ဝင်ခဲ့ပါ... တံခါးဖွင့်ထားတယ်"

"ကျွီ..."

တံခါးပွင့်သွား၏။ သေချာသပ်ရပ်စွာ ဝတ်ဆင်ထားသော စင်းကျန်လူငယ်တစ်ဦးသည် တံခါးဝ၌ ရပ်နေလေ၏။

တုထိပါးစေလွှတ်သော လူငယ်ဖြစ်မည်မှန်း လုံကုရော ချူကွန်ပါ သိရှိကြသည်။

"ဘာကိစ္စလဲ"

လုံကုက မေးလိုက်ရာ လူငယ်က အရိုအသေဂါရဝပြု၍ ဖြေသည်။

"ဖိတ်စာလာပို့တာပါ ဆရာ"

သူသည် အိတ်ထဲသို့လက်နှိုက်လိုက်ရာ အနီရောင်ဖိတ်စာ ပေါ်လာလေတော့၏။ ဖိတ်စာကိုလှမ်းပေးရင်း သူက ပြောသည်။

"သခင်က ဖိတ်စာပို့ခိုင်းလိုက်တာပါ ခင်ဗျာ"

လုံကုက လှမ်းယူလိုက်၏။

ဖိတ်စာသည် နှစ်စောင်ဖြစ်၏။ တစ်စောင်က လုံကုအတွက်ဖြစ်ပြီး တစ်စောင်က ချူကွန်အတွက်ဖြစ်သည်။ ဖိတ်စာတွင် ငှက်လယ်ဘက်အချိန်၌ ချိန်းဆိုထားလေ၏။

လုံကုသည် ဖိတ်စာကိုပြန်ပိတ်လိုက်သည်။

"ကောင်းပြီ... မင်း ပြန်နိုင်ပြီ"

လူငယ်သည် ခေါင်းငုံ့အရိုအသေပြုရင်း နောက်ဆုတ်သွားသည်။ တံခါးဝရောက်မှ လှည့်ထွက်သွားလေ၏။



လုံကုက ချူကွန်အား ကြည့်၍ ပြောလိုက်၏။

"တုထိပါးက ထမင်းစားဖိတ်တာ သိပ်ကောင်းတယ်၊ တုထိပါးရဲ့အခြေအနေကို အကဲခတ်နိုင်ခွင့်ရတာပေါ့"

ချူကွန်က...

"တုထိပါးဟာ တစ်ခုခုတော့ အဖုအထစ်လုပ်ထားမှာ သေချာတယ်၊ တစ်ခုတလေ ဟုတ်ချင်မှ ဟုတ်မှာ၊ တုထိပါးဉာဏ်များတာတော့ ကျွန်တော် သိတယ်"

"ဟား... ဟား... ဟား"

လုံကုက ရယ်မောလိုက်လေ၏။

"ဟား... ဟား... ဟား... မင်းက အခုမှ သိနေ၊ ငါတို့ခုနစ်ယောက်က ခံပြီးနေပြီ၊ ဒီလောကမှာ အကောက်ကျစ်ဆုံး ဉာဏ်အများဆုံး တုထိပါးပဲ"

"ဆရာတို့ခုနစ်ယောက် သူ့လှည့်ကွက်မိပုံတွေကို ကျွန်တော်သိချင်ပါတယ် ဆရာ"

"ငါ သူ့လှည့်ကွက်မိပုံကိုတော့ မပြောပြီးပါပြီ၊ တခြားသူတွေ သူ့လှည့်ကွက်မိပုံကတော့ သူတို့ဘာသာပြောတာ ကောင်းပါတယ်ကွာ၊ ဒီကောင် တုထိပါးဟာ လုပ်ရပ်တင်ကောက်ကျစ်တာမဟုတ်ဘူးကွ၊ စကားအရာမှာလဲ ကောက်ကျစ်တယ်"

"အင်း... သူ့ ဉာဏ်နဲ့၊ ဉာဏ်နက်ကို ဆရာတို့ မမိဘူးဖြစ်နေတယ်ပေါ့"

"ဟုတ်တယ်... ငါတို့ထဲမှာ ကောက်ကျစ်တဲ့လူတွေ ရှိကြတာပဲ၊ ဒါပေမယ့် သူ့ကိုတော့ လိုက်လို့မမိဘူးဖြစ်နေတယ်"

"သူက ဘယ်လိုကောက်ကျစ်တာလဲ ဆရာ"

www.burmeseclassic.com



"ဟာ… စုံနေတာပါပဲ၊ ပြောပြလို့လဲမရဘူးကွ၊ သူ့ကောက်ကျစ်မှုဟာ အမှုင့်အဝိတ် ညီတယ်၊ အမှုင့်အဝိတ် မညီရင်လဲ မလွယ်ဘူး၊ ငါတို့ခုနစ်ယောက်စလုံးဟာခေတ်တဲ့လူတွေ မဟုတ်ကြဘူး၊ စင်းကျန်နယ်မှာ ပထမဆိုတဲ့လူကို ချေမှုန်းနိုင်တဲ့လူတွေချည်းပဲ၊ ဒါပေမယ့် စကားနဲ့ဝိတ်မိနေတော့ လူခုနစ်ယောက်စလုံး မလှုပ်သာအောင်ဖြစ်နေကြရတယ်"

လုံကုသည် ပြောရင်း အသံမာတန်လာသည်။

"ဆရာ… ကျွန်တော်တို့ ဘယ်အချိန်သွားကြမှာလဲ"

"စောစောကလေး သွားကြတာပေါ့၊ သူတို့ခြံထဲလဲ အေးအေးဆေးဆေး လှေလာရတာပေါ့"

"သူ ညစ်ပတ်ယုတ်မာရင်"

လုံကုက ဖြတ်ပြောလိုက်၏။

"တုထိပါးဟာ သိုင်းလောက,က လူထူးလူဆန်းခုနစ်ယောက်ကို အဲဒီလိုတော့ မလှုပ်ရဲပါဘူး"

ထို့နောက် သူက ဆက်ပြောလိုက်၏။

"ငါတို့ အဲဒီကိုသွားရင် ဘာလက်နက်မှ ယူမသွားပါဘူး၊ လက်နက်တွေ ထားခဲ့မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ချူကွန်က ခေါင်းညိတ်လိုက်၏။

ဆရာတပည့်နစ်ယောက်သည် သူတို့၏ အထိမ်းအမှတ်ပစ္စည်းကို ပြန်လည်ယူဆောင်ရန် အလွန်စိတ်အားထက်သန်နေကြလေ၏။

***



## အခန်း(၁၅)

## ထမင်းစားခွဲ

အခန်းကား လွန်စွာ ခမ်းနားကြီးကျယ်လှသည်။

စားပွဲကုလားထိုင်နှင့် အခန်းနံရံများကို ပန်းကျောက်များဖြင့် မွမ်းမံပြင်ဆင်ထားသည်။

တိရစ္ဆာန်များ၏ ပကတိမူလခေါင်းများကိုလည်း အခန်းတွင် ချိတ်ဆွဲထားသည်။

တစ်ခန်းလုံးကိုခြုံ၍ပြောရလျှင် ဘုရင့်နန်းတော်ထဲမှ ခန်းမတမျှ ခမ်းနားလှပနေလေ၏။

ထိုအခန်းအနီး ပြတင်းပေါက်သို့ သစ်ပင်မှအကိုင်းအခက်များ ကျဆင်းနေသည်မှာလည်းကြည့်၍ ကောင်းလှသည်။

လေပြည်လေညင်း ဆော်သွင်းတိုက်ခတ်သောအခါ သစ်ကိုင်းများ လှုပ်လီလှုပ်လဲ့ ယိမ်းနွဲ့သွားပုံမှာလည်း ကဗျာဆန်လှပေသည်။

ထိုပြတင်းပေါက်အနီးတွင် ခုတင်တစ်လုံးချထားပြီး ထိုခုတင်ပေါ်၌ အမျိုးသမီးတစ်ယောက် ပိုးဖဲဖြင့် ချုပ်လုပ်ထားသောဖွမ်းကပ်ကိုခြုံ၍ အိပ်နေလေ၏။

သူမသည် နဂိုက လှပကောင်း လှပမည်ဖြစ်သော်လည်း ယခုမူ မျက်တွင်းဟောက်ပက်လျက် မျက်နှာတစ်ခုလုံး သွေးရောင်မရှိဘဲ ဖြစ်နေသည်။

သူမကား ယင်းလူးဖြစ်လေ၏။

တစ်နည်းဆိုရလျှင် သူမသည် ခင်ပွန်းအား သစ္စာမဲ့စွာလုပ်ကြံသတ်ဖြတ်သောမိန်းမ ဖြစ်လေ၏။

သူမသည် ယင်းအဖြစ်ကို မည်သို့ကျူးလွန်လိုက်ရသနည်း။

သူမသည် လဲလျောင်းနေရာမှ ထထိုင်လိုက်၏။

သူသည် ဝေးလံသီခေါင်လှသည့် အတိတ်အဖြစ်အပျက်များကို အပြေးအလွှား ပြန်လှန်စဉ်းစားနေလေ၏။

"ငါ ဘာတွေလုပ်ခဲ့သလဲ"

သူမသည် တစ်ကိုယ်တည်း ရေရွတ်နေ၏။

"ငါ မှားခဲ့သလား၊ အရင်တုန်းက ဘာဖြစ်လို့ ငါလုပ်တာကို မှားတယ် မထင်တာလဲ"

သူမတွေးတောနေစဉ် တုထိပါးသည် အခန်းတံခါးတွန်းဖွင့်ဝင်လာလေ၏။

တုထိပါးသည် စင်းကျန်တို့ ဝတ်လေ့ဝတ်ထရှိသည့် ဖျင်ကြမ်းအင်္ကျီကို ဝတ်ဆင်ထား၏။

သူသည် အသက်အရွယ်နှင့်မလိုက်အောင် သန်မာသန်စွမ်းသူဖြစ်လေသည်။

သူသည် ယင်းလူးအား ကြင်နာသောမျက်လုံးများဖြင့် ကြည့်နေ၏။

သူ့အကြည့်ကိုကြည့်၍ သူ၏မေတ္တာကို ခန့်မှန်းနိုင်သည်။



ယင်းလူးသည် တုထိပါးဝင်လာပြီး သူမကိုကြည့်နေသည်ကို မသိပေ။

သူမသည် စဉ်းစားမြဲစဉ်းစားနေ၏။

တုထိပါးက ကြင်နာစွာ မေးလိုက်သည်။

"ယင်းလူး သက်သာသွားပြီလားဟင်"

ယင်းလူး လှည့်မကြည့်ပါ။ အတွေးအာရုံထဲတွင် နစ်မျောနေသည်။

သူ့အတွေးများကား ယောက်ယက်ခတ်နေ၏။

တုထိပါးသည် သူမကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေသည်။ သူက ပို၍ ပျော့ပျောင်းစွာ မေးလိုက်၏။

"ယင်းလူး မင်း နေမကောင်းဘူး၊ ဖြစ်ပြီးတာတွေကို ပြန်စဉ်းစားမနေနဲ့တော့၊ ပြီးတာတွေ ပြန်စဉ်းစားလို့ ဘာမှပြန်ဖြစ်မလာဘူး၊ အဲဒီတော့ ကိုယ်ပဲ စိတ်ဒုက္ခရောက်ရတယ်၊ ဘာမှမစဉ်းစားနဲ့"

"ကျွန်မကို ပြောပါ၊ ခိုချမ်းဝမ်းကို ဘယ်သူသတ်လိုက်တာလဲ၊ အဲဒါ ကျွန်မသိချင်တယ်"

ယင်းလူး၏အသံက ပုံမှန်ပင်။

တုထိပါးက မချိပြုံးပြုံးလိုက်၏။

"ဒီအကြောင်းက ပြီးခဲ့တဲ့အကြောင်းပဲ၊ ဘာလို့ ပြန်စဉ်းစားနေရတာလဲ"

ယင်းလူးသည် တုထိပါးအား စိုက်ကြည့်မြဲကြည့်လျက် ရှိ၏။

"ချူကွန်က ကျွန်မရဲ့သားအရင်း မဟုတ်လား"

ထိုစကားသည် တုထိပါး၏အသည်းနှလုံးကို ဆွဲကိုင်ခါယမ်းလိုက်သည့်အလား ဖြစ်သွားသည်။

www.burmeseclassic.com



တုထိပါး တုန်လှုပ်သွားသည်။

"ဘယ်သူပြောလို့လဲ"

ယင်းလူက တည်ငြိမ်စွာဖြေသည်။

"ဟုတ်ပါတယ်... ချူကွန်က ကျွန်မသား..."

တုထိပါး သက်ပြင်းချလိုက်၏။ သူ စိတ်မကောင်းစွာ ပြောလေ၏။

"နှစ်တော်တော်ကြာကြာ ငါ မင်းရဲ့ဝေဒနာကိုကုသပါတယ်၊ ငါ မင်းကိုပြုစုခဲ့ပါတယ်၊ ဒါပေမယ့် မင်းလက်မခံဘူး။ အခု မင်းရဲ့အခြေအနေပိုဆိုးလာပြီ မဟုတ်လား"

ယင်းလူးက သူ၏စကားကိုလုံးဝ စိတ်မဝင်စားပါ။

"ပြောပြပါ... စိုချမ်းဝမ်းကို ဘယ်သူသတ်လိုက်တာလဲ"

တုထိပါးသည် ခုတင်အနီးသို့ တိုးကပ်လာပြီး ထိုင်ချလိုက်၏။

"ဒီကိစ္စဟာ (၁၉) နှစ်တောင် ကြာခဲ့ပါပြီ၊ မပြောပါနဲ့တော့"

ယင်းလူးက မရမက မေးနေလေ၏။

"စိုချမ်းဝမ်းကို ဘယ်သူသတ်တာလဲ"

နောက်ဆုံး တုထိပါးက သက်ပြင်းချပြီး...

"မင်း စိတ်ကြည်ကြည်လင်လင်မရှိသေးဘူးနဲ့ တူပါတယ်၊ ငါ ပြောပြပါမယ်"

သူသည် နေရာပြင်ထိုင်လိုက်ပြီး အဝေးသို့ကြည့်လိုက်၏။

"မင်းနဲ့ငါနဲ့ ပူးပေါင်းပြီး စိုချမ်းဝမ်းကို သတ်လိုက်တာပါ"

ထက်မြက်သောဓားတစ်လက်သည် သူမ၏အသည်းနှလုံးထဲသို့ စိုက်ဝင်သွားသည်အထိ ထိုးချလိုက်သကဲ့သို့ တုထိပါး၏စကား



လုံးများသည် စူးဝင်သွားလေ၏။

"အား..."

သူမသည် နာကျင်စွာအော်ဟစ်ပြီး မျက်နှာကိုလက်ဝါးဖြင့် အုပ်ထားလိုက်လေ၏။

"မဟုတ်ဘူး... ကျွန်မ မဟုတ်ဘူး"

တုထိပါးသည် ထိုင်ရာမှ ထလိုက်သည်။

"အား"

ထိုအသံသည် အဆောက်အအုံပြင်ပမှ ထွက်ပေါ်လာသည့် အသံဖြစ်သည်။

တုထိပါး မျက်မှောင်ကုပ်သွား၏။

"ဘယ်သူလဲဟေ့... အတင့်ရဲလှချည်လား"

သူသည် အော်ဟစ်ပြီး ပြတင်းပေါက်မှ ခုန်ထွက်သွားလေ၏။

သေးသွယ်သောလူရိပ်သည် ပြေးထွက်သွားသည်။ သူ၏ကိုယ်ဖော့ပညာမှာ မခေလှပါ။

"ရပ်လိုက်"

တုထိပါးက နောက်မှပြေးလိုက်သွားသည်။

တုထိပါး၏ကိုယ်ဖော့ပညာမှာ ထိုလူရိပ်ထက်လျင်မြန်လှသဖြင့် ချက်ချင်းလိုလိုပင် မိသည်။

သူသည် ပခုံးကိုလှည့်ဆွဲလိုက်၏။

"ဟာ..."

တုထိပါးသည် အလွန်အံ့ဩသွားလေ၏။

"ဟင်... သမီးလေး မိုလင်းနဲ့ ပါလား"

www.burmeseclassic.com

www.burmeseclassic.com



တုထိပါး စိတ်ဆိုးသွားသည်။

မိုလင်းနုက ငိုနေသည်။

"မိုလင်းနု... ဘာဖြစ်လို့ငိုနေရတာလဲ"

သူမက ငိုကြွေးရင်း...

"ဖေဖေနဲ့မေမေတို့ လူဆိုးတွေဖြစ်နေလို့ ငိုရတာပေါ့"

တုထိပါး မျက်နှာပျက်သွားသည်။

"သမီး... ဘာတွေလျှောက်ပြောနေတာလဲ"

"ဖေဖေပြောနေတာကို ကျွန်မကြားတယ်"

"သမီးရဲ့ အသက်ဟာ ငယ်ငယ်လေးရှိပါသေးတယ်၊ လူဆိုး လူကောင်း မခွဲတတ်သေးပါဘူး"

မိုလင်းနုက နှုတ်ခမ်းကိုတစ်ချက်ကိုက်ပြီး ပြောသည်။

"မေမေလေးဟာ ချူကွန်ရဲ့မိခင်ကိုး၊ ဖေဖေနဲ့မေဒမလေး တို့ပူးပေါင်းပြီး သူ့ရဲ့...."

"သမီး... နင့်ပါးစပ် ပိတ်ထားလိုက်စမ်း"

တုထိပါးက ကြောက်မက်ဖွယ်ရာ အော်ငေါက်လိုက်သည်။

သူသည် ယင်းစကားတစ်ခွန်းကိုသာ အော်ငေါက်နိုင်သည်။ အခြားစကားလုံးများကို လုံးဝမအော်နိုင်ပေ။ ယင်းသို့ဖြစ် ခြင်းမှာ ဒေါသဖြစ်လွန်း၍လော၊ သမီးကိုရှက်၍လော်ဟု မသိရ ချေ။

မိုလင်းနု ဆက်မပြောတော့ပေ။

တုထိပါးကိုသာ သူမ၏ မျက်လုံးကြီးများဖြင့် ကြည့်နေ သည်။

သူမ အလွန်လေးစားချစ်ခင်ရသောဖခင်သည် အလွန်ယုတ်



မာသောလူသတ်သမား ဖြစ်နေချေသည်တကား။

သမီးဖြစ်သူက ယင်းကဲ့သို့ စိုက်ကြည့်နေသောအခါ တုထိ ပါးသည် မလုံမလဲဖြစ်သွားလေ၏။

သူသည် မိုလင်းနုထိုင်နေသည့် ကျောက်တုံးတစ်တုံးရှေ့ရှိ ကျောက်တုံးပေါ်ထိုင်လိုက်ပြီး သက်ပြင်းချလိုက်၏။

"သမီးက ဖေဖေ့ကိုအမြဲတမ်း လေးစားရှိသေနေတယ်ဆို တာ ဖေဖေ မသိမဟုတ် သိပါတယ်၊ ဖေဖေ အခုလို အပြစ်ကျူးလွန် ရာမှာ ပါလိမ့်မယ်မဟုတ်ဘူးဆိုတာ သမီး ယုံနေတယ်ဆိုတာလဲ ဖေ ဖေ သိပါတယ်၊ ဒါပေမယ့်...."

သူက စကားဆက်လိုက်သည်။

"လူဆိုတာ အကောင်းနဲ့အဆိုး ဒွန်တွဲနေတတ်ပါတယ်၊ လူ တိုင်းလူတိုင်း အကောင်းချည်းပဲရှိသလားလို့ မေးကြည့်ပါ၊ အဆိုးနဲ့ ယှဉ်နေတတ်တာပဲ၊ လူ့ဘဝမှာ မမှားဘူးဆိုတဲ့လူ ရှိသလာလို့ မေး ကြည့်ပါ၊ မှားဖူးတဲ့လူချည်းပါပဲ"

မိုလင်းနုက မျက်ရည်သုတ်၍ နားထောင်နေ၏။

တုထိပါးက ဆက်ပြောသည်။

"အထူးသဖြင့် ချစ်ခြင်းမေတ္တာဆိုတာ ပိုပြီးထူးဆန်းပါတယ်၊ ဖေဖေပြောရမှာ အင်မတန် ရှက်ပါတယ်၊ ဖေဖေ ငယ်ငယ်တုန်းက မိန်းမတစ်ယောက်ကို အငမ်းမရလိုချင်ခဲ့မိတယ်၊ အဲဒီအတွက် အ လွန်ယုတ်မာတဲ့အမှုတစ်ခုကို အဖေပြုလုပ်ခဲ့ဖူးပါတယ်"

သူက ဆက်ပြောသည်။

"အဖေ ယင်းလူးကို လိုချင်တဲ့အတွက် လူတစ်ယောက်ရဲ့အ သက်ကို သတ်ခဲ့ပါတယ်၊ အခုစဉ်းစားမိတဲ့အခါမှာ နောင်တရလို့မဆုံး

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ချစ်ခြင်းမေတ္တာဟာ လူတစ်ယောက်ကို ဘာမဆိုလုပ်ရဲအောင် ဖန်တီးနိုင်တယ် သမီး၊ သမီးကို ဒီလိုပြောပြလို့လဲ သမီး ဖေဖေ့ကိုခွင့်လွှတ်နိုင်မှာ မဟုတ်ပါဘူး"

ဖခင်ပြောပြသည့်အခြေအနေကို မိုလင်းနု နားလည်ခြင်းမရှိပါ။

သူနားလည်သည်မှာ ဖခင်သည် အလွန်ရွံ့ရှာမုန်းတီးဖွယ်ကောင်းသောအပြုအမူကို ပြုမူခဲ့သည်ဟုသာ သိရှိနေပါသည်။

တုထိပါးက သက်ပြင်းချလိုက်၏။

"ဒါတွေ ထားလိုက်ပါတော့၊ ဖေဖေနိုင်းတဲ့ကိစ္စ ပြီးသွားပြီလား"

မိုလင်းနုက....

"အားလုံးစီစဉ်ပြီးပါပြီ၊ ဖေဖေ သွားစောင့်နိုင်ပြီ၊ ကျွန်မ မေမေလေးကို သွားကြည့်လိုက်ဦးမယ်"

တုထိပါးက....

"မင်းမေမေလေး သတိပြန်လည်ပြီး သူ့အတိတ်က အဖြစ်တွေအတွက် စိတ်ထိခိုက်နေတယ်၊ သူ့ဆီ မသွားနဲ့"

ထိုအချိန်တွင် စူးရှသောအော်ဟစ်သံတစ်ခု ကြားလိုက်သဖြင့် တုထိပါးနှင့် မိုလင်းနုတို့လှည့်ကြည့်မိကြသည်။

ယင်းလူးသည် ဖိနပ်မပါ၊ ဆံပင်စုတ်ဖွားနှင့် အခန်းထဲမှပြေးထွက်သွားပြီး အခြားတစ်ဘက်သို့အော်ဟစ်ပြေးထွက်သွားသည်။

တုထိပါး၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသည့် အရိပ်အယောင်များ ပေါ်ထွက်နေလေတော့သည်။

မိုလင်းနုသည် ဒေါင်ပြီး လိုက်သွားရန် ဟန်ပြင်လိုက်ရာ



တုထိပါးက သမီးဖြစ်သူ၏ပခုံးအား လှမ်းဆွဲလိုက်သည်။

"သွားပါစေ သမီး မလိုက်ပါနဲ့"

"သမီး စိတ်မချဘူး၊ ဝေဘ်တော်ကြာ တစ်ခုခုဖြစ်နေရင်...."

တုထိပါးက ခေါင်းယမ်းလိုက်၏။

"ကိစ္စမရှိပါဘူး... သမီးလုပ်စရာရှိတာသာ သွားလုပ်ပါ"

မိုလင်းနုသည် ခေါင်းညိတ်ပြီး ပြေးထွက်သွားတော့၏။

ယင်းလူး၏အရိပ်အယောင်မျှကို မတွေ့ရတော့ပါ။ သို့သော် တုထိပါးမှ ဒေါင်ငိုင်ရပ်ကြည့်နေမိလေ၏။

သူသည် အတန်ကြာရပ်နေပြီးမှ သူဖိတ်ကြားထားသည့် ထမင်းစားပွဲကို သတိရလာလေတော့သည်။

"ငါ ဒီမှာရပ်နေလို့ မဖြစ်ဘူး၊ ဖိတ်ကြားထားလျက်နဲ့ ငါမရှိဘဲဖြစ်နေရင် သူတို့သိချင်တာတွေ မသိဘဲ ဖြစ်နေမယ်"

သူသည် ခြေလှမ်းကျဲကျဲဖြင့် ထမင်းစားပွဲရှိရာသို့ထွက်လာလေတော့၏။

တုထိပါးသည် ခြေတစ်ဖက်ပြတ်နေရာ ခြေတုတပ်ဆင်ထားသဖြင့် လူကောင်းပကတိသွားလာ လှုပ်ရှားနိုင်သည်။

ထို့ပြင် ကိုယ်ဖော့ပညာ အလွန်ကောင်းသူဖြစ်၍ ခြေတစ်ဖက်ပြတ်သည်ဟု မထင်ရပေ။

သူသည် အဆောင်တစ်ခုသို့ရောက်ရှိလာလေ၏။

ထိုအဆောင်တွင် ခန်းမကြီးတစ်ခုရှိရာ လူငါးဆယ်မက ထမင်းစားသောက်နိုင်လေသည်။

ခန်းမကြီးကို ပန်းချီကားများဖြင့် မွမ်းမံပြင်ဆင်ထား၏။ စားပွဲကုလားထိုင်များကလည်း ကျောက်စားပွဲကုလားထိုင်များ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

လွန်စွာ ခမ်းနားသားနားလှပေသည်။ မြို့စား၊ နယ်စား ကြီးများ၏ ခန်းမပမာ လွန်စွာ သားနား ခန့်ညားလှပေတော့သည်။

တုထိပါးသည် တစ်ခန်းလုံးကို ဝေ့ကြည့်လိုက်၏။

တစ်ယောက်မျှ မရောက်သေးချေ။ ထို့ကြောင့် သူသည် မျက်မှောင်ကုပ်လိုက်၏။

"ဖိတ်ထားတဲ့အချိန်လဲရောက်နေပြီ၊ ဘယ့်နှယ်တစ်ယောက်မှ မလာကြသေးပါလား"

သူသည် ပြတင်းပေါက်ဆီသို့ထသွားပြီး အပြင်သို့ငေးကြည့်နေမိလေ၏။

အဝေး၌ ချောင်းကလေးတစ်ခုရှိရာ ထိုချောင်းမှ ရေများသည် အိငေ့ါရေကန်သို့မစီးဝင်ဘဲ အပြင်သို့လှည့်ထွက်သွားသည်။

ချောင်း၏ကမ်းပါး၌ သစ်ပင်များရှိရာ အလွန်သာယာသောနေရာဖြစ်ကြောင်း တွေ့ရှိရသည်။

တုထိပါးငေးနေစဉ် တေးသံတစ်ခုကို ကြားလိုက်ရ၏။ ဗီ တေးသံရှင်သည် အလွန်ဆိုးရွားသော သံသေးသံကြောင်ဖြင့် သီခ ကို ဟစ်နေလေ၏။

"ဘယ်သူများ သီချင်းလာဆိုနေပါလိမ့်၊ အသံက ဆိုးရွ လိုက်တာ"

သူ အံ့ဩနေစဉ် လူငယ်တစ်ယောက်သည် တောပန်း တောင်ပန်းများကိုကိုင်လျက် အဆောင်ရှိရာသို့ လျှောက်လာနေ ကြောင်းတွေ့လိုက်ရသည်။

ထိုလူငယ်သည် မျက်နှာပြားပြီး လွန်စွာ အရုပ်ဆိုးလေ



သည်။

တုထိပါးသည် ကျိတ်၍ ရယ်မောမိလေ၏။

"လူက ဒီလောက် အကျည်းတန်နေတာကိုး၊ ဒါကြောင့် သူ့အသံကလဲ ဒီလောက်ဆိုးနေတာ"

ထိုလူငယ်သည် ပြတင်းပေါက်၌ တုထိပါးရပ်နေသည်ကို တွေ့ရသောအခါ တုထိပါးရှေ့၌ လာရပ်လေ၏။

သူသည် တစ်ကိုယ်တည်း ရေရွတ်နေသည်။

"ဒီနေရာပဲ ဖြစ်ရမယ်၊ ဘယ့်နှယ် ဧည့်သည်ဖိတ်ခေါ်ပြီးလာလဲ မကြိုပါလား"

သူက အသံမြှင့်ပြီး အော်ခေါ်လိုက်၏။

"ဧည့်သည်.. .ဧည့်သည်"

တုထိပါးက ဒေါသထွက်သွားသည်။

"ဟေ့... သူငယ်၊ ဘာကြောင့် အရမ်းအော်နေရတာလဲ၊ ဒီမှာ လူတစ်ယောက်လုံးရပ်နေတာ မတွေ့ဘူးလား"

"ဩော်...ဒီမှာကိုး၊ ကျွန်တော် ဘယ်လိုဝင်ရမှာလဲ"

"မင်း ငါ့ကိုစိတ်ဆိုးအောင် လုပ်နေတာလား။ ဘယ်ဘက်မှာ အပေါက်မတွေ့ဘူးလား။ အဲဒီက ဝင်ခဲ့ပါလား"

ထိုလူငယ်မှာ ဝေကိုးပင် ဖြစ်တော့သည်။

ဝေကိုးသည် ဘယ်ဘက်မှ အခန်းထဲသို့ဝင်လာလေ၏။ သူသည် အခန်းကိုဝေ့ကြည့်လိုက်ရာ အခန်း၏ခမ်းနားကြီးကျယ်ပုံကို တွေ့မြင်ရလေ၏။

တုထိပါးက....

"အခန်းတံခါး ပိတ်လိုက်၊ မင်းက ဘယ်သူ့တပည့်လဲ"

www.burmeseclassic.com



"ကျွဲနွားမည်က ဝေကုံးပါ၊ ထိတိရဲ့တပည့်ပါ"

သူသည် ဂါရဝပြုလျက် ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်လိုက်လေ၏။

"ဒီမှာ ထမင်းစားဖိတ်ထားပြီး ဘာဟင်း၊ ဘာထမင်းမှာလဲ မတွေ့ရပါလား"

"စားရမှာပေါ့... ခဏစောင့်နေပါ၊ မင်းဆရာကော"

"လာမှာပါ၊ မကြာခင် လာမှာပါ၊ အခန်းကလဲ မှောင်နေတာပဲ၊ မီးမထွန်းသေးပါလား"

တုထိပါးသည် ဝေကုံးကိုစိတ်မတွေ့တော့ပေ။ သို့သော် သူသည် အိမ်သည်ဖြစ်နေသဖြင့် သည်းခံလိုက်၏။

"ကောင်းပြီလေ... ငါ မီးထွန်းနိုင်းလိုက်ပါ့မယ်"

တုထိပါးသည် လက်ခုပ်တစ်ချက်တီးလိုက်ရာ အစေခံတစ်ယောက်ဝင်လာသည်။

ထိုအစေခံအား အချက်ပြလိုက်ရာ အစေခံက မီးအိမ်များကို လိုက်လံပြီး ထွန်းညှိလေတော့သည်။

မကြာမီ တစ်ခန်းလုံး လင်းထိန်သွားသည်။

မကြာမီ အခန်းအပြင်မှ အဘွားအိုတစ်ယောက်၏အသံကြားလိုက်ရ၏။

"ဒီဧည့်ဟာ တစ်နေ့တစ်ခြား သာယာနေပါကလား"

အသံသည် အဝေးက အသံကဲ့သို့ထင်မှတ်ရသည်။ သို့သော် လူက အခန်းရှေ့သို့ရောက်နေလေ၏။

"သတိထား... ကျိုးကန်းလာနေပြီ"

ဝေကုံးက သတိပေးလေ၏။



တုထိပါး မျက်မှောင်ကုပ်သွားသည်။

ဝေကုံးက ရယ်မောလေ၏။

အခန်းတံခါးပွင့်သွားပြီး အဘွားအိုတစ်ဦးဝင်ရောက်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

### မြေပုံများဖြင့်လမ်းညွှန်ခြင်း

အခန်းထဲသို့ ဦးဆောင်ဝင်ရောက်လာသူမှာ လူမားဖြစ်လေ၏။

သူ့နောက်တွင် စုစုအင်း၊ ချစ်နိန့်နှင့်ကျင်းချွန်းစန်း၊ လုံကု၊ ချူကွန်၊ လျူဟုလျူ၊ ထိတ်နှင့်ဝမ်ကျောင်းတို့ ပါရှိလာလေ၏။

တုထိပါးက ထရပ်ပြီး ကြိုဆိုသည်။

"ကြွကြွပါ... ကြွကြွပါ၊ အစုံအညီ ကြွရောက်လာတဲ့အတွက် ကျုပ် ဂုဏ်ယူပါတယ်ဗျာ"

လူမားက မျက်လုံးတစ်ဖက်တည်းဖြင့် ကြည့်၍ ပြောလိုက်၏။

"မင်း နှစ်ပေါင်း(၂၀)ကတည်းက ဒီနေ့ရောက်ဖို့ မျှော်ခဲ့တာပဲ မဟုတ်လား"

တုထိပါးက ဂါရဝပြုကြိုဆိုရင်း...

"ဒီလိုမှမဟုတ်ရင် ဒီနေ့ ခင်ဗျားတို့ ကြွလာပါ့မလား"

ချစ်နိန့်က ဝင်ပြောလိုက်၏။

"ဘာပဲဖြစ်ဖြစ်၊ နှစ်(၂၀)ကြာတဲ့အထိ အခုလိုပြန်တွေ့ကြရ



စောင့်နေရတာကတော့ မလွယ်လှပါဘူး၊ အားလုံးပြန်တွေ့နိုင်တာပဲ အတော် အံ့သြဖို့ကောင်းနေပါပြီ"

"ကဲ... ကဲ၊ အားလုံး ထိုင်ကြပါခင်ဗျာ"

အားလုံးအသီးသီး ထိုင်ချလိုက်ကြသည်။

လျူဟုလျူက ရယ်ရယ်မောမောဖြင့် ပြောသည်။

"ခင်ဗျား ငွေတော်တော်စုဆောင်းမိပြန့်တူတယ်၊ ဒီလောက်ကြီးကျယ်တဲ့ခြံကြီးကို ဘယ်သူ့ဝယ်နိုင်ပါ့မလဲ၊ တမျှော်တခေါ်ကြီးပဲ၊ ကျယ်လိုက်တဲ့ခြံကြီး"

တုထိပါးက...

"ခင်ဗျားက ရသေ့ဖြစ်နေပြီပဲ၊ ဒါတွေကို သိမ်းယောစဉ်တွယ်နေလို့ ဘယ်ဖြစ်တော့မလဲဗျာ၊ ခင်ဗျား ပဋိသန္ဓာရစကားပြောတာကို ကျုပ် ကျေးဇူးတင်ပါတယ်"

သူသည် တစ်စုံတစ်ခုကို သတိရသွား၏။

"ဟော့ဗျာ... ကျုပ်အခုမှ သတိရတယ်၊ ဧည့်သည်တွေထဲမှာ အသားလွှတ်သုံးဆောင်တဲ့ပုဂ္ဂိုလ်နှစ်ယောက် ပါနေပါလား"

လျူဟုလျူက ရယ်မောရင်း ပြောလိုက်၏။

"မလိုပါဘူးဗျာ၊ ကျုပ်တို့ ဘာမဆိုသုံးဆောင်ပါတယ်"

အားလုံး ရယ်မောမိကြလေ၏။

တုထိပါးသည် သူ့အစေခံများအား လက်ခုပ်တီးအချက်ပေးလိုက်သည်နှင့် အစားအသောက်များကိုလာရောက်ချပေးလေတော့၏။

အစားအသောက်များမှာ အားလုံးဖွယ်ဖွယ်ရာရာပင်။

သိုင်းထိပ် သီးတို့လည်း ရယ်ရယ်မောမောဖြင့် စားသောက်

www.burmeseclassic.com

www.burmeseclassic.com



ကြလေ၏။

သူတို့ကို ကြည့်လိုက်လျှင် ရန်စွယ်ရန်ငြိုးကြီးမားသောလူစု ဟု မထင်ရတော့ပေ။

ထမင်းစားသောက်ပြီးသောအခါ တိဘက်အိမ်ဖော်နှစ်ယောက်က ရေနွေးကြမ်းကိုလာချပေးလေ၏။

လူအားလုံးသည် အေးအေးချမ်းချမ်းပင် စားသောက်နေကြသည်။

လုံကုသည် စတင် ဝင်ရောက်နေရာယူကတည်းက လူအားလုံးနှင့် ဝေးရာတွင် နေရာယူသည်။

ချူကွန်က သူ့ဆရာအနီးတွင် နေရာယူသည်။

လူမားက စတင်ပြောလေတော့သည်။

"တုထိပါး... ငါတို့ကိုဖိတ်ခေါ်တာ အကြောင်းရှိလိမ့်မယ်နဲ့ တူတယ်"

တုထိပါးက ပြုံးလိုက်ပြီး...

"ပြောပါမယ်... ပြောပါမယ်၊ ကျုပ်ရဲ့ပိုင်နက်နယ်မြေဟာ ဘယ်လောက်ကျယ်တယ်ဆိုတာ ခင်ဗျားတို့မျက်မြင်ပါပဲ၊ ကျုပ်ကို မြို့စားခန့်ရင် ဖြစ်ပါတယ်၊ ဒီနယ်မြေထဲမှာ ခင်ဗျားတို့ရဲ့တပည့်လူယေတွေကို ပစ္စည်းလိုက်ရှာနိုင်းရင် ကောက်ရိုးပုံထဲမှာ အပ်ပျောက်ရှာနိုင်းသလိုဖြစ်မှာကို ကျုပ် စိုးရိမ်ပါတယ်"

သူက ဆက်ပြောလိုက်၏။

"ဒါကြောင့် အချိန်ကုန် လူပင်ပန်းမှာ ကျုပ်မြင်ယောင်တယ်၊ ဒါကြောင့် ထမင်းစားဖိတ်တဲ့ရည်ရွယ်ချက်နှစ်ချက် ရှိပါတယ်၊ ကျုပ်တို့ဟာ ရန်သူတွေ ဖြစ်ကြသော်လည်း ရှေးဖြစ်ဟောင်းတွေကို ပြန်



လှန်ပြောဆိုနိုင်ကြဖို့နဲ့ ခင်ဗျားတို့ရဲ့တပည့်လူငယ်တွေကို ပစ္စည်း ဘယ်မှာထားတယ်ဆိုတာ ကျုပ်က လမ်းညွှန်ပြနိုင်ဖို့ပဲ ဖြစ်ပါတယ်"

လူမားက မဲ့ပြုံးပြုံးလိုက်ပြီး...

"လုပ်မနေစမ်းပါနဲ့ ဥာဏ်နီဥာဏ်နက်တွေထုတ်ပြီး ပစ္စည်းတွေကို အန္တရာယ်တွေနဲ့ဝိုင်းထားမှာ မဟုတ်လား"

တုထိပါးက...

"ဒါတော့ ဒါပေါ့ဗျာ၊ ဒီအတိုင်း ခင်ဗျားတပည့်တွေကို လိုက်ရှာရင် ဒုက္ခခံမှာပေါ့"

သူက စကားဆက်လိုက်၏။

"ဟိုတုန်းက ကတိစကားထားခဲ့ကြလို့သာ ကျုပ်က ဒီလိုလုပ်ထားတာပါ၊ နို့မို့ဆိုရင် ကျုပ်ဟာ ခင်ဗျားတို့ရဲ့ပစ္စည်းတွေကို ပြန်ပေးလိုက်ပါပြီ"

လူမားက ပြန်လည်ချေပရန် ပါးစပ်ဟလိုက်သည်။

"ဒီမှာ အဘွားကြီး၊ သူပြောတာလဲ ဟုတ်တာပဲဗျ၊ နောက်ပြီး သူက ကျုပ်တို့ကိုကျွေးမွေးဧည့်ခံနေတာ မဟုတ်လား"

လူမားက ဒေါသဖြစ်ဖြစ်နှင့်ပြောလိုက်၏။

"မင်းက အသက်ကြီးမှ အစားတစ်လုတ်ကို မက်နေလိုက်တာ၊ ထမင်းတစ်နပ်ကျွေးလို့ပဲ နှစ်နပ်ကျွေးရင် အဖေတောင်ခေါ်မလား မသိဘူး"

ဝမ်ကျောင်းက ဒေါသချောင်းချောင်းထွက်လာလေ၏။

သူသည် တုံ့ပြန်ရန် ဟန်ပြင်လိုက်သည်။

ထိုအခါ ဝေကုံးက...

"ဆရာမကြီး... ဟိုမှာ ကြည့်စမ်း ကျီးကန်း ချေးပါနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်"

ဝေကုံးသည် ပြတင်းပေါက်အပြင်သို့ လက်ညှိုးထိုး၍ ပြောလိုက်လေ၏။

ထိတိက ဝေကုံး၏သဘောကိုနားမလည်ဘဲ အဟုတ်ထင်မှတ်သဖြင့် ဝေကုံးကို မာန်မဲလိုက်၏။

"ကျီးကန်းချေးပါတာ နင်နဲ့ဘာဆိုင်လို့လဲ၊ ပါးစပ်ပိတ်ထားစမ်း"

လူမား မျက်မှောင်ကုပ်သွားသည်။

ဝေကုံးသည် မိမိအား တမင်နှိမ့်ချပြောင်ပြောင်နေမှန်းသိလိုက်၍ ဖြစ်သည်။ ဝမ်ကျောင်းကလည်း ထိုအချက်ကိုရိပ်မိလိုက်၏။

"ကျီးကန်း ချေးပါနေတာကို။ ဒါကြောင့် ဒီလောက်နံနေတာ"

လူမားက ဆတ်ခနဲ ထရပ်လိုက်သည်။

လုံကုက ရုတ်တရက် ပြောလိုက်၏။

"တုထိပါး အချိန်မနည်းတော့ဘူး၊ ပြောစရာရှိတာကို မြန်မြန်ပြောပါ"

အားလုံး ငြိမ်ကျသွားလေတော့၏။

တုထိပါးက....

"ဟုတ်ကဲ့... ပြောပါ့မယ်"

လူမားသည်သူမ၏ဒေါသကို ထိန်းလိုက်ရ၏။ သူမသည် ထိုင်ခုံ၌ ပြန်ထိုင်လိုက်ရသည်။

တုထိပါးက ထရပ်လိုက်သည်။

"အခုလို သိုင်းထိပ်သီးတွေ စုရုံးရောက်ရှိလာတဲ့အတွက်



ကျုပ် ဂုဏ်ယူပါတယ်၊ ကျုပ်တစ်ခုတော့ တောင်းပန်ချင်ပါတယ်၊ အားလုံးက ခွင့်ပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်"

လျှုဟုလျှုက သူ့အား စိုက်ကြည့်လိုက်သည်။

"မင်း ဘာပြောမှန်း မသိဘဲနဲ့ ကျုပ်တို့က ဘာတွေကိုခွင့်ပြုရမှာလဲ"

အားလုံးက ရယ်မောလိုက်ကြလေ၏။

တုထိပါးက....

"အခုလို သိုင်းအကျော်မော်တွေ စုဝေးနေတာဟာ သိုင်းလောကမှာ အလွန်ကြုံခဲသောအဖြစ်အပျက်တစ်ခုပါ၊ ဒါကြောင့် ကျေးဇူးပြုပြီး ဒီအခန်းရဲ့နံရံပေါ်မှာ ကိုယ့်နာမည်ကို အမှတ်တရရေးထိုးပေးခဲ့ကြပါလို့ တောင်းပန်ပါတယ်"

ဝေကုံးက ရုတ်တရက် ထရပ်လိုက်သည်။

"ခင်ဗျားရဲ့အကြံက မဆိုးဘူး။ ကျုပ် သဘောတူပါတယ်၊ ကျုပ်နာမည်ကိုလဲ ရေးထိုးပေးပါ့မယ်"

"မြန်း"

ထိတိ၏လက်ဝါးသည် ဝေကုံး၏လည်ပင်းသို့ ရိုက်ချလိုက်လေ၏။

"မင်း ပါးစပ်ပိတ်ထားစမ်း။ ငါပြောလို့မရတော့ဘူးလား"

ဝေကုံးသည် ရှုံ့မဲ့ပြီး ပြန်ထိုင်ချလိုက်ရတော့၏။

အားလုံး ရယ်မောမိကြလေသည်။

လျှုဟုလျှုက ပြောလိုက်သည်။

"ထိတိ... မင်း တပည့်က အသက်မငယ်တော့ပါဘူး၊ လူပုံလယ်မှာ ဒီလိုရိုက်ပြီး မဆုံးမနဲ့ အားလုံးရယ်စရာဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက တုထိပါးဘက်သို့လှည့်ပြီး ပြောလိုက်သည်။

"မင်း တောင်းပန်ချက်ကို ငါတို့ အားလုံးလက်ခံပါတယ်"

သူသည် စကားဆုံးသည်နှင့် နံရံသို့သွားပြီး လက်သည်းဖြ ဝှေ့ယမ်းလိုက်လေသည်။

နံရံပေါ်၌ စာကြောင်းတစ်ကြောင်း ပေါ်လာလေ၏။

"လျှူဟုလျှူ... ဒီမှာ ညစာ သုံးဆောင်ခဲ့တယ်"

ထို့နောက် သိုင်းအကျော်အမော်တို့သည် မိမိတို့၏နာမည် များကို နံရံပေါ်၌ရေးသားလေတော့၏။

အားလုံးနာမည်ရေးထိုးကြပြီးသောအခါ တုထိပါးက ကျေ ဇူးတင်စကားပြောလေ၏။

"တော်ကြာ... ကျုပ်က မြေပုံတစ်ချပ်စီ ပေးလိုက်ပါ့မ အဲဒီမြေပုံအတိုင်း ကိုယ့်ပစ္စည်းကိုယ် ရှာနိုင်ပါတယ်၊ ခင်ဗျားတို့တေ ဒီမှာ နေကြပါ၊ အဆောင်တွေမှာ အိပ်ရာနေရာ အားလုံးရှိပါတ အစားအသောက်အတွက်လဲ မပူကြပါနဲ့ ကိုယ့်တပည့် ပစ္စည်းရှာ တွေ့ရှိတဲ့အခါမှ အတူတကွ ထွက်သွားကြတာပေါ့"

သူက စကားဆက်လိုက်၏။

"ဒါပေမယ့် တချို့ ပုဂ္ဂိုလ်တွေမှာ တပည့်တွေ ပါမလာ တွေ့ရပါတယ်၊ ဒီကိစ္စကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ ကျုပ် စားမိသလောက် ပြောပါရစေ"

သူက အားလုံးကိုကြည့်လိုက်ပြီး...

"ကျုပ် စဉ်းစားမိတဲ့အချက်ကတော့ ကျန်ရှိတဲ့ပုဂ္ဂိုလ် ဟာ ဒီသူငယ်လေးယောက်တည်း တစ်ယောက်ယောက်မှ ကိုယ်စားပြုနိုင်စေမယ်ဆိုရင် ကျုပ်က မကန့်ကွက်ပါဘူးခင်ဗျ



ဝမ်ကျောင်းနှင့် လျှူဟုလျှူတို့က အချင်းချင်းတစ်ယောက် ကို တစ်ယောက်ကြည့်လိုက်ပြီး....

"ကျေးဇူးတင်ပါတယ်၊ ဒီကိစ္စကို ဝေကုံးကိုပဲ ကိုယ်စားပြု စေနိုင်းပါ့မယ်"

အားလုံးသောလူများသည် ဝေကုံးကိုဝိုင်းကြည့်ကြလေ၏။ ဝေကုံးက အလွန်သဘောကျသွားလေ၏။

ဝေကုံးက ရင်ကော့ပြီး ပြောလေ၏။

"အခုလို ဘဘ လျှူဟုလျှူက ကျွန်တော့်ကို တာဝန်ပေးတဲ့ အတွက် ကျွန်တော်ဂုဏ်ယူပါတယ်၊ ခုလို ကျွန်တော့်ကို ယုံယုံကြည် ကြည်နဲ့..."

တုထိပါးက ကမန်းကတန်း လက်ကာပြလိုက်၏။

"တော်လောက်ပါပြီ... တော်လောက်ပါပြီ မင်း လျှူဟုလျှူ ကို ကိုယ်စားပြုနိုင်ပါတယ်"

သူသည် ဝမ်ကျောင်းရှိရာသို့ လှည့်လိုက်၏။

"ခင်ဗျားကကော ဘယ်သူ့ကိုစေနိုင်းမှာလဲ"

ဝမ်ကျောင်းသည် စကားမပြောတော့ဘဲ ချူကွန်အား လှည့်ကြည့်လေ၏။ ချူကွန် မနေနိုင်တော့ပါ။

"ကျွန်တော် တာဝန်ယူပါတယ်ခင်ဗျာ"

တုထိပါး အံ့သြသွားသည်။ သူသည် ချူကွန်အား ကြည့် လိုက်ပြီး...

"ကောင်းပါတယ်၊ ဒါပေမယ့် ကျန်ဝမ်းရဲ့အနီရောင်ခေါင်း မွေးကို ဘယ်သူက ယူပေးမှာလဲဗျာ"

ချူကွန်မှာ ထရ ကောင်းနိုးနိုး၊ ထိုင်ရ ကောင်းနိုးနိုးဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

လုံကူက ပြုံးပြီး....

"ကျွန်ဝမ်းရဲ့ပစ္စည်းကိုလဲ ချူကွန်ပဲ ယူပေးပါလိမ့်မယ်"

တုထိပါးမှာ ပို၍ အံ့အားသင့်သွား၏။

လူတစ်ယောက်တည်းက သုံးယောက်တာဝန်ကိုယူရသည်မှာ မလွယ်ချေ။

အခက်အခဲကို သူပင် စီစဉ်ထားသဖြင့် သူက ပိုသိသည်။ သူသည် နောက်ဆုံး ခေါင်းညိတ်လေ၏။

"ဒါဖြင့်လဲ ပြီးတာပဲ"

တုထိပါးက ထိုင်ရာမှ ထလိုက်သည်။

"ကဲ... အားလုံးလဲ ထိုင်ရတာညောင်းညာနေကြပါပြီ၊ ကျုပ်စီစဉ်ပေးထားတဲ့ အဆောင်တွေမှာ စိတ်ချလက်ချအနားယူနိုင် ပါတယ်၊ လူငယ်လေးယောက်ကတော့ ဒီမှာပဲ စောင့်ကြပါ၊ ကျုပ်က မြေပုံပေးလိုက်တာနဲ့ ချက်ချင်းလှုပ်ရှားနိုင်ပါတယ်"

ထိုစဉ် အခန်းတံခါးပွင့်သွား၏။ လူငယ်မောင်နှံနှစ်ယောက် ဝင်လာသည်။

ချူကွန် ရင်ထဲ၌ လှုပ်ရှားသွား၏။

တုထိပါးက အားလုံးနှင့်မိတ်ဆက်ပေးလေသည်။

"ကျုပ် မိတ်ဆက်ပေးပါရစေ၊ ဟော ဒါက သမီးလေး မိုလင်းနုပါ"

သူက လူငယ်အား လက်ညှိုးညွှန်ပြပြီး....

"သူကတော့ ကျုပ်တပည့် မိလုကစ်ပါ"

မိုလင်းနုကို အားလုံးက တွေ့မြင်ဖူးကြပေသည်။



သို့သော် တုထိပါးထံ၌ တပည့်တစ်ယောက်ရှိသည်ကိုတော့ မသိကြပါ။

ထို့ကြောင့် မိလုကစ်ကို အားလုံးက သတိပြု၍ကြည့်ကြ၏။

ထိုလူငယ်မှာ သပ်ရပ်စွာ ဝတ်ဆင်ထားသော်လည်း အမူအရာမှာ ထုံထိုင်းထိုင်း ရှိနေဆဲဖြစ်သည်။

သူသည် ငိုင်းစက်သောမျက်လုံးအစုံဖြင့် အားလုံးကိုလိုက်လံကြည့်ရှုနေ၏။

သူ့မျက်လုံးအစုံသည် ချူကွန်ထံသို့ ရောက်ရှိသွား၏။

ထိုအခါ မှုန်းတီးသောအရိပ်အယောင်များ ယှက်သန်းလာတော့သည်။ သူသည် ချူကွန်အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"ရပ်လိုက်စမ်း"

တုထိပါး၏အော်ငေါက်တားမြစ်သံ ပေါ်လာသည်။

သူက ချူကွန်အား တစ်ချက်ကြည့်ကာ....

"ဟိုနေ့က သူ့လက်ချက်နဲ့ ကျွန်တော် သွေးအန်ခဲ့ရတယ်"

ချူကွန် လက်အုပ်ချီ၍ တောင်းပန်လိုက်သည်။

"ကျုပ် ရန်စမိတာကို တောင်းပန်ပါတယ်"

လုံကူက မျက်မှောင်ကုပ်ပြီး ပြောလိုက်၏။

"တစ်ယောက်နဲ့တစ်ယောက်တိုက်ခိုက်တယ်ဆိုတာ ဒဏ်ရာရကြ၊ သေကြ၊ ကြေကြဖြစ်မှာပဲ၊ ဒဏ်ရာရတယ်ဆိုတာ သေတာထက်စာရင် တော်သေးတယ်၊ နောက်တိုက်ခိုက်တဲ့အခါ လျှော့မပေးနဲ့၊ နို့မို့ဆိုရင် ငါ့တပည့်အဖြစ် မသတ်မှတ်ဘူး"

ချူကွန်သည် မိုလင်းနုကို ကြည့်လိုက်၏။

မိုလင်းနုနှင့် မျက်နှာချင်းဆုံသွားသည်။ ထို့နောက် ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ငှသွားလေ၏။

တုထိပါးသည် သူ့အိတ်တွင်းမှ သစ်သားပြားအချပ်ငယ်များကို ထုတ်ယူလိုက်၏။

"ကဲ… ငါက သစ်သားပြားကလေးတွေ ပေးလိုက်ပါမယ်၊ သစ်သားပြားပေါ်မှာပါတဲ့ မြေပုံအတိုင်း ကိုယ်လိုချင်တဲ့ပစ္စည်းကို ရှာနိုင်ပါပြီ"

သူသည် ဝေကိုးအား သစ်သားပြားတစ်ပြား လှမ်းပေးလိုက်၏။ ဝေကိုးကလည်း လှမ်းယူသည်။

သစ်သားပြားပေါ်၌ မင်ကြောင်းများရေးခြစ်ထားသည်။

ဝေကိုသည် အိတ်ထဲသို့ထိုးထည့်လိုက်၏။

တုထိပါးသည် ကျင်းချန်းစန်းနှင့် စုစုအင်းတို့ထံသို့လည်း သစ်သားပြားတစ်ချပ် ထိုးပေးလိုက်သည်။

ချူကွန်အား ပေးမည်အလှည့်သို့ ရောက်သောအခါ တုထိပါးက ပြုံး၍ ပြောလေ၏။

"ကဲ… ချူကွန်၊ အခု မင်းက အဝိကဇာတ်ကောင်ဖြစ်နေပြီ၊ ဘယ်သူ့ပစ္စည်းကို အရင်ယူပေးမှာလဲ"

ချူကွန်မှာ အခက်ကြုံနေရတော့၏။

အားလုံးက သူ့အား စိုက်ကြည့်နေကြသည်။

အမှန်တော့ သူသည် ကျန်ဝမ်း၏အနီရောင်ခေါင်းမွေးကိုသာ ရေးဦးစွာ ယူစေလိုသည်။

သို့သော်သူသည် လုံကုကို အားနာနေသဖြင့် လုံကုကိုကြည့်လိုက်၏။

လုံကုက ပြုံးပြီး….



"ချူကွန်… မင်း ဝမ်ကျောင်းရဲ့အရိုးဆစ်ကို အရင်ဆုံး ယူပေးပါ၊ ငါနဲ့ကျန်ဝမ်းရဲ့ပစ္စည်းကို နောက်မှယူပေးပါ"

လုံကု၏စိတ်ထားမြင့်မြတ်ကြောင်းပြသောစကားကြောင့် အားလုံး အံ့သြသွားသည်။

သူတို့သည် လုံကုအား အတ္တဆန်သည်ဟု ထင်ထားကြသည် မဟုတ်ပါလား။ လုံကုသည် သူ့ပစ္စည်းကိုသာ အရင်ဆုံးယူနိုင်းမည်ဟု ထင်ထားကြလေ၏။

တုထိပါးက ပြုံးလိုက်၏။

"အလွန် သင့်လျော်တဲ့အကြံဉာဏ်ပါပဲဗျာ"

သူသည် သစ်သားပြားတစ်ချပ်ကို ထုတ်ပေးလိုက်လေ၏။ ချူကွန်သည် သစ်သားပြားကို တစ်ချက်ကြည့်ပြီး အိတ်ထဲသို့ထည့်လိုက်လေ၏။

တုထိပါးက….

"လူငယ်တွေအားလုံး လှုပ်ရှားနိုင်ပါပြီ၊ တကယ်တော့ ကျုပ်ဟာ နှစ်ပေါင်း(၂၀)အတွင်းမှာ တစ်ခါမှ ဒီနေ့လို မပျော်ရွှင်ခဲ့ပါဘူး"

သူသည် လုံကုကို တစ်ချက်ကြည့်ပြီး….

"ကဲ… ကဲ… လူကြီးတွေ အနားယူဖို့ လိုအပ်ပါပြီ၊ ကျုပ်နောက် လိုက်ခဲ့ကြပါ"

သိုင်းအကျော်အမော် ထိပ်သီးအားလုံး ထရပ်လိုက်လေ၏။

www.burmeseclassic.com



## အခန်း(၁၅)

## တယ်တင်ဂှင်

ချူကွန်တို့လေးယောက်သည် အပြင်သို့ထွက်လာကြလေ၏။

မိုလင်းနုရှေ့မှ ချူကွန်ဖြတ်ကျော်သောအခါ မိုလင်းနုက သူ့အကျီစအား လှမ်းဆွဲထားလေ၏။

ထိုအခါ ချူကွန် တွဲခနဲရပ်သွား သည်။

သို့သော် အများရှေ့၌ စကားမပြောလိုသဖြင့် အသာရုန်းထွက်လိုက်ပြီး အခန်းပြင်သို့ထွက် ခွာသွားလေတော့သည်။

အပြင်၌ မှောင်စပြုနေလေပြီ။

လေပြည်လေညင်းကမူ တသုန်သုန် တိုက်ခတ်နေ၏။

ချူကွန်သည် လေကိုအားရပါးရ ရှူရှိုက်လိုက်သည်။ ယနေ့ည ဝမ်ကျောင်း၏ပစ္စည်းကို အရယူရပေတော့မည်။

ဝေကုံးက သစ်သားပြားကိုထုတ်ကြည့်ပြီး ချူကွန်တို့သုံးယောက်အား နှုတ်ဆက်လိုက်၏။

"ငါ သွားတော့မယ်"

သူသည် စကားဆုံးသည်နှင့် လက်ဝဲဘက်သို့ ပြေးသွား



တော့၏။

ဆက်တိုက်ပင် ကျန်းချန်းစန်းနှင့် စုစုအင်းဝှဲက ချူကွန်အား နှုတ်ဆက်ပြီး ပြေးထွက်သွားလေ၏။

ချူကွန် တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့သည်။

"ငါလဲ အမြန်ဆုံးလိုက်ရှာမှ ဖြစ်တော့မယ်"

ချူကွန်သည် သစ်သားပြားကိုထုတ်ယူ၍ ကြည့်လိုက်၏။

သစ်သားပြားပေါ်၌ မျဉ်းကြောင်းများ ရှုပ်ထွေးနေသော်လည်း တစ်ခုတည်းသော အနီရောင်မျဉ်းကြောင်းသည် လက်ယာဘက်သို့သွားပြီး အရှေ့စူးစူးသို့ညွှန်ပြနေကြောင်းတွေ့ရှိရသည်။

ချူကွန်သည် အနီရောင်မျဉ်းကြောင်းနောက်သို့ လိုက်ရမည်ဖြစ်ကြောင်း နားလည်လိုက်သည်။

သူသည် အနီရောင်မျဉ်းကြောင်း ညွှန်ပြသည့်အရပ်သို့ ပြေးလေတော့၏။

သူသည် အနီရောင်မျဉ်းကြောင်း ညွှန်ပြသည့်အတိုင်း ပြေးလိုက်ရာ မြေမြင့်နှစ်ခုအကြားသို့ရောက်ရှိလာလေတော့၏။

သူသည် ရှေ့ဆက်လျှောက်နေတော့၏။ နောက်တစ်ကြိမ် မြေမြင့်နှစ်ခုကြားသို့ ရောက်ရှိလာပြန်သည်။

"ဘယ်လိုလဲ... ဒီနေရာကို ငါရောက်ဖူးနေတာပါလား"

တကယ်တော့ ချူကွန် မျက်စိလည်ပြီး ရောက်ပြီးသောနေရာသို့ ပြန်ရောက်နေခြင်းဖြစ်သည်။

"ငါ မျက်စိလည်နေပြီ"

ချူကွန်သည် သူ့အဖြစ်ကို သူသိသည်။ သူသည် မြေပုံကို ပြန်ထောင်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူရောက်နေသည့်နေရာမှာ မြေပုံအမှတ် အသားများနှင့် ကွဲလွဲသောနေရာဖြစ်နေသည်။

"ငါ မြေပုံကြည့်တာ မှားသွားတာပဲ၊ မူလအနီရောင်မျဉ်းကြောင်းတစ်လျှောက် ပြန်ရောက်အောင် ငါသွားရမယ်"

ချူကွန်သည် အနီရောင်မျဉ်းကြောင်းပေါ်သို့ ရောက်ရှိရန် လျှောက်သွားလေတော့၏။

သူလျှောက်နေသည်မှာ အတော်ကြာပြီ၊ ညသန်းခေါင်ယံအချိန်သို့ပင် ရောက်ရှိနေလေပြီ။

"အီး... အီး... အား"

အဝေးမှ အသံတစ်သံကြားလိုက်ရသဖြင့် ရင်ထိတ်သွားသည်။

"ဘယ်က **အသံလဲ၊ လူ့သံလား**။ တိရစ္ဆာန်ရဲ့အသံလား"

သူသည် **ရပ်၍နားစွင့်နေ၏**။

"**အီး... အီး... အား**"

အသံကို ထပ်မံ **ကြားရပြန်သည်**။ ချူကွန်သည် အသံကြားရာသို့ ပြေးလွှားလေတော့၏။

အသံပျောက်သွားပြန်သည်။ ချူကွန်သည် သူ၏မူလလမ်းကြောင်းဖြစ်သော အနီရောင်မျဉ်းကြောင်းနှင့် ဝေးသထက် ဝေးသွားတော့သည်။

သူသည် မြေအနေအထားကို အကဲခတ်၏။ လေးဘက်လေးတန်ကို ပြန်ကြည့်သည်။ မည်သည့်ထူးခြားချက်မျှ မတွေ့ရပါ။

ချူကွန် စဉ်းစားနေသည်။

"တုထိပါးရဲ့ခြံဝင်းဟာ တမျှော်တခေါ်နဲ့ အတော်ကျယ်ဝန်း



တာပဲ၊ သစ်ရိပ်ကျနေတာပဲ၊ ဘယ်လိုမှ ခန့်မှန်းလို့မရဘူး"

သူသည် သစ်ပင်ထိပ်ဖျားသို့တက်ကြည့်ရန် ဆုံးဖြတ်သည်။

သို့သော် သူ့အကြံကို သူပင် ဖျက်လိုက်သည်။ ညဖြစ်နေသောကြောင့် မထူးသည်ကို သူသတိရလိုက်သောကြောင့် ဖြစ်သည်။

အလွန်ချောက်ချားဖွယ်ရာကောင်းသော အသံတစ်သံကို သူကြားလိုက်ရသည်။

"**ဖေဖေ... မေမေ၊ သား... ဒဏ်ရာရနေတယ်**"

ထိုအသံသည် လွန်စွာဝမ်းနည်းကြေကွဲစွာ ပြောလိုက်သည့်အသံဖြစ်သည်။ ချူကွန်သည် ခုန်နေသောရင်ကို အသာဖိပြီး အသံကို နားစွင့် လိုက်လေ၏။

ထိုအသံသည် သူနှင့်ရင်းနှီးသောအသံဖြစ်သည်ဟု ချူကွန်ထင်မိလေသည်။ သူသည် မည်သူ့အသံဖြစ်သည်ကို စဉ်းစားနေ၏။

ထို့နောက် လက်ဖျောက်တစ်ချက်တီးလိုက်သည်။ အသံရှင်ကို သူသိပေပြီ။

"ဒါ... ဒါဟာ ကျင်းချန်းခန်းရဲ့ **အသံပဲ**၊ သူက ဘာဖြစ်လို့ ဒီနေရာ ရောက်နေရတာလဲ"

ချူကွန်သည် သူလမ်းကြောင်းမှားပြီး သူများ လမ်းကြောင်းထဲသို့ဝင်ရောက်နေမိသည့်အဖြစ်ကို မေ့နေသည်။

"**သူ ဒုက္ခရောက်နေပြီနဲ့တူတယ်၊ ငါ အမြန်သွားကယ်မှ**"

သူသည် ချက်ချင်း ဆုံးဖြတ်လိုက်သည်။ ထို့နောက် အသံလာရာသို့ တစ်ဟုန်ထိုး ပြေးသွားလေတော့၏။

မကြာမီ သူသည် ရေတွင်းတစ်တွင်းသို့ ဆိုက်ရောက်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုရေတွင်းမှ နှစ်ပေါင်းများစွာ အသုံးမပြုဘဲ ပစ်ထားသော ရေတွင်းဖြစ်ကြောင်း ချူကွန် သိလိုက်မိသည်။ ရေတွင်းဘေးမှ အုတ်များသည် ထွက်ကျနေသည်။ ကျိုးပဲ့ပျက်စီးနေသည်။

ရေတွင်းဘေးပတ်လည်တွင်လည်း မြက်များ လုံးဝမရှိချေ။ လူသူမရှိသောနေရာ၌ ရေတွင်းပျက်ကိုတွေ့ရသဖြင့် ချူကွန် အံ့ဩသွားသည်။ အတန်ကြာမှ သတိရသည်။

"အင်း.. အရင်ကတော့ အိမ်တွေရှိလိမ့်မယ်၊ နောက်ကျတော့ အိမ်တွေပြောင်းသွားတော့ ရေတွင်းလည်း ကောသွားတာဖြစ်လိမ့်မယ်"

ချူကွန်သည် လရောင်ဖြင့် ရေတွင်းထဲသို့ ကြည့်လိုက်၏။ ရေတွင်းထဲ၌ လှေကားထစ်များကိုမြင်တွေ့လိုက်ရသောအခါ ချူကွန် အံ့ဩသွားသည်။

"ငါ အောက်ကိုဆင်းကြည့်ရင် ကောင်းမယ်"

သူသည် စဉ်းစားပြီး ရေတွင်းထဲသို့ဆင်းသက်လာလေတော့၏။ ရေတွင်း အောက်ခြေတွင် မည်းမှောင်နေသည်။ အောက်ခြေတွင် ရေလုံးဝမရှိချေ။ ခန်းခြောက်နေသောရေတွင်း ဖြစ်နေပေပြီ။

သူသည် လှေကားထစ်များ တပ်ဆင်ထားသည့်ကိုကြည့်ပြီး ဤရေတွင်းသည် ရိုးရိုးရေတွင်းမဟုတ်ကြောင်း ရိပ်မိသည်။

သူသည် ရေတွင်းပတ်လည်ကိုသတိကြီးစွာထား၍ လှည့်လည်ကြည့်သည်။ မကြာမီ ရေတွင်းအောက်ခြေတွင် လျှို့ဝှက်လမ်းကြောင်းတစ်ခုကို တွေ့လိုက်ရတော့၏။

ချူကွန်သည် ထိုလမ်းကြောင်းအတိုင်းဝင်သွားရာ လူတစ်ယောက်၏အသက်ရှူသံကို စတင်ကြားလိုက်ရတော့သည်။ သူသည်



စိတ်ဓာတ်တက်သွားသည်။ အသံကြားရပြီ မဟုတ်ပါလော။

သူသည် လျင်မြန်စွာ ရွေ့လျားသွားလေ၏။ အသက်ရှူသံသည် ပိုမိုနီးကပ်လာ၏။ မကြာမီ လူတစ်ယောက်လဲလျောင်းနေသည်ကို မှောင်ထဲတွင်မြင်နိုင်စွမ်းရှိသော ချူကွန်တွေ့ရှိရလေ၏။

ထိုသူမှာ နာကျင်စွာ ညည်းညူနေသည်။ ထိုသူမှာ ကျင်းချန်းစန်း ဖြစ်သည်။ ကျင်းချန်းစန်းအနီးတွင် ထိုင်ချပြီး ကျင်းချန်းစန်းအား တွေ့ရှိလိုက်သည်။ ထိုအခါ အေးစိမ့်သောအငွေ့အသက်ကို ခံစားလိုက်ရတော့သည်။ ကျင်းချန်းစန်းသည် ရေခဲအဆိပ်ကိုခံစားနေရကြောင်း သူသိရှိလိုက်သည်။

ဤပညာကို တုထိပါးတတ်ထားသဖြင့် ချူကွန် ထိတ်လန့်သွားလေ၏။

ချူကွန်သည် ဘဘကျန့်ဝမ်းသင်ပေးထားသည့် ရေခဲအဆိပ် ကာကွယ်နည်းကို စဉ်းစားလိုက်သည်။ ထို့နောက် အတွင်းအားထုတ်၍ ကျင်းချန်းစန်းကိုယ်ထဲမှ အဆိပ်ကိုထုတ်ပေးရန် ကြိုးစားလေတော့၏။ နာရီဝက်ခန့်ကြာသောအခါ ချူကွန် တစ်ကိုယ်လုံး ချွေးများစို့ရွှဲလာလေတော့၏။

"ငါသာ သူ့ကိုမကယ်ရင် သူတော့ ပျက်စီးသွားတော့မှာပဲ"

ချူကွန်သည် အတွင်းအားထုတ်၍ အအေးဓာတ်အဆိပ်ကို တိုက်ဖျက်နေရသည်။

မကြာမီ ကျင်းချန်းစန်း၏အသံတိုးတိုး ထွက်လာ၏။

"ငါ့ကို ခေါ်မသွားပါနဲ့"

သူသည် ထိုသို့သုံးလေးကြိမ်မျှပြောပြီး သတိရလာလေတော့သည်။ သို့သော် တခဏအတွင်းမှာပင် သတိပြန်လစ်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



၏။ ချူကွန်က ကျင်းချန်းစန်း၏နားနားသို့ကပ်ပြီး ပြောလိုက်၏။

"ကျင်းချန်းစန်း... အာရုံကိုစုစည်းထားပါ"

ချူကွန်သည် တတွတ်တွတ်နှင့် ပြောလေ၏။

ကျင်းချန်းစန်း သတိရလာသည်။

"ကျင်းချန်းစန်း သတိရပြီလား"

"အင်း... အင်း"

"ဘယ်လိုဖြစ်တာလဲ"

"အင်း... အင်း"

ကျင်းချန်းစန်းသည် ထိုမျှသာပြောနိုင်ပြီး သတိလစ်သွားလေ၏။ ချူကွန်သည် ကျင်းချန်းစန်း၏ရင်ဘတ်ရှိ သွေးကြောသို့ ချူကွန်က လက်ငါးချောင်းဖြင့် ထောက်လိုက်လေ၏။

ထိုစဉ် ဝိုကြွေးသံကဲ့သို့သော အသံများကို ကြားလိုက်ရလေသည်။ ချူကွန်သည် ဘဘ ကျန်ဝမ်း၏လိုဏ်ဂူထဲ၌ ပလွေမှုတ်ပြသည့်အချိန်ကို သတိရလာလေတော့သည်။ ထိုငိုကြွေးသံကြားလိုက်ရသောအခါ အလွန်ဝမ်းနည်း ဖွယ်ကောင်းသောအဖြစ်အပျက်များကို မစဉ်းစားမဖြစ် စဉ်းစားမိကြရတော့သည်။

သူ၏လွန်ခဲ့သောနှစ်(၂၀)က ရောက်ဖူးက သူ့အား ရှင်းကုန်းဘုရားကျောင်းအတွင်း ပို့ပေးခဲ့သည်ကို ပြန်လည်သတိရလာတော့၏။ သို့သော် ချူကွန်သတိရပြီး ထိုအတွေးများကို ပြန်လည်နှင်ထုတ်ရလေ၏။ မကြာမီ သူ့စိတ်ကို ပြန်လည်ထိန်းချုပ်လာနိုင်တော့သည်။

ကျင်းချန်းစန်းမှာလည်း ချူကွန်၏ကူညီမှုကြောင့် သတိလက်လွတ်ဖြစ်မသွားပါ။ သူသည် ချူကွန်၏လက်မှ ရုန်းထွက်ခဲ့



သည်။ သို့သော် ချူကွန်၏ထိန်းချုပ်မှုကြောင့် ကံကောင်းထောက်မပြီး ချူကွန်၏လက်တွင်း၌ပင် ရှိနေခဲ့ရပေသည်။ ထိုစဉ်...

"ဟား... ဟား... ဟား"

ရယ်မောသံ တစ်သံသည် ဟိန်းထွက်လာလေ၏။ မည်သူ့ရယ်မောသံပေနည်း။ ဤမြေအောက်ခန်းထဲ၌ မည်သူသည် လာရောက်ရယ်မောနေရပေသနည်း။

"မင်းက တော်တော်ခံနိုင်တာပဲ၊ ဘယ်လောက်ခံနိုင်တယ်ဆိုတာ ကြည့်ရသေးတာပေါ့"

ချူကွန် ရင်ထိတ်သွား၏။

ထိစကားပြောသံသည် တုထိပါး၏စကားပြောသံဖြစ်သောကြောင့်ပေတည်း။ ထိုစကားသံအရ မိမိအား တစ်စုံတစ်ခု ထပ်မံလုပ်ကြံမည်ကို သိရှိလိုက်ရသည်။ သူသည် သတိကြီးစွာ ထားလိုက်ရ၏။

"ဒီတစ်ခါတော့ သေရေးရှင်ရေး ရင်ဆိုင်ရမှာပဲ"

သူ ထင်မြင်လိုက်မိသည်။

မှောင်ထဲမှ ကောက်ကျစ်စဉ်းလဲသောရယ်သံသည် ထပ်မံပေါ်ထွက်လာလေ၏။

"ဟား... ဟား... ဟား"

ထိုရယ်မောသံသည် ပတ်ဝန်းကျင်တစ်ခုလုံးသို့လွှင်းထ၍ထွက်ပေါ်လာသည်။

"ချူကွန်... မင်းဟာ ငါ့ရဲ့ထောင်ချောက်ထဲကို တိုးဝင်လာတာပဲ၊ ငါ့ကို အပြစ်မဆိုနဲ့ မင်းလမ်း မင်းသွားရင် ဘာမှမဖြစ်ဘူး၊ အခုတော့ လိုကုနဲ့ချိစိန်တို့နှစ်ယောက်စလုံး ရှုံးပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မှောင်ထဲမှ အရိပ်တစ်ခုထွက်ပေါ်လာလေ၏။ ကြောက်မက်ဖွယ်ရာ လူရိပ်သည် လက်တစ်ဖက်မြှောက်လိုက်ရာ အရာဝတ္ထုတစ်ခုသည် ချူကွန်ထံသို့ပြေးဝင်သွားလေ၏။

ချူကွန်သည် ဝမ်ကျောင်းသင်ပေးခဲ့သော ပညာကို အလိုအလျောက် အသုံးပြုလိုက်လေ၏။

ထိုအရာဝတ္ထုသည် ချူကွန်၏မျက်နှာဆီသို့ ရောက်ရှိလာ၏။ ချူကွန်က မျက်နှာရှေ့ တစ်ပေခန့်အကွာသို့ ရောက်သောအခါ ထိုအရာဝတ္ထုကို မှုတ်ထုတ်လိုက်သည်။ အတွင်းအားကိုထုတ်၍ မှုတ်လိုက်ခြင်းဖြစ်ရာ ထိုအရာဝတ္ထုသည် ပြန်လည်လွင့်စဉ်သွားသည်။

"ဖြန်း"

ကျောက်တုံးသည် ကြေကွဲလွင့်စဉ်သွားတော့၏။ တုထိပါးလည်း အံ့ဩထိတ်လန့်သွား၏။

"ချူကွန်… ဒီလောက် တော်လိမ့်မယ်လို့ ငါ လုံးဝမထင်ဘူး"

သူသည် တီးတိုးရေရွတ်ပြီးနောက် ချူကွန်ဘက်သို့လှည့်၍ အော်လိုက်သည်။

"ငါ့မှာ ကျောက်တုံးငါးတုံး ကျန်သေးတယ်၊ ဒီကျောက်တုံးငါးတုံးကို ခုခံနိုင်ရင်တော့ မင်းနိုင်ပြီ"

ချူကွန်သည် မျက်လုံးမှိတ်ထားလိုက်၏။ ဝမ်ကျောင်းသင်ပေးခဲ့သောပညာများကို ပြန်လည်နှီးနှောနေရသည်။ ယခု သူသည် သေရေးရှင်ရေးနှင့်ရင်ဆိုင်ရတော့မည် မဟုတ်ပါလော။

တုထိပါးသည် လက်ကိုတစ်ချက်ဝှေ့ယမ်းလိုက်၏။ ချူကွန်၏လက်ယာဘက်ကိုပစ်ခတ်ခြင်း ဖြစ်သည်။ ချူကွန်က ကျင်းချွန်းစန်းကို လက်ဝဲလက်ဖြင့်မွေ့ထားလေရာ လက်ယာလက်သည် အားလပ်နေ၏။ အတွင်းအားထုတ်ပြီး လက်ကိုဝှေ့ယမ်းလိုက်ရာ ကျောက်တုံးသည် တုထိပါးဆီသို့ပြန်လည်လွင့်ပျံ့သွားပြီး ကွဲကြေသွားသည်။



"ဖြန်း"

တုထိပါး အံ့ဩသွားသည်။

"ဒီလိုပညာမျိုးကို ငါ တစ်ခါမှ မတွေ့ဘူးပါလား"

တုထိပါးသည် ကျောက်တုံးကို ချူကွန်၏ဦးခေါင်းဆီသို့ ပစ်လွှတ်ပြန်ရာ ချူကွန်က ပထမနည်းအတိုင်း တုံ့ပြန်လိုက်၏၊ ကျောက်တုံးသည် လွင့်စဉ်ကြေကွဲသွားပြန်သည်။

တုထိပါး၌ ကျောက်တုံးနှစ်တုံးသာ ကျန်တော့သည်။ တုထိပါးသည် ကျောက်တုံးနှစ်တုံးကို လက်ဝဲဘက်ပခုံးနှင့် လက်ယာ ဘက်လက်ကောက်ဝတ်သွေးကြောသို့ပစ်လွှတ်လိုက်သည်။

ချူကွန် ဦးခေါင်းများ မူးဝေနေလေပြီ။ ထိုစဉ် ကျင်းချွန်းစန်းကလည်း သတိရလာသည်။

"အား"

"ကျင်းချွန်းစန်း… တောင့်ခံထားပါ၊ အသံမထွက်ပါနဲ့"

ချူကွန်သည် တစ်ပြိုင်နက် အလုပ်သုံးခုကို လုပ်လိုက်ရသည်။ ဝင်လာသော ကျောက်တုံးနှစ်တုံးကိုခုခံပြီး တစ်ပြိုင်နက်ကျင်းချွန်းစန်းကိုလည်း အားပေးရသည်။ သူ့ဦးခေါင်းကွဲမတတ် နာကျင်သွားရလေ၏။

ကျောက်တုံးနှစ်တုံးကို ပြန်လည်ရိုက်လွှတ်နိုင်သော်လည်း သူသည် တစ်ကိုယ်လုံး ပျော့ခွေသွားလေ၏။ ချူကွန် သတိမေ့သွားလေပြီ၊ ဖြစ်ပေါ်လာသောအသံများသည်လည်း လုံးဝတိတ်ဆိတ်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်သွားလေ၏။

တုထိပါးသည် မှောင်ထဲမှ လှမ်းထွက်လာလေ၏။

ချူကွန်နှင့် ကျင်းချန်းစန်း လဲကျနေသည်ကို မြင်သောအခါ သူ့မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားလေ၏။ သူသည် ချူကွန်နှင့် ကျင်းချန်းစန်းရှိရာသို့ အေးဆေးစွာ လမ်းလျှောက်လာသည်။

သူသည် ချူကွန်အား ကြည့်လိုက်၏။

"ချူကွန်... ချူကွန်... ဘုရားကျောင်းမှာမနေဘဲ လူ့လောကီထဲ ဝင်ရှုပ်ချင်တာကိုး။ ငါ့ အပြစ်မရှိတော့ဘူးလေ"

သူသည် ချူကွန်၏ဦးခေါင်းကိုရိုက်ချရန် လက်ကိုဖြည်းညင်းစွာ မြှောက်လိုက်၏။ ထိုအချိန်တွင်....

"အဟမ်း"

ချောင်းဆိုးသံတစ်ချက် ထွက်ပေါ်လာသဖြင့် တုထိပါးလန့်သွားသည်။

"ဘယ်သူလဲ"

တုံ့ပြန်သံ လုံးဝထွက်ပေါ်မလာပါ။

တုထိပါးက ဆက်ပြောလေ၏။

"မိတ်ဆွေတို့ကို အဆောင်မှာ အနားယူနေကြပါလို့ ပြောထားတာပဲ၊ ဘာကြောင့် မဆီမဆိုင် ဝင်ရှုပ်ချင်ရတာလဲ"

အမှောင်ထဲမှ အက်ကွဲသောအသံပေါ်ထွက်လာလေ၏။

"အသုံးမကျတဲ့ကောင်၊ မင်း ဆရာက ငါ့ကိုတွေ့ရင်တောင် မိတ်ဆွေလို့ မခေါ်ဝံ့ဘူး၊ မင်းက ငါ့ကို မိတ်ဆွေလို့ ခေါ်ဝံ့သလား။ တော်တော် အသုံးမကျတဲ့အကောင်ပဲ"

တုထိပါးသည် အံ့သြနေ၏။ သူ့အား ယခုလေသံမျိုးနှင့်



ပြောခဲ့ဖူးသောလူတစ်ဦးတစ်ယောက်မျှ မရှိချေ။ ထို့ပြင် ထိုလူသည် အဆောင်ထဲ၌ ကျန်ရစ်ခဲ့သော ထိပ်သီးအကျော်အမော်များ မဟုတ်ကြကြောင်း သူသိလိုက်သည်။ ထိုလူသည် လူစိမ်းတစ်ယောက်သာ ဖြစ်ချေသည်။

"ခင်ဗျား ဘယ်သူလဲ၊ ထွက်ခဲ့ပါ"

ထိုလူစိမ်း၏အသံ ထွက်ပေါ်လာပြန်သည်။

"ငါ ဒီမှာရှိနေတယ်၊ မင်းကျောက်တုံး ခြောက်တုံးနဲ့ပစ်တာတောင် မင်းက သူ့ကိုယုတ်ယုတ်မာမာနဲ့လုပ်ကြံဦးမလို့လား။ မင်းတော်တော် အရှက်နည်းတဲ့ကောင်ပါလား"

ထိုလူစိမ်းက စကားဆက်လိုက်၏။

"ငါက မင်းတို့ကိစ္စကို ဒီလောက် အသေးစိတ်လိုက်မတွက်ချင်ပါဘူး။ ဒါပေမယ့် မင်း ဒီလောက်ယုတ်မာဖို့မကောင်းဘူး။ ဒီတော့ ငါ စိတ်ဆိုးတာ လွန်သလား"

တုထိပါးက ဒေါသအမျက်ချောင်းချောင်း ထွက်သွားသည်။

"ကျုပ်ဆီ ရောက်လာတဲ့ လူမှန်သမျှဟာ မိတ်ဆွေမဟုတ်ရင် ရန်သူချည်းဖြစ်မယ်၊ ခင်ဗျား အမြင်ထွက်လာရင် ကောင်းမယ်"

ထိုလူစိမ်းက....

"သိပ်ကောင်းတာပေါ့၊ ဒီနေရာက အလင်းရောင်မရှိ ငါ သဘောမကျပါဘူး၊ ချူကွန်နှင့် ချိုဇိန်ရဲ့ တပည့်ကိုထားခဲ့ပေတော့၊ သူတို့သတိရလာရင် သူတို့ကံပဲ၊ သတိမရလို့သေသွားရင်လဲ မင်းကို အပြစ်မဆိုဘူး၊ ကဲ... ငါ အပြင်က စောင့်မယ်"

တုထိပါးက...

"ခင်ဗျား ဘာတွေပြောနေတာလဲ၊ ခင်ဗျား ထွက်လာစမ်း

www.burmeseclassic.com

www.burmeseclassic.com



ပါ"

"မှောင်ထဲမှာထွက်လာလို့ မင်း အရိပ်ပဲ မြင်ရမှာပေါ့၊ လူကောင်ကြီးကိုတော့ မင်း မြင်နိုင်မယ် မထင်ဘူး။ ငါ ပြောချင်တာကို မင်း သဘောတူရဲ့လား။ ငါ တစ်ချက်လှုပ်ရှားလိုက်တာနဲ့ မင်းအသက်ဟာ ဖက်ရွက်တစ်ရွက်လို ကြွေသွားမယ်၊ ငါ ဘာမှမလုပ်ချင်ဘူး။ ဒီ ကောင်လေးနှစ်ကောင်ကိုသာ သူတို့ထိုက်နဲ့ သူတို့ကံ ပစ်ထားလိုက်၊ ကဲ... ငါထွက်တော့မယ်"

အသံသည် တဖြည်းဖြည်း ဝေးသွား၏။ တုတ်ထိပါးသည် လူစိမ်း၏အရိပ်ကိုမျှ မမြင်ရချေ။ လူစိမ်းသည် ရေတွင်းထဲမှထွက်ခွာသွားလေပြီ။

ထိုလူ၏လှုပ်ရှားမှုမှာ တစ္ဆေသရဲသဖွယ်ဖြစ်နေသဖြင့် တုတ်ထိပါးသည် ရင်ထိတ်သွား၏။ သူသည် လူငယ်နှစ်ယောက်ကိုသတ်ပစ်ရန် ကြံစည်ခဲ့သည်။ သို့သော် ကြားထဲမှအနှောင့်အယှက် ပေါ်လာသည်။ သူသတ်ပစ်လျှင် သူ့အကြံသည် တစ်နည်းနည်းနှင့် ပေါက်ကြားသွားပေတော့မည်။ သူသည် သတ်ရန်အကြံကို လက်လျှော့လိုက်၏။

သူသည် ရေတွင်းပျက်ထဲမှ ထွက်ခွာသွားလေတော့၏။



## အခန်း(၁၈)

### ဝထ္ထဆေးဖြန်ရသောဝစ္စည်း

တုတ်ထိပါးထွက်ခွာသွားပြီးနောက် လူရိပ်တစ်ခုသည် ချူကွန်ဆီသို့ ရောက်ရှိလာလေ၏။

အမှောင်ထုထဲ၌ သူ၏ရွေ့လျားပုံမှာ ညင်သာလျင်မြန်လှသည်။ ထိုလူ၏ပုံသဏ္ဌာန်မှာ အဘိုးအိုတစ် ယောက်ပုံသဏ္ဌာန်ရှိနေပါသည်။

ထိုသူသည် ချူကွန်နှင့် ကျင်းချုန်းစန်းတို့ ကိုယ်ပေါ်သို့ လက်နှစ်ဖက်ဖြင့် ထောက်လိုက်သည်။ အတန်ကြာထောက်ပြီးနောက် ရေတွင်းထဲမှ ထွက်ခွာသွားတော့သည်။

ထိုအဘိုးအိုကား ရှိုလုစီးပေတည်း။

ထို့နောက် အဘိုးအိုသည် ပြေးလွှားထွက်ခွာသွားတော့သည်။

ချူကွန်နှင့် ကျင်းချုန်းစန်းတို့သည်လည်း သတိရလာကြသည်။ သူတို့နှစ်ယောက်စလုံး အင်အားများ ကုန်ခမ်းသွားကြသည်။

ချူကွန်က ကြိုးစား၍ စကားပြောလိုက်သည်။

"ကျင်းချုန်းစန်း... မင်း သက်သာသွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းချန်းစန်းသည် သူ့အသက်ကို ချူကွန် ကယ်လိုက်ကြောင်း သိနေသည်။

"ချူကွန်… ငါ့အသက်ကို မင်း ကယ်လိုက်တာပါ၊ မင်းသာ ရောက်မလာရင် ငါပင်ပန်းသမျှ အရာမထင်ဘဲ ဖြစ်သွားမှာပဲ"

ချူကွန်က ပြုံးလိုက်၏။

"မင်း ဒါတွေ မပြောပါနဲ့ ငါတို့ဟာ အေးအတူ ပူအမျှနေထိုင်ကြရတဲ့ သူငယ်ချင်းအပေါင်းအသင်းတွေပါ"

သူက ဆက်၍ မေးလိုက်၏။

"မင်း တုထိပါး‌ရဲ့ မြေပုံအတိုင်း ဒီကိုရောက်လာထာလား"

ကျင်းချန်းစန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်… ငါ မြေပုံအတိုင်းလိုက်ခဲ့တာပဲ၊ လမ်းခရီးမှာ ထောင်ချောက်သုံးခုနဲ့ တွေ့ခဲ့ရတယ်၊ ဒီရောက်တော့ဘယ်လိုမှမခံနိုင်တော့ဘူး။ သေလုမျောပါးခံလိုက်ရတာပဲ"

ချူကွန်က….

"ငါလဲ ဒီလိုပါပဲ၊ တကယ်လို့ ကယ်မယ့်သူပေါ်မလာရင် တုထိပါးလက်ချက်နဲ့ သေသွားပါပြီ"

ကျင်းချန်းစန်းက ခေါင်းမော့လိုက်သည်။

"ချူကွန်… မင်း ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ၊ မင်း ဘဘဝမ်ကျောင်းရဲ့ ပစ္စည်း ရခဲ့ပြီလား"

ချူကွန်က ခေါင်းယမ်းလိုက်၏။

"မရခဲ့သေးပါဘူး"

သူသည် လမ်းမှား၍ ဤနေရာသို့ရောက်ခဲ့ခြင်းဖြစ်ကြောင်းကို ရှင်းပြလိုက်၏။



"ဒါနဲ့ မင်းက ဒီရေတွင်းပျက်ထဲ ဆင်းရအောင် မြေပုံထဲမှာ ညွှန်းထားလို့လား၊ ဘဘချူစိန်ရဲ့ပစ္စည်းက ဒီထဲမှာ ရှိလို့လား"

ကျင်းချန်းစန်းက ခေါင်းညိတ်၏။

"ဟုတ်တယ်… သစ်သားပြားပေါ်မှာတော့ ရေကိုတွေ့ရင် ပစ္စည်းရမယ်လို့ ရေးထားတယ်"

ချူကွန် စိတ်ဓာတ်တက်ကြွသွား၏။

"ဒီနေရာမှာရှိတယ်ဆိုတာ သေချာရင် ငါပါ လိုက်ရှာပေးမယ်"

ကျင်းချန်းစန်းသည် ချူကွန်အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိလေ၏။

"ချူကွန်… မင်းကိုကျေးဇူးတင်ပါတယ်၊ မင်းကျေးဇူးတွေကို ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူး"

ချူကွန်က ခေါင်းယမ်းလိုက်၏။

"ဒီလိုမပြောပါနဲ့ကွာ၊ ဘဘချူစိန်ဟာ ငါ့ကိုပညာသင်ပေးခဲ့ပါတယ်၊ ငါ မင်းကို ကူညီရမှာပေါ့"

သူတို့နှစ်ယောက်သည် ထရပ်လိုက်၏။

ချူကွန်က….

"ကဲ… ငါတို့အချိန်ရှိခိုက် ကြိုးစားလိုက်ကြစို့"

သူက ဆက်မေးလိုက်သည်။

"ဒါနဲ့… ဘဘချူစိန်ရဲ့ပစ္စည်းဆိုတာ ဘာလဲဟင်"

ကျင်းချန်းစန်းက….

"ဆရာ့ရဲ့ပစ္စည်းဟာ အလွန်တန်ဖိုးရှိတဲ့ ပုလဲပြာကြီးပါ။ ပုလဲပေါ်မှာ ချူစိန်လို့ နာမည်ရေးထိုးထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချူကွန်သည် နားထောင်ရင်း....

"နေစမ်း... ကျင်းချွန်းစန်း"

"ဘာလဲ... ဘာကြားလို့လဲ ချူကွန်"

"ရေသံကြားတယ်"

ကျင်းချွန်းစန်းသည်လည်း တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေလိုက်တော့သည်။

နှစ်ယောက်သား ငြိမ်သက်စွာ နား ထောင်လိုက်သောအခါမှ ရေကျသံကိုကြားရလေတော့သည်။

ကျင်းချွန်းစန်းသည် ထခုန်လိုက်၏။

"ဟုတ်တယ်... ရေသံကြားတယ်၊ ဆရာ့ရဲ့ပုလဲကို ပြန်ရတော့မယ်"

ချူကွန်သည်လည်း ကျင်းချွန်းစန်းအတွက် ဝမ်းသာနေသည်။ ထိုအချိန်တွင် ရေကျသံသည် ပိုမိုကျယ်လောင်လာ၏။

ကျင်းချွန်းစန်းက....

"ဟော... ရေကျသံ ပိုပြီး ကြားလာရပြီ၊ ခုနက ဘာသံမှမကြားရဘဲ အခုမှ ဘာဖြစ်လို့ ကြားရတာလဲ"

ချူကွန်က ရယ်မောလိုက်၏။

"ငါတို့ ခုနကတုန်းက တခြား အသံဗလံတွေနဲ့ ငါတို့ကိုယ်ငါတို့ ဂရုစိုက်နေလို့ အသံတွေ မကြားရတာပါ၊ အခုတော့ ငါတို့ဟာ ရေကျသံကို ဂရုစိုက်မိသွားပြီလေ၊ ဒီတော့ အသံကိုပိုကြားရတော့မှာပေါ့"

ကျင်းချွန်းစန်းက ခေါင်းညိတ်လိုက်၏။

ချူကွန်၏လက်ကိုဆွဲကာ ပြေးတော့သည်။



"ငါတို့အမြန်ဆုံးသွားမှ တော်ကာ ကျမယ်၊ တော်ကြာ တစ်မျိုးတစ်ဖုံး ဖြစ်သွားဦးမယ်"

ချူကွန်က ကျင်းချွန်းစန်း၏လက်ကိုဆွဲထားပြီး....

"သိပ်မလောပါနဲ့ သူ့ရဲ့ထောင်ချောက်ထဲကို ပြေးဝင်သလိုဖြစ်နေဦးမယ်"

ကျင်းချွန်းစန်းသည် ထိုအခါမှ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားလေတော့၏။

ထို့နောက် ရေတွင်းပျက်ထဲမှ ထွက်သည်။ ရေသံကြားရာသို့ တဖြည်းဖြည်း လျှောက်ကြသည်။

ရေနွေးအိုးတစ်လုံးကျက်ခန့် လျှောက်မိသောအခါ ရေသံကိုနီးကပ်စွာ ကြားလာရလေတော့၏။

ကျင်းချွန်းစန်းက....

"ရေစီးကျသံကို ကြားတာနဲ့ ရေကိုတွေ့ပါမလား"

ချူကွန်က ရုတ်တရက် အော်လိုက်၏။

"ကြည့်စမ်း... ဟိုမှာ ရေတွေ မဟုတ်လား"

သူတို့သည် တောင်ပူစာအကွယ်တစ်ခုမှ ထွက်လိုက်သောအခါ တဝေါဝေါစီးဆင်းနေသော ရေတံခွန်တစ်ခုကိုတွေ့ရလေ၏။

ကျင်းချွန်းစန်းသည် ထခုန်မတတ် ဝမ်းသာသွားသလေ၏။ ထို့နောက် ထိုရေတံခွန်ဆီသို့ ပြေးလေတော့သည်။

ချူကွန်က ပြုံး၍လိုက်သွားသည်။

"အဲဒီရေအောက်က ဖြတ်သွားရင် လိုဏ်ဂူရှိလိမ့်မယ်ကွ"

ချူကွန်၏တွေးဆချက် မှန်ကန်ကြောင်း တွေ့ရ၏။ ချူကွန်က ဆက်၍ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်မှလွဲရော၊ မင်းဆရာရဲ့ ပုလဲပြာကြီးဟာ အဲဒီထဲမှာ ရှိလိမ့်မယ်"

"လိုဏ်ဂူထဲကို ဘယ်လိုဝင်မလဲ"

"အခြေအနေကိုကြည့်ပြီး ဝင်ကြတာပေါ့"

သူတို့သည် ရေတံခွန်အနီးသို့လျှောက်သွားလေ၏။ ချူကွန်က ကျင်းချွန်းစန်းရှိရာသို့ လှမ်းကြည့်ပြီး....

"ရေတံခွန်အောက်က ဝင်ရမှာပဲ၊ ရေလုံးဖိတဲ့ဒဏ်ကတော့ တော်တော်ပြင်းမယ်၊ အဲဒီဒဏ်ကို မင်းခံနိုင်ပါ့မလား"

"ခံနိုင်ပါတယ်"

"ဒါဖြင့် ငါအရင် ဝင်မယ်"

ချူကွန်သည် ကိုယ်ဖော့ပညာကိုအသုံးပြု၍ ကျောက်တုံးများပေါ် ဟိုခုန်သည်ခုန်လုပ်ကာ ရေတံခွန်အောက်သို့တိုးဝင်သွားလေတော့သည်။

ဆင်းလာသော ရေတံခွန်အဟုန်သည် ပြင်းထန်လှ၏။ ချူကွန်သည် ကြိုးစားပြီး ရုန်းထွက်ရသည်။ မကြာမီ ကျောက်တုံးတစ်တုံးပေါ်သို့ ခြေချရပ်မိလေ၏။

ရေကျသံပြင်းထန်လှသဖြင့် ချူကွန်သည် ကျင်းချွန်းစန်းအား သတိမပေးနိုင်တော့ပေ။

ကျင်းချွန်းစန်းသည် ရေတံခွန်အောက်သို့ ခုန်ဝင်လာ၏။ ထိုအခါ သူသည် ရေတံခွန်၏ရေဖိအားကို မခံနိုင်တော့ပေ။ ရေထဲသို့ ပြုတ်ကျသွား၏။

အတွင်းမှ ရိပ်ခနဲမြင်လိုက်ရသော ချူကွန်သည် ရေတံခွန်အောက်သို့ထွက်၍ ကျင်းချွန်းစန်း၏ခါးစည်းကို ဆွဲရလေ၏။ ကံ



ကောင်းထောက်မသဖြင့် တစ်ချက်တည်းနဲ့ မိသည်။

ထို့နောက် ရေတံခွန်အောက်မှ ဂူထဲသို့ဆွဲခေါ်လာရတော့သည်။ တဝေါဝေါကျဆင်းနေသည့် ရေဖိအားသည် အလွန်ပြင်းထန်လှသဖြင့် ချူကွန်မှာ ကျင်းချွန်းစန်းကို အပြင်းအထန်ဆွဲလာရသည်။

မကြာမီ ဂူထဲသို့ နှစ်ယောက်စလုံး ရောက်ရှိလာတော့သည်။

ချူကွန်မှာ ရေဖိအားကို အပြင်းအထန် ဆန့်ကျင်ခဲ့ရသဖြင့် မောပန်းနေတော့သည်။ ထို့ကြောင့် လိုဏ်ဂူထဲ၌ ချူကွန်ရော ကျင်းချွန်းစန်းပါ အမောဖြေနေရတော့သည်။

အတန်ကြာမှ နှစ်ယောက်စလုံး အမောပြေသည်။ နှစ်ယောက်သား လိုဏ်ဂူထဲသို့ လှမ်းဝင်ကြသည်။

အတွင်းသို့ ဝင်လေလေ၊ မှောင်မည်းမည်း ဖြစ်လေလေပင်။ ချူကွန်ကတော့ အမှောင်ထဲ၌ မြင်သည်။ အမှောင်ထဲမြင်သဖြင့် ရှေ့ဆက်လျှောက်သည်။

ခြေလှမ်းပေါင်း တစ်ရာခန့်လျှောက်သောအခါ အလင်းရောင်တစ်ခုကို တွေ့လိုက်ကြရတော့သည်။

ကျင်းချွန်းစန်းက အော်လိုက်၏။

"ချူကွန်... ဟိုမှာကြည့်စမ်း၊ ဆရာ့ ပုလဲပြာကြီးကို တွေ့ပြီ"

ဝမ်းသာလွန်းသဖြင့် ကျင်းချွန်းစန်း၏အသံသည် တုန်ခါသွားလေ၏။

ချူကွန် လှမ်းကြည့်လိုက်ရာ ကျောက်တုံးတစ်တုံးပေါ်ဝယ် လေးထောင့်စက္ကူဘူးတစ်ဘူးကို တွေ့လိုက်ရ၏။

ဘူးထဲ၌ အလွန် ကြီးသော ပုလဲတစ်လုံးရှိနေသည်။ ပုလဲ

www.burmeseclassic.com

www.burmeseclassic.com



သည် အမှောင်ထဲ၌ အရောင်တဖျတ်ဖျတ် တောက်ပနေလေ၏။

ကျင်းချွန်းစန်းက ပုလဲရှိရာသို့ အပြေးအလွှားသွားသည်။ ပုလဲမှာ ကျင်းချွန်းစန်း၏လက်ထဲသို့ရောက်နေပြီ ဖြစ်တော့သည်။ ပုလဲပေါ်၌ ချီစိန်ဟူသော စာလုံးကိုရေးထားသည်။

ကျင်းချွန်းစန်းသည် ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် စီးကျလာလေ၏။

"ဟား... ဟား... ဟား။ ငါ့ဆရာရဲ့ ပုလဲရပြီ၊ ငါ့ဆရာရဲ့ ပုလဲ ကို ငါယူပေးနိုင်ပြီ၊ ငါ့တာဝန် ကျေပြီ"

ကျင်းချွန်းစန်းသည် အရူးသဖွယ်အော်နေ၏။ ချူကွန်က ပြုံး၍ ပြောလိုက်၏။

"မင်း ခုလို အောင်မြင်တာ ငါဂုဏ်ယူပါတယ်၊ မင်းဆရာ ဝမ်းသာရအောင် အမြန်ဆုံးပြန်ကြရအောင်၊ ငါယူမယ့်ပစ္စည်းက တော့ အချိန်မရှိတော့ပါဘူး"

ကျင်းချွန်းစန်းက ပြုံးသည်။ မျက်ရည်များကိုသုတ်ပြီး ပြောသည်။

"ဟုတ်တယ်... ဆရာ ဘယ်လောက်ဝမ်းသာမလဲဆိုတာ မြင်ယောင်မိပါသေးတယ်"

သူသည် စကားပြောရင်းမှ မျက်နှာတည်သွားသည်။ မကြာမီ....

"အား"

သူသည် အော်ဟစ်ရင်း လဲကျသွားလေတော့၏။ ချူကွန် ရင်ထိတ်သွားသည်။ ကျင်းချွန်းစန်းသည် ဘာမှန်းမသိဘဲ အော်ဟစ် လဲကျသွားသည် မဟုတ်ပါလား။



သူသည် ကျင်းချွန်းစန်းအား ပွေ့ထူလိုက်သည်။ ကျင်းချွန်းစန်း၏ခန္ဓာကိုယ်တစ်ခုလုံးမှာ တုန်တုန်ရင်ရင် ဖြစ်နေသည်။

ချူကွန်က....

"မင်း ဘာဖြစ်သွားတာလဲ"

ကျင်းချွန်းစန်းမှာ စကားပြောရန် အားယူနေရသည်။ အတန်ကြာမှ တစ်ခုချင်း ပြောသည်။

"ပုလဲ... ပုလဲမှာ အဆိပ်... အဆိပ် ရှိတယ်"

ထိုစကားကိုပြောပြီးသည်နှင့် သတိမေ့သွားလေတော့၏။ ချူကွန်သည် အံ့သြသွားရုံမျှမက ထိတ်လည်း ထိတ်လန့်သွားသည်။

"တောက်...."

သူသည် ကျင်းချွန်းစန်း၏အဓိကသွေးကြောနေရာများကို ပိတ်ဆို့လိုက်သည်။ အဆိပ်မပျံ့စေရန် ဖြစ်သည်။

ထို့နောက် သူ၏အင်္ကျီလက်ကို ဆွဲဖြဲပစ်လိုက်ပြီး ကျင်းချွန်းစန်းလက်ထဲမှ ပုလဲကို အင်္ကျီလက်စဖြင့် ယူလိုက်သည်။

ထို့နောက် ဘူးထဲသို့ထည့်လိုက်ပြီး အသေအချာပိတ်ကာ အင်္ကျီအိတ်အတွင်း ထည့်လိုက်လေတော့၏။

ထိုအချိန်တွင် ကျင်းချွန်းစန်း၏အခြေအနေမှာ ပိုမိုဆိုးရွားလာပြီ ဖြစ်သည်။

"ဒီအတိုင်း မဖြစ်ဘူး။ သူ့ကိုအချိန်မီ ကုသနိုင်အောင် တည်းခိုဆောင်ကို အမြန်ဆုံးရောက်မှဖြစ်မယ်"

သူသည် ကျင်းချွန်းစန်းကို ပခုံးပေါ်တင်ကာ လိုဏ်ဂူထဲမှ ပြေးထွက်ခဲ့လေတော့၏။

ပခုံးပေါ်၌ထမ်းထားသော ကျင်းချွန်းစန်း၏ခန္ဓာကိုယ်မှာ

www.burmeseclassic.com



တစ်ခါတစ်ရံ ခြစ်ခြစ်တောက်ပူပြီး၊ တစ်ခါတစ်ရံ ရေခဲကဲ့သို့အေးစိမ့်လာသည်ကို ထိတွေ့နေရသည်။

ချူကွန်သည် ကျင်းချန်းစန်းအတွက် ပို၍ စိုးရိမ်လာသည်။ ထို့ကြောင့် ခြေကုန်သုတ်ပြေးလာရာ မကြာမီ သူ့ဆရာများ တည်းခိုနေသောအဆောင်များဆီသို့ ဆိုက်ရောက်လာလေတော့၏။

တည်းခိုဆောင်များကိုမြင်သောအခါမှ ချူကွန်သည် ဟင်း... ချနိုင်တော့သည်။

ထိုအခါ ကျင်းချန်းစန်း၏ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း အေးစက်တောင့်တင်းနေလေပြီ။

စာစဉ်(၅)ပြီး၏။

စာစဉ်(၆) ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ် နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com